www.burmeseclassic.com

ဝိန်သရဖူစာပေ



BURMESE CLASSIC .com

မောင်လှမျိုး (ချင်းချောင်းခြံ)

# မာယာလေးဆယ့်တစ်

နှင့်

# ရင်တွင်းဖွဲ့ ဝေဒနာများ

ဝတ္ထုတိုပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းခြံ)

## မာယာလေးဆယ့်တစ်နှင့်ရင်တွင်းဖွဲ့ ဝေဒနာများ


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ ၅၀၀၃၄၃၀၆၀၃ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ ၅၀၀၅၀၃၀၆၀၅ |
| ပုံနှိပ်ခြင်း | ◆ ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ◆ ၂၀၀၆–ခုနှစ် |
| မျက်နှာဖုံးပန်းချီ | ◆ သက်ထားအိ |
| စာအုပ်ရေ | ◆ ၅၀၀ – အုပ် |
| တန်ဖိုး | ◆ ၅၀ – ကျပ် |

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊

စိန်သရဖူစာပေ

အမှတ် (၆၆)၊ ၆–လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာပုံနှိပ်တိုက်

အမှတ်–၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ

ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်း
ထုတ်ဝေသည်



စိန်သရဖူ
စာပေ
အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၀၇၅၂

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

# မာယာလေးအယ်တာစ့်

နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com



- မာယာလေးဆယ့်တစ်
- အနီးကပ်....ဓါး
- မြို့ပြမြိုင်ထ
- ရှေ့နေ
- စီရင်ချက်
- နောင်တ...မလွန်
- လူသိရှင်ကြား အလွမ်းစာ
- စက်ဝိုင်း၏အ စွန်း
- ခွေးကိုခွင့်လွှတ်ခြင်း
- မျက်တောင်ခတ်သော ပါးစပ်များ
- တိုက်စစ်
- တိုင်ချက်



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

# မှာယာလေးဆယ့်တစ်

မိန္ဒသရုပ္ပ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။

"အဖြေပေးပါတော့ ကွယ်"

ဟု ဝှံစားစွာကြည့်ရင်း သက်မှူးပြောသည်။

မာလာချိုက မည်သည့်စကားတစ်ခွန်းမျှ ပြန်မပြောဘဲ၊ သူ့နှုတ်ခမ်းလှလှလေး လှုပ်ရှုံမျှသာ၊ ပြုံးယောင်ပြု၏။ ထိုအပြုံး ပြေပြေလေးကပင်လျှင် မြင်သူငေးစရာ အလှတစ်ပါး။

"ချိုရယ်။ ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာ များလားဟင်"

မာလာချိုက...

"ဘာတွေပြောနေတာလဲ။ ကိုသက် .... ချိုယ့်ကို ကိုယ် နွားဖြစ်အောင် ပြောနေတာလား။ ကြိုးရှည်ရှည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လုန်ထားတယ်.... ဆိုတာ။ နွားကိုပြောတာ၊ ကိုသက်ရဲ့''

''အဲဒါကို၊ ကိုယ်သိပါတယ် ချိုရယ်။ ဒါပေမဲ့ ခိုင်းနိုင်းစရာ စကားမရှိတော့လို့ပါ။ စောင့်မျှော်ရတာ မောလှပြီ ချိုရယ်။ အဲဒါကြောင့်ပါ''

မာလာချိုက မျက်နှာပေါ်သို့ ဝေ့ကျလာသော ဆံပင်တွေကို၊ လက်ဖြင့် ဆတ်ကနဲ ပင့်တင်လိုက်ပြီး....

''ချစ်တယ်....ဆိုတဲ့ စကားလေးတစ်ခွန်းဟာ၊ ပါးစပ်က လှစ်ကနဲထွက်ရတာဆိုပေမဲ့၊ အသည်းနှလုံးထဲက၊ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာတာမှ၊ ခိုင်မြဲတာ ကိုသက်ရဲ့။ ပြီးတော့ .... ချိုက၊ မိန်းကလေး။ ပါးစပ်က ဖြေရမယ့်၊ ချစ်တယ်ဆိုတဲ့ စကားဟာ၊ ဘဝတစ်ခုလုံးအတွက်၊ အရေးအကြီးဆုံး၊ ပန်းတစ်ပွင့်ပဲ။ အဖြေမမှားချင်ဘူး။ အဖြေမစောချင်ဘူး.... ကိုသက်''

''လှည့်စားတာ မဟုတ်ရင် ပြီးတာပါပဲ ချိုရယ်''

ဟု သက်မှူးက မရဲတရဲ ပြောသည်။

''ဘာကို လှည့်စားစရာလိုလို့လဲ၊ ကိုသက်ရဲ့။ မိန်းခလေးတစ်ယောက်ဟာ၊ ဘယ်ယောက်ျားကိုမှ၊ မလှည့်စားဘူး။ မလိုလားတဲ့သူကို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ ဟန့်တားကာကွယ်မယ်။ လိုလားတဲ့ သူကို





တော့... စဉ်းစား ရွေးချယ်မယ်။ ဒါပဲလေ။ မဟုတ်ဘူးလား''

သက်မှူးက ခေါင်းကိုသာ လေးပင်စွာ ညိတ်လိုက်၏။ ''စကားတတ်လိုက်တာ ချိုရယ်'' ဟု မြည်တွန်ဖွင့်ပြောလိုက်ချင်သည်။ သို့သော်... လိုချင်ရာ အဖြေစကား၊ မကြားရခင်၊ ငြိုငြင်မှာကို သူ.... စိုး၏။

❀

''မနေ့က ဘယ်သွားနေတာလဲ။ ကိုထွေး ဖုန်းဆက်တာ။ မာလာမရှိဘူး''

ဟု ထွေးကျော်ပြောသည်။ မာလာချိုက...

''ဒီလိုပါပဲ။ ဟိုသွား ဒီသွားပေါ့။ သူငယ်ချင်းတွေနဲ့''

''ချစ်သူများ၊ ရှိနေပြီလားဟင်။ မာလာ''

''ဘယ်ကလာ ရှိရမှာလဲ။ မာလာ့မှာ ချစ်သူရှိနေမှတော့၊ ကိုထွေးနဲ့၊ အခုလို စကားလက်ခံပြောနေပါ့မလား။ ရှိရင်ရှိတယ်.... လို့၊ ပြောမှာပေါ့။ အသိပေးမှာပေါ့''

ထွေးကျော်က....

''စိတ်ပူလို့ပါ မာလာရယ်။ ချစ်သူလည်း မရှိဘူး။ ကိုထွေးကိုလည်း ပြန်မချစ်သေးဘူးဆိုတော့၊



www.burmeseclassic.com

www.burmeseclassic.com



နေရထိုင်ရတာ၊ ကိုထွေးမှာ သိမ်ငယ်လွန်းတယ်။ မာလာ.... ပြန်ချစ်နိုင်လောက်တဲ့ အရည်အချင်းမျိုး၊ မရှိတဲ့လူပဲ.... လို့ တွေးပြီး စိတ်ဓာတ်ကျတယ်။ မာလာ ပြန်ချစ်နိုင်ဖို့ ကိုထွေးမှာ၊ ဘာတွေလိုအပ်နေလို့လဲ ဟင်''

မာလာချိုက သွားလှလှလေးများကို၊ မပေါ်တပေါ် တစ်ချက်ပြုံးပြီး....

''လိုအပ်ချက်ကြောင့် မဟုတ်ပါဘူး ကိုထွေးရယ်။ အသည်းနှလုံးက ဦးနှောက်ကို သံချောင်း မခေါက်သေးလို့ပါ''

''ဒါဆို၊ ဦးနှောက်နဲ့နှလုံးသား၊ စစ်ခင်းနေတာပေါ့၊ ဟုတ်လား''

ဟု၊ ထွေးကျော်မေးသည်။ မာလာချိုက....

''စစ်ခင်းနေတာ မဟုတ်ပါဘူး။ ညှိနှိုင်းနေတာပါ''

''မာလာ့ကို၊ ကိုထွေး စွန့်လွှတ်နိုင်မှာ မဟုတ်ဘူးနော်''

ရှက်စနိုး မျက်နှာထားဖြင့်၊ ခေါင်းအငုံ့တွင်၊ မျက်တောင်ကော့တို့က၊ မျက်လွှာချခြင်းကို၊ တစ်ပြိုင်တည်း ပြုလုပ်ပြီး၊ မျက်ဝန်းကို၊ အကာအကွယ်ပြုနေကြ၏။ ထို့အပြင်၊ စစ်အင်အား လျော့ပါးနေသူတို့၏ စစ်တလင်းကို၊ အပေါ်စီးမှ တစိမ့်စိမ့် ငေးကြည့်ကာ၊





ပါးလှပ်စွာ ပြုံးသော၊ စစ်ဘုရင်မ တစ်ပါးကဲ့သို့ မာလာချိုက၊ ပါးပါးလေး ပြုံးနေပြန်သေးသည်။

''နော်.... လို့။ မာလာ့ကို ကိုထွေး မစွန့်လွှတ်နိုင်ဘူး။ နော်....''

''အင်းပါ.... ကိုထွေးရယ်''

''သတိရတိုင်း၊ ဖုန်းဆက်ပါရစေ မာလာရယ်''

ဟု၊ ထွေးကျော် တောင်းဆိုသည်။ မာလာချိုက၊ ဦးခေါင်းလေး လှုပ်ရုံမျှ ညိတ်၏။

ထွေးကျော်က၊ မာလာချို၏ အလှမျက်နှာလေးကို၊ မြတ်နိုးစွာ ငေးကြည့်နေသည်။ ပါးပြင်လေးအား ဖျစ်ညှစ်လျက်လည်းကောင်း၊ မေးစေ့လေးအား ပင့်တင်လျက်လည်းကောင်း၊ လက်သွယ်ချောင်းလေးများအား ဆုတ်ကိုင်လျက်လည်းကောင်း၊ နှလုံးသား ခွန်းဆင့်စကားတွေကို၊ နိုးကပ်ပူးကပ်စွာ၊ ထွေးပိုက် ပြောပြနေချင်သည်။

သို့သော်...၊ ချစ်ခွင့်မပိုင်မီကာလ၊ မျိုသိပ်ခံစားထားရသမျှတို့သည် စစ်ဘုရင်ရှေ့မှောက်တွင်၊ ပြားပြားဝပ်နေကြရရှာသော၊ နောက်လိုက်ငယ်သား၊ သံ့ပန်းများပမာ၊ ဦးချိုင်ကိုက်ချ ဝပ်တွားနေကြရလေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



၂။

"နှင်း။ ဘာကို ဘယ်လိုရွေးနေတာလဲ မာလာချို။ နှင် ပြောပြသလိုဆိုရင်၊ သက်မှုးရော၊ ထွေးကျော်ရော၊ ငြင်းစရာ မရှိတဲ့သူတွေပဲ။ လက်ခံနိုင်မယ့် တစ်ယောက်ယောက်ကို၊ အမြန်ဆုံး ရွေးလိုက်ပါတော့လား...."

ဟု သီရိက အားမလို အားမရ ပြောပြသည်။

မာလာချိုက....

"သိပ် မလောရဘူး သီရိရဲ့၊ ဒီကိစ္စမျိုးက။ အေးအေးဆေးဆေးပေါ့"

"မျက်နှာများသလို ဖြစ်နေလိမ့်မယ် မာလာချို။ နှင်... ရွေးရခက်နေလို့လား"





"ရွေးရခက်တယ်လို့တော့ မဟုတ်ပါဘူး။ အရွေးမမှားချင်ဘူး။ အဲဒါကြောင့်၊ နှိုင်းယှဉ်စဉ်းစားနေတဲ့ သဘောပါ"

"ဘာကို နှိုင်းယှဉ်တာလဲ။ ငွေညစ္စာလား၊ ချစ်ခြင်းမေတ္တာလား။ ပညာအရည်အချင်းလား။ ကိုယ့်ကျင့်တရားလား"

"အစုံပဲပေါ့။ အဓိက ကတော့၊ ငါ့အပေါ် ဘယ်သူ တန်ဘိုးပိုထားမလဲ။ အဲဒါကို ငါသိချင်တယ်"

"ပိုချစ်တဲ့သူက၊ ပိုပြီး တန်ဘိုးထားမှာပေါ့"

ဟု သီရိ ပြောတ၏။

"အဲဒီလိုပဲ ယူဆရမှာပေါ့ဟာ"

ဟု မာလာချိုက တွေးပြော ပြောသည်။

သီရိက....

"သူတို့နှစ်ယောက်ကို၊ နှင်က..., နှိုင်းယှဉ်ရွေးချယ်နေတယ်ဆိုတာ၊ သူတို့ သိသွားရင် မကောင်းဘူးနော်"

"မသိလောက်ပါဘူး၊ နှစ်ယောက်စလုံး၊ သူ့အလုပ်နဲ့သူ မအားကြဘူး"

"မသိအောင် နှင်ဘယ်လို လုပ်သလဲ"

"ဒီလိုပဲပေါ့။ မာယာပေါ့။ မာယာသုံးရတာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"မာယာလေးဆယ်ရှိတယ်တဲ့။ နင်က... ဘယ်မာယာကို၊ အသုံးပြုနေတာလဲ"

"လိုအပ်ရင်၊ မာယာလေးဆယ် အကုန်လုံးသုံးမယ်ဟာ"

ပြောပြီး၊ မာလာချိုက ကိုယ့်စကား...ကိုယ်၊ သဘောကျလျက် ရယ်မောလေ၏။ သီရိက....

"ထားပါတော့၊ နင့်အပေါ်၊ ဘယ်သူတန်ဘိုး ပိုထားမလဲဆိုတာ၊ နင် ဘယ်လိုစမ်းသပ်မလဲ"

"လွယ်လွယ်လေး"

"ဘယ်လို လွယ်တာလဲ။ ပြောပြပါဦး"

"ငါ ရုပ်ရှင် ကြည့်ချင်တယ်... လို့၊ နှစ်ယောက်စလုံးကို ပြောထားတယ်"

သီရိက...

မျက်လုံးဝိုင်းလျက်...

"နှစ်ယောက်စလုံးကို၊ ဟုတ်လား"

မာလာချိုက၊ ရယ်မောလျက်

"နှစ်ယောက်စလုံးကို၊ တစ်ပြိုင်တည်းတော့၊ ဘယ်ချိန်းမလဲဟာ။ တစ်ရက်စီပေါ့။ သက်မှူးကို၊ မနက်ဖြန်။ ထွေးကျော်ကို သန်ဘက်ခါ"

"သွားရင်းလာရင်း၊ တိုက်တိုက်ဆိုင်ဆိုင်၊ တိုး





နေရင်၊ နင်... ဘယ်လိုလုပ်မလဲ"

"မတိုးနိုင်ပါဘူး။ သက်မှူးက ကွန်ပျူတာစင်တာ တစ်ခုထောင်ထားတယ်။ ထွေးကျော်က ဂလာဇာမှာ ဆိုင်ခန်းတစ်ခု ဖွင့်ထားတယ်။ တစ်နေကုန်၊ မအားကြတဲ့ သူတွေ။ ငါ့အတွက်သာ၊ မအားလပ်တဲ့အချိန်တွေကို၊ လုလုပြီး လာကြတာ"

"နင့်ကိုယ်စား၊ ငါ... ရင်ထိတ်လိုက်တာ မာလာချိုရယ်"

"ဘာ ရင်ထိတ်စရာလိုလဲ။ အကြောင်းတစ်ခုခု ကြောင့် တိုက်တိုက်ဆိုင်ဆိုင် တိုးခဲ့ရင်လည်း၊ ဒါလွတ်လပ်တဲ့ မိန်းခလေးတစ်ယောက်ရဲ့၊ လွတ်လွတ်လပ်လပ်၊ ရွေးချယ်ပိုင်ခွင့်... လို့၊ ပွင့်ပွင့်လင်းလင်း ပြောလိုက်ရုံပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်..."

ဟု သီရိက သက်ပြင်းချသံဖြင့် ပြော၏။

မာလာချိုက ရင်မောနေသူကို ကြည့်ရင်း၊ ရင်ဖိလျက် ရယ်မောနေလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



၃။

"ဘာဖြစ်လို့ နှစ်ယောက်တွဲလက်မှတ်ကို ဝယ်ရတာလဲ"

ဟု သက်မှူးကို မာလာချိုမေးသည်။

"နှစ်ယောက်အလယ်မှာ လက်တန်းခြားနေရင်၊ ဝေးနေတယ်...လို့ ခံစားရလို့ပါ"

ဟု သက်မှူး ရှင်းပြသည်။ မာလာချိုက မဲ့မဲ့လေးပြုံးသည်။ ရုပ်ရှင်ရုံ၏ နောက်ဆုံးတန်းသည့် ဘေးအကာအရံများဖြင့် တည်ဖွဲ့ထားသော၊ နှစ်ယောက်တွဲ ထိုင်ခုံများဖြစ်၏။ ထိုနှစ်ဆောင်တွဲ ထိုင်ခုံများသည်၊ များသောအားဖြင့်၊ ချစ်သူစုံတွဲများသာ၊ ဝယ်ယူကြည့်ရှုသော၊ နေရာများဖြစ်၏။ မာလာချိုသည်၊ သက်မှူး၏ အစီအစဉ်ကို၊ ရင်မခုန်။ နေရာကို ဘဝင်မကျ။

❀





မာလာချို၏ လက်ခုံပေါ်သို့၊ သက်မှူးက လက်ဖဝါးတင်သည်။ ပြီးနောက်... လက်ချောင်းများကို မထိတထိပြုမူသည်။ ပြီးနောက် ပခုံးချင်းထိ၏။ ပြီးနောက် ပါးချင်းကပ်ဖို့ ကြိုးပမ်း၏။ ပြီးနောက်...

ရုပ်ရှင်ပြသနေချိန်သည်၊ ရုံအတွင်း၌ အမှောင်။ အကာအရံဖြင့် စီမံထားသည့် နှစ်ယောက်တွဲ ထိုင်ခုံတို့သည်လည်း... အမှောင်ထဲက အမှောင်။ ထို့အပြင် သက်မှူး၏ စိတ်, အာရုံ, အမူအကျင့်တို့သည်လည်း၊ အမှောင်တကာ့... အမှောင်။

အမှောင်မှန်တိုင်းထဲ၌၊ အရောင်စုံ အကိုင်းအခက်တို့ မထိပွန်းရလေအောင် စွမ်းဆောင်ရသည့်၊ အတတ်ပညာမှာလည်း... မာယာလိုပေသည်။ ထို့ကြောင့် မာလာချိုက, ဒေါသ, မာန်ကို သိုသိပ်သိမ်းဆည်းလျက်၊ လေပြေစကားဖြင့် ညင်သာစွာ ဟန့်တားလိုက်လေသည်။

"ကိုသက်၊ ချို အထင်သေးအောင် မလုပ်နဲ့နော်"

မာလာချို၏၊ ထိုစကားတစ်ခွန်းသည်၊ မြားတစ်စင်းဖြင့် ခွင်းလိုက်သကဲ့သို့ သိသိသာသာ သက်ရောက်သွားလေ၏။ သက်မှူး၏ အမှောင်မုန်တိုင်း၊ လက်ချောင်းရိုင်းများ၊ တို့ဆိုင်း ငြိမ်သက်သွားစေသည်။

❀

ရုပ်ရှင်ရုံမှအထွက်တွင်၊ အအေးဆိုင် ထိုင်ကြ၏။ ထိုအအေးဆိုင် ထိုင်လျက်မှာပင်၊ မာလာချိုက၊ သက်မှူးကို ချစ်ခြင်းအဖြေ



www.burmeseclassic.com

www.burmeseclassic.com



စကား ပြောကြားလိုက်လေသည်။

"ကျွန်မ... , ကိုသက်မှူးကို လုံးဝမချစ်နိုင်ဘူး။ အဲဒါ... ကျွန်မ, အဖြေပဲ။ အကြောင်းပြချက်ကို တကူးတက၊ မေးမနေနဲ့။ အခု... တစ်ခါတည်း ပြောလိုက်မယ်။ ရုပ်ရှင်ကြည့်ဖို့ တမင်တကာချိန်းတာ။ ကိုသက်မှူးက ဘယ်လိုယောကျ်ားလဲ... ဆိုတာ သိချင်လို့လေ၊ အခု... ကျွန်မ သိလိုက်ပြီ။ ဒါပါပဲ၊ ယောကျ်ားတွေက။ ချစ်တယ် ကြိုက်တယ်တောင် မပြောရသေးဘူး။ အခွင့်အရေးရတာနဲ့ ထိဖို့ တို့ဖို့ စဉ်းစားနေပြီ။ ချစ်တယ်ဆိုရင်၊ တန်ဘိုးထားရတယ် ကိုသက်မှူးရဲ့"

သက်မှူးက၊ မျက်နှာငံ့လျက်...

"ကိုယ် တောင်းပန်ပါတယ်... ချို။ ကိုယ်... မှားသွားပါတယ်။ တစ်ကြိမ်တစ်ခါ အဖြစ်သဘောထားပြီး၊ ကိုယ့်ကို ခွင့်လွှတ်ပေးပါလား"

မာလာချို ခေါင်းခါသည်။ ပြီးမှ...

"လူတိုင်း လူတိုင်းရဲ့၊ ဘဝ ဝန်းကျင်မှာ၊ မှားချင်စရာတွေ၊ မှားဖို့ အခွင့်အရေးတွေ၊ အများကြီးပဲ၊ အဲဒီအများကြီးတွေကို၊ ကျော်လွှားနိုင်မှ၊ ယောကျ်ားကောင်း။ ကျွန်[illegible]းကောင်းကိုပဲ ချစ်ချင်တယ်။ အမှား[illegible]သိုတာ၊ ပြင်လို့ရတဲ့အမှားမျိုးရှိသလို၊ လုံးဝ... ပြင်ခွင့်





မရတော့တဲ့ အမှားမျိုးလည်း ရှိတယ်။ ကိုသက်မှူးရဲ့ အမှားက၊ ကျွန်မ့အတွက်၊ ပြင်ခွင့်မရှိတော့ဘူး။ အဲဒါကြောင့်၊ ကျွန်မ,မှာ၊ ခွင့်လွှတ်ဖို့ အစီအစဉ် မရှိဘူး။ နောက်နောင်၊ တခြား မိန်းခလေး တစ်ယောက်ယောက်နဲ့ တွေ့အုံး ၊ ကြုံအုံး မယ်ဆိုရင်၊ အခုလို မမှားစေနဲ့ပေါ့"

သက်မှူးက၊ မျက်နှာငံ့ထားရာမှ၊ အသနားခံစွာ မော့ကြည့်သည်။ မာလာချိုက...,

"ကျွန်မ, တို့၊ ပြန်ကြရအောင်။ ပြီးတော့
တစ်ခါတည်း၊ နှုတ်ဆက်လိုက်ကြရအောင်"
ငြင်းဆန်ရခက်သော၊ နှုတ်ဆက်စကား။
ဖြေရှင်းခွင့် မရတော့သော၊ အသည်းနှလုံး၏ စီရင်ချက်။

❀

နောက်တစ်နေ့။

ရုပ်ရှင်ရုံအတွင်းသို့ မဝင်သေးမီ၊ ထွေးကျော်၏ လက်ထဲရှိ ရုပ်ရှင်လက်မှတ် နှစ်စောင်ကို ကြည့်ကာ၊ မာလာချို သဘောကျ နှစ်ခြိုက်သွားလေ၏။

ထိုလက်မှတ်နှစ်စောင်မှာ နောက်ဆုံးတန်း (နှစ်စောင်တွဲ (သို့မဟုတ်) နှစ်ခုံတွဲ) လက်မှတ်မျိုးမဟုတ်။ တစ်ခုံနှင့်တစ်ခုံအကြား လက်တန်းခြားနားသော လက်မှတ်မျိုး။

ရုပ်ရှင်ရုံအတွင်းသို့ ရောက်သောအခါ မာလာချိုက...,



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတန်းမှာ ဘာလို့မဝယ်တာလဲ"

ပြုံးလျက်မေးသည်။ ထွေးကျော်က...,

"အဲဒါ... ၊ သမီးရည်းစားတွေ၊ အထိုင်များတယ် မာလာရဲ့။ ကိုထွေးလည်း၊ မာလာနဲ့ အဲဒီမှာ ထိုင်ချင်တာပေါ့။ ဒါပေမဲ့... မာလာနဲ့ကိုထွေးက၊ ချစ်သူရည်းစားမှ မဟုတ်တာ။ မာလာရဲ့ ဣန္ဒြေသိက္ခာကို ငဲ့ပြီး၊ အခုလို၊ တစ်ခုံစီမှာ ထိုင်ဖို့ပဲ၊ ကိုထွေးဆုံးဖြတ်လိုက်တာ"

"ကောင်းပါတယ်"

ဟု၊ မာလာချိုက အလိုမကျစွာသော လေသံဖြင့်ပြော၏။

✿

ထွေးကျော်၏လက်ကို မာလာချို ထိကြည့်သည်။ ထွေးကျော်က မသိမသာ ဖယ်လွှဲသည်။ ထွေးကျော်၏ ပခုံးကို၊ မာလာချိုက မှီသယောင် ပြုသည်။ ထွေးကျော်က, မသိမသာ၊ ကိုယ်ကို ယို့လျက်၊ နေရာရွှေ့သည်။ ပြသနေသည့် ရုပ်ရှင်ဇာတ်ကားကိုသာ၊ စိတ်ဝင်တစားကြည့်၏။ ရုပ်ရှင်ဇာတ်ကားအပေါ် ဝေဖန်သည့်စကားများသာ၊ ပြောဆိုနေလေသည်။

ရုပ်ရှင် ကြည့်ပြီးသောအခါ အအေးဆိုင် ထိုင်ကြသည်။

ထိုအအေးဆိုင်မှာပင်လျှင်၊ မာလာချိုက၊ ထွေးကျော်ကို ဝံ့စားစွာကြည့်ပြီး၊ ချစ်ခြင်းအဖြေ၊ ပေးလိုက်သည်။





"ကိုထွေး"

"ပြောပါ မာလာ"

"ကိုထွေးကို၊ မာလာ အဖြေပေးမယ်။ မာလာ ကိုထွေးကို ချစ်တယ်။ သိလား"

ထွေးကျော်က ထိုင်နေရာမှ ရုတ်တရက် ထ,ရပ်လိုက်သည်။ ပြီးမှ ပြန်ထိုင်၏။

"မာလာ။ မာလာ။ မာလာ တကယ်ပြောတာလားဟင်"

မျက်လုံးလေး မှေးစင်းလျက်၊ မာလာချို ခေါင်းညိတ်သည်။

"ဝမ်းသာလိုက်တာ မာလာရယ်၊ ကျေးဇူးတင်လိုက်တာ။ ကျေးဇူးပဲ။ ပျော်လိုက်တာ"

ပြောပြီး ထ,ရပ်ပြန်၏။ ပြီးမှ..., ပြန်ထိုင်လေသည်။

"ဘာဖြစ်နေတာလဲ။ ထိုင်လိုက်ထ, လိုက်နဲ့"

"ဟုတ်တယ်။ ထိုင်ရမလို ထ,ရမလို ဖြစ်နေတယ်။ ထ, ခုန်မတတ်ကို ဝမ်းသာနေတာ မာလာရဲ့"

"အဲဒီလောက်တောင်ပဲလား ကိုထွေးရယ်"

"ဟုတ်တာပေါ့။ မာလာ့ကို ကိုထွေးက၊ အရမ်းချစ်တာ။ ကိုထွေးကို မာလာလည်း အရမ်းချစ်ပါစေ"

ဟု ထွေးကျော် ပြော၏။ မာလာချိုက, ထွေးကျော်ကို မြတ်



www.burmeseclassic.com

www.burmeseclassic.com



နီးစွာ ငေးကြည့်ရင်း၊ ချစ်စဖွယ် အပြုံးဖြင့်၊ ခေါင်းညိတ်ပြလိုက်သည်။

✿ ✿ ✿





၄။

"ဘာကြောင့်၊ သူ့ကို ချစ်သူအဖြစ် ရွေးရတယ် ဆိုတာ အသိ မပေးတော့ဘူးပေါ့။ ဟုတ်လား"

ဟု သီရိ မေးသည်။ မာလာချိုက...,

"ဘယ် အသိပေးတော့မလဲ။ ချစ်ချင်လို့ ချစ်တာပဲလို့။ သူထင်ရင်၊ ပိုကောင်းတာပေါ့။ ဘယ်နှယ့်လဲ... သီရိ။ ငါ့ရဲ့ နှိုင်းယှဉ်ရွေးချယ်မှု၊ ကောင်းရဲ့လား"

"ကောင်းတယ်၊ တော်တယ်"

"ကိုယ့်အပေါ် တန်ဘိုးထားတဲ့သူဆိုး ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



"ပဲဖြစ်ဖြစ်၊ ချစ်ဖို့ ဝန်မလေးပါဘူး"

ဟု မာလာချိုက... လည်တိုင်လေးကြော့ကာ မော့လျက်၊ ဂုဏ်ယူစွာ ပြောပြနေလေသည်။

✿ ✿ ✿





၉။

"ဟော့ကောင်၊ သက်မှူး၊ မင်း ကျေနပ်တယ်နော်။ ကြည်ဖြူပါတယ်နော်"

"ကျေလည်း ကျေနပ်တယ်။ ကြည်လည်း ကြည်ဖြူတယ်။ ဝမ်းလည်း သာတယ်ကွာ။ ငါမရတဲ့ မာလာချိုကို တခြားသူရသွားတာမှ မဟုတ်တာ၊ ငါ့သူငယ်ချင်း မင်း ရတာပဲ။ ငါတကယ်ပျော်တယ် ထွေးကျော်"

"မသိပါဘူးကွာ။ ငါက..., မင်းများ နမျော



www.burmeseclassic.com

www.burmeseclassic.com



နေသလားလို့ပါ"

"မနေ့မျောပါဘူးကွာ။ ငါညွှံသွားလို့၊ ငါ... ခံလိုက်ရတာပဲ"

"ဘာပဲ ပြောပြော။ ငါ... မင်းကို ကျေးဇူးတင်တယ် သက်မှူး။ မင်း အရေးယူခံလိုက်ရတဲ့ကိစ္စ၊ မင်း... ငါ့ကို ပြောပြမထားရင်၊ ငါလည်း... မာလာချိုကို၊ ထိမိ, တို့မိ မှာပဲ။ အခုတော့... မင်းဆီက သတင်းကြိုရတော့၊ ငါ... လူရိုးလေး လုပ်ပြလိုက်နိုင်တာပေါ့ကွာ။ ငါ..., လုံးဝ၊ မင်းကိုကျေးဇူးတင်တယ် ဟေ့ကောင်"

"အေး...။ ကျေးဇူးတင်ရင်၊ ပါးစပ်နဲ့ တတွတ်တွတ် တင်မနေနဲ့။ လက်နဲ့လာတင်"

"ကဲ... ဘယ်လိုတင်ပေးရမလဲ။ ပြော"

"ပြောဖို့လိုသေးလား။ ဘော်ဒါတွေ စုံစုံညီညီနဲ့ ဝမ်းတေဘယ်(လ်)ပေါ့ကွ။ မဟုတ်ဘူးလား"

"အေး...။ ဟုတ်ပြီ။ ဟုတ်ပြီ၊ ဒါပေမဲ့ ..., အဲဒါ... လျှို့ဝှက်... ဝမ်းတယ်ဘေယ်(လ်)နော်"

"အေးပါ။ စိတ်ချ။ လုံးဝ, မပေါက်ကြားစေရဘူး။ ကဲ..., ငါ ဖုန်းချလိုက်တော့မယ်။ အလုပ်များနေလို့"





"အိုကေ။ နောက်မှ တွေ့မယ်နော် ဟေ့ကောင်။ အေးအေးဆေးဆေးမှ တွေ့မယ်"

"အို-ကေ"

သက်မှူးရော၊ ထွေးကျော်ပါ ဖုန်းကို ကိုယ်စီ ချလိုက်ကြ၏။ မာလာချိုက, ထွေးကျော်၏ ဖုန်းအဆက်ကို မျှော်နေလေသည်...။ ။

2005-Nov-19

9:47 (P.M)

၂၀၀၅ ဖေဖော်ဝါရီလ

ကလျာမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်လှမျိုး(ချင်းချောင်းခြံ)

# အနီးကပ် . . . ဖွား

စိန်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။

ခေတ်ကလည်း၊ ဂျပန်ခေတ်ဆိုတော့၊ ဂျပန်အလိုတော်ရိတွေ ပေါ်လာတာ၊ ဆန်းမယ် မထင်ပါဘူး။ အဲဒီ့ အလိုတော်ရိတွေအထဲမှာ ''မှတ်ကြီး''က၊ အဆိုးဆုံး။

ကျုပ်အဖိုးပြောပြတာကတော့ ''မှတ်ကြီး''က, အင်္ဂလိပ်ခေတ်တုန်းကလည်း၊ အင်္ဂလိပ် အလိုတော်ရိ လုပ်သတဲ့။ ခေတ်တိုင်း... ခေတ်တိုင်းမှာ၊ အဲဒီ့အလိုတော်ရိတွေ ရှိ,ရှိနေတတ်သတဲ့။ ကျုပ်က အဲဒီလိုလူမျိုးတွေကို၊ မုန်းမှမုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်။ ကိုယ် အနေအစား ချောင်ဖို့ နိုးစပ်ရာ ပြေးကပ်တဲ့ အကျင့်စရိုက်က၊ လူ့အကျင့်စရိုက်မှ မဟုတ်ဘဲ။ ဟိုသခင်, ကြီးစိုးရင်၊ ဟိုသခင်နားကပ် ပြီး။ သခင့်, အလိုကျ မာန်ဖီပြရ၊ ဟောင်ပြရ။ ဒီသခင်, ကြီးစိုးရင်၊ ဒီသခင်နား ကပ်ပြီး၊ သခင့် အလိုကျ၊ ကိုက်ပြရ, ခဲပြရနဲ့။ တကယ့် ခွေးတိရစ္ဆာန်, အပြုအမူမျိုး...လို့ကို၊ ကျုပ်က, သတ်မှတ်ပစ်လိုက်တာပဲ။ ''မှတ်ကြီး'' ကို၊ ကျုပ်က၊ အဲဒီလိုကို မြင်ပစ်လိုက်တာ။

✿

''မှတ်ကြီး'' လို့ပြောတာ၊ ကျုပ်နဲ့ အရွယ်တူလို့ပြောတာ မဟုတ်ဘူး။ မုန်းလို့၊ အဖေအရွယ်လောက်ရှိတဲ့သူကို၊ ''မှတ်ကြီး''... လို့ ခေါ်ဝေါ်ပစ်လိုက်တာ။ အသက်အရွယ်ငဲ့ပြီး၊ ''ဦးမှတ်ကြီး''... လို့ ခေါ်ဝေါ်ရမှာ၊ ကျုပ် မလိုလားဘူး။

ကျုပ်အသက်က အခုမှ...,

(၁၅) နှစ်လား ရှိသေးတာ။ မှတ်ကြီး ကို ကျုပ်မုန်းနေတာ၊ ကိုယ့်ကိုယ်ကို၊ လူမှန်းသိစကတည်းက။

ရပ်ထဲရွာထဲမှာ ''မှတ်ကြီး'' နဲ့ သူတပည့်ဆယ်ယောက်ဝင်လာပြီဆိုရင်၊ ဘယ်သူ့ကို ဒုက္ခပေးတော့မလဲ။ ဘယ်သူ့ကို အနိုင်ကျင့်တော့မလဲ...နဲ့၊ တစ်ရွာလုံး မျက်ကလဲဆံပြာ ဖြစ်ကြရတာ။

သူနဲ့ သဟဇာတမဖြစ်တဲ့လူဆိုရင်၊ အပြစ်မရှိအပြစ်ရှာတော့





တာပဲ။ ဂျပန်တွေခေါ်လာပြီး၊ ''ဒီကောင် အင်္ဂလိပ်သူလျှို''... လို့ ပြောတော့တာပဲ။ ''သူလျှို'' ဟုတ်ခဲ့ရင်တောင် သူ... ပြောစရာလားဗျာ။ နိုင်ငံနဲ့လူမျိုးကို မငဲ့ကွက်၊ ကိုယ့်အနေအစားချောင်ရုံတစ်ခုတည်းအတွက် ခုနစ်ရက်သားသမီးကို ဒုက္ခပေးတဲ့... လူ။

ဘယ်သူသေသေ ငတေမာပြီးရော... ဆိုတဲ့ လူမျိုး။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ် ၂။

ဂ မှတ်ကြီးတို့အုပ်စု ထန်းတောထဲဝင်လာရင် ထန်းတောထဲက ည်သမားတွေ၊ ကြက်ပျောက်၊ ငှက်ပျောက်။

ကိုယ် ထန်းတောပိုင်ရှင်ကတော့ စေတနာရှိရှိ မရှိရှိ၊ ဒင်းတို့ကို၊ ညှော်ခံကျွေးမွေးရတော့တာပဲ။

❀

ရွာထဲဝင်လာလို့ အိမ်တစ်အိမ်ကမွေးထားတဲ့ ကြက်၊ ဝက်၊ ဘဲ၊ တစ်ကောင်ကောင်… ကို မှတ်ကြီးလက်ညှိုးထိုးပြီဆိုရင် ဘယ်သူမှ မငြင်းရဲဘူး။ ရွံ့ကြောက်,ကြောက်နေကြရတယ် ဆိုပါတော့ဗျာ။





"ဂျပန်ကိုကြောက်ရတာတစ်မျိုး၊ မှတ်ကြီးကိုကြောက်ရတာတစ်မျိုး"…တဲ့။ လူကြီးတွေ ငြီးငြူသံ ကြားဖူးသေးတယ်။ ရွာထဲက မိန်းမပျိုတွေ၊ မှတ်ကြီးမျက်စ,ပစ်ပြီဆိုရင် ရွာပြောင်းပြေးကြတော့တာပဲ။

တစ်ရွာလုံး ကြောက်ကြ၊ လန့်ကြ၊ ရွံ့ကြ၊ ရွံ့ကြတယ် ဆိုပေတယ်လို့၊ ရွာထဲက တစ်ချို့ ကြက်သမား၊ ဖဲသမားတွေကတော့၊ မှတ်ကြီးအနား၊ ဝိုင်းခ,စားကြနေပြန်ရောလေ။

ဂျပန်အားကိုး၊ တပည့်လက်သားအားကိုးနဲ့ ရွာထဲမှာ… မှတ်ကြီးရဲ့ ဆိုးပုံ၊ ရမ်းပုံတွေ…။ အောနှလုံးနာစရာ အများကြီးပါဗျာ။

အရက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းတွေမှာလည်း၊ မှတ်ကြီးကို ပူဇော်ပ,သကြရတယ်။

ကြက်ဝိုင်းလုပ်ပြီဆိုရင် "မှတ်ကြီး"က ဒိုင်။ အကြိုးအကဲ တိုက်ကြက်နှစ်ကောင် တိုက်ကြလို့၊ တစ်ကောင်ကရှုံးပြီဆိုရင် ရှုံးတဲ့ ကြက်ကို မှတ်ကြီးက၊ ရိုက်သတ်ပစ်လိုက်ပြီး၊ အမြည်းလုပ်သတဲ့။ နိုင်တဲ့ကြက်ရဲ့လောင်းကြေးကိုတော့၊ မှတ်ကြီးက သုံးပုံတစ်ပုံယူသတဲ့။

မကျေနပ်လို့ တစ်ခွန်းစ၊ နှစ်ခွန်းစ ပြန်ပြောမိတဲ့သူရှိရင်လည်း၊ အဲဒီပြန်ပြောမိတဲ့လူခမြာ၊ မှတ်ကြီးတပည့်တွေရဲ့ အထုအထောင်း၊ အထိုးအကြိတ်ကို ခံရတော့တာပဲ။

ကျုပ်က, ငယ်သေးတော့၊ နိုင်ငံရေးလည်း မသိပါဘူး။ မှတ်ကြီး ဆိုတဲ့ လူကြီးကိုလည်း၊ ကြောက်ရကောင်းမှန်း၊ မသိခဲ့ပါဘူး။



www.burmeseclassic.com

ဘယ်သူမဆို၊ ကိုယ့်သွေးကိုယ့်သား၊ မထိသေးရင် သိပ်,မနာ တတ်ကြဘူး မဟုတ်လား။

✿✿✿





၃။

တစ်နေ့တော့၊ မှတ်ကြီးနဲ့ ကျုပ်တို့မိသားစု၊ ပက်ပင်းတိုးခဲ့ရ တော့တယ်။ အိမ်မှာမွေးထားတဲ့ ကြက်တစ်ကောင်ကို၊ မှတ်ကြီးက, မပြောမဆိုနဲ့၊ ဖမ်းပြီး အရက်နဲ့မြည်းဖို့ယူသွားတယ်။

ကျုပ်အဖေနဲ့မှတ်ကြီးနဲ့ စကားများကြတယ်။

"ကြက်တစ်ကောင်ရဲ့တန်ကြေးက ဘာမှမရှိဘူး မှတ်ကြီး။ ဒါပေမဲ့, မင်းလုပ်ရပ်က၊ လူလူချင်း၊ မိုက်ကြေး ခွဲသလို ဖြစ်နေတယ်"

"မိုက်လို့၊ မိုက်ကြေးခွဲတာ၊ မင်း ဘာလုပ်ချင် သလဲ... စံပ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း၊ မှတ်ကြီး၊ ငါလည်း စံပပဲကွ"

လို့ပြောပြီး ကျွန်ုပ်အဖေ ဓါးဆွဲတော့တာပဲ၊ အဖေဓားဆွဲတော့ မြို့မှာ ကျောင်းတက်ပြီး၊ ခဏပြန်လာတဲ့ ကျွန်ုပ်အစ်ကို၊ "စိုးသာ" လည်း၊ ဓားဆွဲတော့တာပေါ့။

အဖိုးနဲ့အဖွား။ ပြီးတော့ ကျွန်ုပ်အမေတို့ကတော့၊ အော်ကြ ဟစ်ကြ ဟန့်တားကြရုံပဲ တတ်နိုင်တာပေါ့။

မှတ်ကြီးတို့အုပ်စုနဲ့ကျွန်ုပ်အဖေ, ကျွန်ုပ်အစ်ကိုတို့ ရိုက်ကြ၊ နှက်ကြ၊ ခုတ်ကြ ထစ်ကြရင်း၊ ကျွန်ုပ်အဖေ၊ လက်ဖျံကို ဓားထိသွားတယ်။

အဖေ့ကို ဓားထိသွားတာမြင်တော့မှ၊ ကျွန်ုပ်လည်း...ထရံက ဓားမြှောင်ကို ဓားအိမ်ဖွင့်ပြီး ပြေးထွက်မိတော့တယ်။ ဒါပေမဲ့, ကျွန်ုပ် ဘာမှလုပ်ခွင့်မရလိုက်ပါဘူး။ အဖိုးနဲ့အမေက ကျွန်ုပ်ကို ဝိုင်းဆွဲထားကြတယ်။

ရွာသူကြီးက တောင်းပန်၊ အဖိုးက တောင်းပန်လို့ ရန်ပွဲပြီးသွားပါရဲ့။ ဒါပေမဲ့,

"မင်းတို့ ထမင်းဝအောင်စားထားကြ"

လို့ ကြိမ်းဝါးသွားလေရဲ့။

✿

သိပ်မကြာခင် ရက်ပိုင်းမှာပဲ၊ ကျွန်ုပ်တို့အိမ်ကို၊ ဂျပန်တွေ... "မှတ်ကြီး"ဦးဆောင်ပြီးရောက်လာကြတယ်။





ကျွန်ုပ်အစ်ကိုကို၊ အင်္ဂလိပ်သူလျှိုဆိုပြီး၊ ဖမ်းသွားကြတယ်။ အဲဒီအချိန်မှာ၊ ဂျပန်တွေကိုတော့၊ ကျွန်ုပ် ဘာမှမလုပ်ရဲပါဘူး။ (သူတို့လက်ထဲမှာ သေနတ်ရှိတာကိုး)။

မှတ်ကြီးကိုတော့ ကျွန်ုပ် ဓားနဲ့ထိုးရဲတယ်။ ထိုးချင်တယ်။

တစ်နေ့နေ့မှာ၊ မှတ်ကြီးကို ဓားနဲ့ အသေထိုးသတ်မယ်...လို့ ကျွန်ုပ် ဆုံးဖြတ်ပစ်လိုက်တယ်။

✿

လေးငါးရက်ကြာတော့ ကျွန်ုပ်အစ်ကို "စိုးသာ" အိမ်ကို ပြန်ရောက်လာတယ်။ မျက်နှာတစ်ခုလုံး ဖူးရောင်နေတာပဲ။

အဖေ့မျက်နှာမှာ နာကျည်းရိပ်တွေ တလိပ်လိပ်၊ အဖေ့မျက်လုံးတွေမှာ၊ ဒေါသရောင်,တွေ... မီးဝင်းဝင်းတောက်။ အဖိုးက,တော့... စိတ်လျှော့ဖို့ပဲ ဆုံးမနေတော့တယ်။

"ဒါ... မှတ်ကြီးယုတ်မာတာ"

"ကျွန်ုပ်တို့ အင်အားနည်းနေသေးတယ် အဖေ၊ ငြိမ်နေတာ အကောင်းဆုံးပဲ၊ မှတ်ကြီးလိုလူမျိုးတွေမရှိဖို့၊ ကျွန်ုပ်တို့တိုင်းပြည်မှာ ဂျပန်တွေမရှိမှဖြစ်မယ်"

အဖေနဲ့အစ်ကိုနဲ့ပြောနေကြတဲ့စကားတွေကို နားထောင်ရင်း၊ ကျွန်ုပ်,က,တော့ စိတ်ထဲက ပြောဖြစ်ပါတယ်။

"ဂျပန်တွေရှိရှိ မရှိရှိ၊ မှတ်ကြီးမရှိအောင် ကျွန်ုပ်...

www.burmeseclassic.com



လုပ်မယ်''

အဲဒီအချိန်ကတည်းက ကျုပ် ဓားမြှောင်လေးကို ခိုးဆိုးသွေးနေတာ၊ (၂) နှစ်ပြည့်တော့မယ်။

ဏ ဏ ဏ





၄။

အုပ်ချုပ်ရေးတွေ၊ နိုင်ငံရေးတွေ ဘယ်လိုပြောင်းလဲသွားသလဲတော့…, ကျုပ်မသိဘူး။ မှတ်ကြီးကို ဓားနဲ့ထိုးသတ်ဖို့ပဲ ကျုပ်သိတယ်။

ဏ

ရွာပြင်က ကြက်ဝိုင်းတစ်ဝိုင်းမှာ၊ မှတ်ကြီးကို ကျုပ် တွေ့လိုက်တယ်။ ခါးကြားက ဓားမြှောင်ရိုးကို၊ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်လိုက်တယ်၊

ပြီးတော့…, ကြက်ဝိုင်းရှိရာကိုသွားပြီး မှတ်ကြီးအနားမှာ ရပ်နေလိုက်တယ်။ သူ့တပည့်တွေရော၊ သူရော၊ ကျုပ်ကို မှတ်မိပုံမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဓားကို ဆွဲမထုတ်ခင်၊ ကျုပ် သေသေချာချာ စဉ်းစားသေးတယ်။ မုတ်ကြီးကို သတ်ပြီးတာနဲ့၊ ကျုပ်လည်းသေမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့၊ မုတ်ကြီးတပည့်တွေဆီမှာလည်း၊ ဓါးတွေ ပါလာနိုင်တယ်။ သူတို့ဆရာကို၊ ကျုပ်သတ်လိုက်ပြီဆိုတာနဲ့၊ ကျုပ်ကိုလည်း... သူတို့ သတ်ကြမှာပဲ။

ဒါပေမဲ့...၊ ကျုပ် ဆုံးဖြတ်လိုက်တယ်။ ကျုပ် သေသေ မသေသေ၊ မုတ်ကြီးသေဖို့လိုတယ်။ (မုတ်ကြီးလို၊ အလိုတော်ရိတွေ သေဖို့လိုတယ်)။

အဲဒီလိုတွေးတော ဆုံးဖြတ်ပြီးတာနဲ့၊ ကြက်ပိုင်းမှာ အော်ဟစ်နေတဲ့ မုတ်ကြီးရဲ့ နံကြားကို၊ ကျုပ် ဓါးမြှောင်နဲ့၊ အဆက်မပြတ် အားကုန်၊ အချက်ပေါင်းများစွာ ထိုးစိုက်ပစ်လိုက်တော့တယ်။

"အ"

ကျုပ်ကို မုတ်ကြီး ပြန်ပြီးရန်မူဖို့နေနေသာသာ၊ အသံတောင် ကောင်းကောင်း မထွက်လိုက်ရပါဘူး။ မြေကြီးပေါ်ကို ဘုန်းကနဲ လဲကျသွားတော့တယ်။ မြေကြီးပေါ်မှာရော... ကျုပ်ခန္ဓာကိုယ်ပေါ်မှာရော၊ မုတ်ကြီးရဲ့... သွေးတွေ။





၅။

မုတ်ကြီးရဲ့တပည့်တွေ ကျုပ်ကို ဝိုင်းလာကြတယ်။ ကျုပ်က၊ လည်း၊ ဓားမြှောင်ကို ကျစ်ကျစ်ဆုပ်ကိုင်ပြီး...

"ခင်ဗျားတို့ထဲက၊ သတ္တိရှိတဲ့ကောင်၊ ကျုပ် အနားကို လာခဲ့။ အကုန်လုံးကို ကျုပ်သတ်မယ်"

ဓားမြှောင်ကို၊ ဘေးဘီဝှေ့ယမ်းရင်း၊ ကျုပ်၊ မျက်စေ့ကို ရှင်ရှင်ထားရတယ်။ မုတ်ကြီးတပည့်တွေက၊ ကျုပ်အနားကို ပိုပိုပြီး တိုးကပ်လာကြတယ်။

"လာလေ၊ လာ... မုတ်ကြီးနောက်ကို လိုက်ခဲ့ တဲ့ကောင်။ လာ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ထပ်တိုးမလာကြတော့ဘဲ၊ လက်ခုပ်ဝိုင်းတီးကြတော့တယ်။

"ဖျောင်း... ဖျောင်း... ဖျောင်း... ဖျောင်း..."

"ခင်ဗျားတို့ ကျုပ်ကို လှောင်ကြတာလား။ ဟုတ်လား"

အဲဒီလိုမေးလိုက်တော့၊ မှတ်ကြီးတပည့်တွေထဲက လူကြီး တစ်ယောက်က

"မဟုတ်ပါဘူး ငါ့တူရယ်၊ မင်းကို ငါတို့ လှောင်နေကြတာ မဟုတ်ပါဘူး။ ငါတို့ ဂုဏ်ပြုကြတာပါ။ ငါတို့က မှတ်ကြီးကို မသတ်ရဲလို့ တပည့်ခံနေကြတာ။ မှတ်ကြီးကို ငါတို့လည်း သတ်ချင်တယ်။ မလိုလားဘူး။ အခု... ငါတို့မလုပ်ရဲတဲ့အလုပ်ကို မင်းလုပ်လိုက်လို့ မင်းကို ဂုဏ်ပြုကြတာပါ"

"ဒါဆို၊ ခင်ဗျားတို့က။ ခင်ဗျားတို့က။ မှတ်ကြီးကို ဝိုင်းလိမ်နေကြတာပေါ့။ ဟုတ်လား"

"ဟုတ်တယ်... လို့ ဝန်ခံရမှာပေါ့ကွာ၊ မှတ်ကြီးက အာဏာနည်းနည်းရှိပေမဲ့ သူ့ကိုတော့ ဆရာမတင်ချင်တာ အမှန်ပဲ၊ ဒါပေမဲ့..., အစားချောင်၊ အနေချောင်လို့ ဆရာခေါ်နေကြတာပါ"

"ခင်ဗျားတို့၊ လူလိမ်တွေ၊ လူပျော့၊ လူညံ့တွေ"





ပြောပြီး၊ ကျုပ်... လှည့်ထွက်ခဲ့တယ်။ သွေးတွေ စေးကပ်နေတဲ့ ဓားမြှောင်ကို၊ ဆုပ်ကိုင်ပြီး... ဒေါသ,မပြေသေးတဲ့ လူတစ်ယောက် လို ကျုပ် ခံစားနေရတယ်။

❀

ဘာပဲပြောပြော၊ ကျုပ် ကြိုးစင်တက်ရမှာပဲ။ အများအမြင်မှာတော့၊ မှတ်ကြီးကို ကျုပ်သတ်ပစ်လိုက်တယ်လို့ မြင်ကြမှာပါပဲ။ ကျုပ်ရဲ့ အနီးကပ်ဓားချက်တွေနဲ့ မှတ်ကြီးသေသွားတယ်... လို့ ထင်ကြမှာပဲ။

တကယ်တမ်းစဉ်းစားကြည့်ရင်၊ မှတ်ကြီးကိုထိုးမဲ့ အနီးကပ်ဓားတွေက၊ မှတ်ကြီးရဲ့ အနီးအပါးမှာ နဂိုကတည်းက ရှိနေပြီးသား။

ပြောခွင့်ရရင်၊ ကျုပ်ပြောချင်တယ်။

မှတ်ကြီးရဲ့တပည့်တွေကသာ၊ မှတ်ကြီးကို၊ မမြင်ရတဲ့ အနီးကပ်ဓားတွေနဲ့ ထိုးနေခဲ့ကြတာ။

အဲဒါကို မှတ်ကြီး သိမသွားရှာဘူး။

ကျုပ်, မှတ်ကြီးကို တော်တော်လေး သနားသွားတယ်။

တကယ်... ။ ။

2005-Oct 94

4:27 (P.M)

(၂၀၀၆ ခု၊ ဇန်နဝါရီလ ကလျာမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com





# မြို့ပြမြို့ငယ

စိန်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။

“တစ်လ၊ ငါးထောင်တော့ မပေးနိုင်ဘူးအေ။
ငါတို့ခေါ်နေကျ သုံးထောင်ပဲ။ ဆယ်လစာ တစ်ခါတည်း
ပေးလိုက်မယ်။ သုံးသောင်း။ တော်ရောပေါ့”

သုံးသောင်းဆိုတဲ့ အသံကြားတာနဲ့ ကျွန်မ စိတ်ခတ် တော်တော်ကျသွားတယ်။ အမေ့မျက်လုံးခွဲဖို့လိုတဲ့ငွေက ငါးသောင်း။

ဒီအတိုင်းဆို၊ နှစ်နှစ်နီးပါးလုပ်မှ၊ အမေ့မျက်လုံးခွဲနိုင်မယ် ထင်တယ်။ အိမ်ဖော်အလုပ်,ကလည်း တစ်ခါမှ၊ မလုပ်ဖူးဘူး။ ရွာထဲက, အေးမတို့၊ အေးအေးတို့၊ ဟဲလယ်တို့တွေကတော့ အခုလို မြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်လာလုပ်နေကျ။

သူတို့တွေက၊ တစ်လ ငါးထောင်ရတယ်ဆိုတော့ ကျွန်မ,လည်း အဲဒီလောက်တော့၊ ရမယ်ထင်တာ။

ဒီအိမ်ကို၊ လိုက်ပို့ပေးတဲ့ မမြကြည်ကို၊ တစ်လ,စာပေးရဦးမှာ ဆိုတော့... အမေ့လက်ထဲကို၊ သုံးသောင်းတောင် ရောက်မှာမဟုတ်ဘူး။

"မမြကြည်၊ နည်းနည်းပြောပေးပါဦး၊ ကျွန်မ လိုတာ၊ ငါးသောင်းလေ"

"အေးပါ၊ ပြောပေးပါ့မယ်"

အိမ်ကြီးကလည်း၊ အကြီးကြီး၊ အိမ်ရှင်အဒေါ်ကြီးက,လည်း၊ သူဌေးမ,ကြီး။ တစ်ကိုယ်လုံးမှာဝတ်ထားတဲ့၊ လက်ဝတ်ရတနာတွေက လည်းဖိတ်ဖိတ်တောက်။

ကျွန်မတို့တစ်ရွာလုံး၊ သူ့အိမ်မှာ အလုပ်လာလုပ်ပြီး၊ ရတဲ့ငွေနဲ့ စုဝယ်မယ်ဆိုရင်တောင်၊ သူဝတ်ထားတဲ့ရတနာပစ္စည်း တစ်ခုစာတောင် ရနိုင်မယ် မထင်ဘူး။

အိမ်ဝင်းထဲမှာ ခွေးတွေမွေးထားတာလည်း အများကြီးပဲ။ အလုပ်သမားတွေလည်း၊ အများကြီးပဲ။ ဒီလောက်ချမ်းသာတာ၊ ကျွန်မ, လိုတဲ့ ငွေငါးသောင်းကို၊ ရော့... အင့် ဆိုပြီး၊ ပက်ကနဲများပေးလိုက်ရင်၊ ဘယ်လောက်ကောင်းလိုက်မလဲ။

❀

အိမ်ဖော်လုပ်တာလည်း၊ လွယ်တော့မလွယ်ဘူး။ စိတ်ရော၊





ကိုယ်ရော အဝယ်ခံထားရသလိုပဲ...တဲ့။ တချို့များ အိမ်ဖော်လို့တောင် မခေါ်ဘူး၊ 'အိမ်စေ'...လို့ ခေါ်တယ်တဲ့။ ဘယ်လိုခေါ်ခေါ်၊ ငွေလိုတော့ လည်း၊ လုပ်ကြရတာပါပဲ။

တချို့အိမ်ရှင်တွေများဆိုရင်၊ အရပ်ထဲ၊ ဈေးထဲမှာ မုန့်ဟင်းခါး ဝင်စားတာနဲ့၊ လက်ဖက်ရည်ဝင်သောက်တာနဲ့၊ သူတို့ အိမ်ဖော်က, ဈေးခြင်းလေးဆွဲပြီး မတ်တပ်ရပ်စောင့်နေရတယ်။

ထိုင်တာကအစ၊ အိမ်ထဲမှာဆိုရင် အိမ်ရှင်တွေက၊ ဆက်တီ ကုလားထိုင်တွေပေါ်မှာထိုင်ပြီး၊ အိမ်ဖော်ကတော့ ကြမ်းပြင်မှာ ထိုင်ရ တာ... တဲ့။

ဘယ်လိုပဲနေရ နေရပေါ့လေ...။ ငွေလိုတော့လည်း လုပ်ရတာပါ ပဲ။

❀

တချို့အိမ်ရှင်တွေ ကောင်းပြန်တော့လည်း၊ အိမ်ဖော်တွေက မကောင်းကြဘူး...တဲ့။ ယုံကြည်လို့ ဝယ်ဖို့ခြမ်းဖို့ ငွေနဲ့ကြေးနဲ့ အပြင်ကို လွှတ်လိုက်တာ၊ တစ်ခါတည်း ထွက်ပြေးခဲ့ကြတယ်...တဲ့။

တချို့များ၊ အိမ်ရှင်ကိုတောင် သတ်ဖြတ်ပြီး ပစ္စည်းတွေ၊ ယူ သွားတတ်ကြသတဲ့။

နောက်ပိုင်းကျတော့၊ အိမ်ဖော်အလုပ်,လုပ်မယ့်သူရဲ့၊ မှတ်ပုံ တင်ကို၊ အိမ်ရှင်ရဲ့လက်ထဲ အပ်ထားကြရတော့တယ်။ အိမ်ရှင်တွေ အပြင်သွားတဲ့အခါ၊ အိမ်ဖော်ကို သော့ပိတ်ထားခဲ့ကြတော့တယ်...တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးနားဝတွေတော့ အများကြီးပေါ့။ ဒါပေမဲ့, ငွေလိုတော့လည်း လုပ်ရတော့မှာပဲလေ။

ခက်တာက လိုတဲ့ငွေအတိုင်းအတာကို၊ အမြန်ဆုံးမရတာ ခက်တယ်။

❀❀❀





၂။

ရွာမှာက ကျွန်မတို့ မောင်နှမသုံးယောက်နဲ့ အမေနဲ့နေကြတာ။ မောင်နှမသုံးယောက် ကြိုးရာကျပန်းလုပ်ခဲ့ကြရတာ ကြာလှပြီ။

အမေ မျက်လုံးမကောင်းတော့၊ ချက်တဲ့ပြုတ်တဲ့အလုပ်တောင် မလုပ်နိုင်တာကြာပြီပဲ။ အခု... ပိုဆိုးတာက အမေ့မျက်လုံး လုံးဝ မမြင်ရတော့ဘူး။

နီးစပ်ရာ ဆရာဝန်နဲ့ပြကြည့်တော့၊ တိမ်ကွယ်နေတာ...တဲ့။ ခွဲစိတ်ရမယ်... တဲ့။ ငွေငါးသောင်းလောက်ကုန်မှာ။

ဒီငွေငါးသောင်း တစ်လုံးတစ်ခဲတည်းရဖို့ဆိုတာ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အိမ်ပိုင်းလေးရောင်းလိုက်ရင်တော့၊ ရနိုင်တာပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေက ခွင့်မပြုဘူး။ စားစရာက ဘယ်လိုရှာရှာ ရှာလို့ဖြစ်နိုင်တယ်... တဲ့။ နေစရာမရှိရင် ပိုပြီးအခက်တွေ့မယ်...တဲ့၊

❀

ဒီလိုနဲ့ပဲ၊ မောင်နဲ့ညီမကို ရွာမှာထားခဲ့ပြီး၊ ကျွန်မ, မြို့လိုက်လာခဲ့ရတော့တယ်။ အငယ်နှစ်ယောက်က, အသက်အရွယ်ငယ်သေးပေမဲ့ ခမေ့ကို စောင့်ရှောက်ဖို့နဲ့ တစ်ဝမ်းတစ်ခါးအတွက်၊ ရှာတတ်ဖွေတတ်နေပြီဆိုတော့၊ စိတ်ချလက်ချ ထားခဲ့တယ်။

❀❀❀





၃၁

"အန်တီ၊ သူ့အမေက မျက်လုံးခွဲဖို့လိုတယ်။ အဲဒါ... ဆယ်လစာ ငါးသောင်းလောက်ရမှဖြစ်မှာဆိုတော့ တစ်လ, ငါးထောင်လောက် မပေးနိုင်ဘူးလား အန်တီ။"

"ဟဲ့၊ မပေးနိုင်တာမဟုတ်ဘူး။ ပေးလို့မဖြစ်တာ။ ဒီအိမ်မှာ ရှိရှိသမျှ အိမ်ဖော်တွေအကုန်လုံး စရိတ်ငြိမ်းသုံးထောင်ပဲ။

စရိတ်ငြိမ်းဆိုတာ၊ ပြောတော့သာ ဘာမှမဟုတ်ပေမဲ့ တာ။ စားဖို့ရော၊ ဝတ်ဖို့ရော၊ နေဖို့ရော။ ဒီကြားထဲ၊ နေထိုင်မကောင်းဖြစ်ရင် ဆေးပါ ကုပေးရသေးတော့။"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ။ ကျွန်မက အန်တီ့ကို အကူအညီတောင်းတဲ့သဘောပါ။"

"အေးလေ။ အခုလည်း အကူအညီပေးတဲ့အနေနဲ့ ညည်းကို မြကြည်နဲ့ အခေါ်ခိုင်းလိုက်တာပေါ့။

ဒီမှာ ဘာမှမပင်ပန်းဘူး။ ကြမ်းတိုက်၊ အဝတ်လျှော်၊ ခွေးစာကျွေး၊ ဒါလေးပဲ လုပ်ရမှာ။"

ပြောနေဆိုနေချိန်မှာ အိမ်အလုပ်သမားတစ်ယောက် ရောက်လာပြီး...

"မေမေကြီး။ ညှသည်လာတယ်"

"ဩော်... မိုက်ကယ်တို့လာကြပြီလား"

"ဟုတ်တယ် အန်တီရေ...။ အန်တီ့သားကြီးကို အစာကျွေးနေလို့ နည်းနည်းနောက်ကျသွားတယ်"

"ဟယ်၊ သားကြီးပါ ပါလာပြီလား၊ ငါ့ဆီကို ခေါ်ခဲ့ပါဦး၊ ခေါ်ခဲ့ပါဦး"

အခန်းထဲကို၊ အကောင်ထွားထွား ခွေးစုတ်ဖွားကြီးတစ်ကောင် အမြီးတနှံ့နှံ့နဲ့ ဝင်လာတာကို တွေ့လိုက်ရတယ်။ ဩော်... သားကြီးဆိုတာ၊ အဲဒီခွေးစုတ်ဖွားကြီးကို ခေါ်တာကိုး။

❀

"မောင် မိုက်ကယ်ရေ...။ သားကြီးအတွက်၊ ဘယ်လောက်ပေးရမှာတုန်း"





"ဆယ့်နှစ်သိန်းပါ အန်တီ"

"အေး။ ခဏထိုင်ဦး"

အိမ်ရှင်အဒေါ်ကြီး အပေါ်ထပ်တက်သွားပြီး ပြန်လာတော့ ပလပ်စတစ်အိတ်ထဲမှာ ငွေစက္ကူတွေ အထပ်လိုက်ပါသွားတယ်။

"ရော့၊ မောင်မိုက်ကယ်၊ ထမင်းစားသွားဦး"

"မစားတော့ဘူး အန်တီ။ ကျွန်တော် သွားစရာ ရှိသေးတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပြီ။ ကောင်းပြီ။ ကျေးဇူးပဲနော် မောင်မိုက်ကယ်"

"ရပါတယ်။ အန်တီရယ်"

မိုက်ကယ်ဆိုတဲ့လူ ပြန်သွားတော့၊ အိမ်ရှင်အဒေါ်ကြီးက, သူ့နံဘေးမှာဝပ်နေတဲ့ ခွေးစုတ်ဖွားကြီးကို၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ကြည့်ပြီး...

"ငါ့သားကြီးရောက်လာတဲ့နေ့မှာ ညည်းရောက်လာတာ ညည်းကံကောင်းတယ်၊ သူ့ကိုလည်း ညည်း အစာကျွေးရမှာနော်"

"ဟုတ်ကဲ့... အန်တီ"

"အန်တီတွေ ဘာတွေ လုပ်မနေနဲ့။ သူများတွေ ခေါ်သလို မေမေကြီးပဲခေါ်၊ ကြားလား"

"ဟုတ်ကဲ့"

"ကဲ... ညည်းကို ငါ တစ်လ သုံးထောင်ပေးရာ



www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ်။ ဆယ်လစာ သုံးသောင်းခွဲ။ ဘယ်နှယ့်လဲ"

ကျွန်မ ခေါင်းညိတ်လိုက်ရတော့တယ်။

"ဒါ ငါ့သားကြီးရောက်လာတဲ့နေ့ ညည်းရောက်လာလို့။ နိမိတ်ကောင်းလို့ ငါးရာပိုပေးတာနော်၊ ညည်းတော်တော်ကံကောင်းတယ်"

"ကျေးဇူးတင်ပါတယ် မေမေကြီး"

ဆယ်လ,ပြည့်ရင် နောက်ဆယ်လ, ဒီအိမ်မှာ ထပ်အလုပ်လုပ်မှ ကျွန်မလိုတဲ့ငွေ အပြည့်အဝရတော့မှာပါ။ နေရထိုင်ရတာ အဆင်ပြေပြေ၊ မပြေပြေ၊ ကျွန်မ, လုပ်မှဖြစ်တော့မှာကိုး။

ခွေးစုတ်ဖွားကြီးရဲ့ တန်ဖိုးက… ဆယ့်နှစ်သိန်းဆိုပါလား။ ကျွန်မလေ… အဲဒီခွေးစုတ်ဖွားကြီးကို ငေးကြည့်နေမိတော့တယ်။

❀❀❀

ပခုံးပေါ်က၊ သားရေအိတ်ကိုပိုက်ရင်း၊ မမြကြည်ကို၊ ကျွန်မ အိမ်တံခါးဝ လိုက်ပို့တယ်။ မမြကြည်က…,

"တင့်ဆန်း၊ နှင့်အမေကို၊ ဘာမှာဦးမလဲ"

ကျန်းမာရေးကို ဂရုစိုက်ဖို့၊ စိတ်ချမ်းချမ်းသာသာနေဖို့ မှာစရာတွေကတော့ အများကြီးပေါ့လေ။ ဒါပေမဲ့ ကျွန်မ ဘာမှာရမှန်းမသိဘူး။

မမြကြည်က, ကျွန်မ မှာမယ့်စကားကို နားစွင့်နေတာနဲ့ ကျွန်မ, လည်း ဘာအဓိပ္ပါယ်မှန်းမသိဘူး။ တစ်ယောက်ယောက်ကို ပြောပြ





ချင်နေတဲ့ စကားတစ်ခွန်းကိုပဲ၊ ပြောပြလိုက်တော့တယ်။

"မမြကြည်။ အမေ့ကို ပြောလိုက်ပါ။ ရန်ကုန်က အဆင့်မြင့်တယ်… လို့၊ ခွေးတစ်ကောင်ရဲ့တန်ဖိုးတောင် ဆယ့်နှစ်သိန်းပေးရတယ်… လို့"

မမြကြည်၊ မျက်လုံးဝိုင်းပြီး ကျွန်မကို ငေးကြည့်နေတယ်။ ကျွန်မ, မျက်တောင်တွေကို၊ ပုတ်ခတ်ပုတ်ခတ် လုပ်နေရတော့တယ်။ ကျွန်မ ငိုချင်နေတယ်… ။

2005-Oct-5

4:41 (P.M)

(၂၀၀၆ – ခု၊ ဇန်နဝါရီလ

သရဖူမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com



မောင်လှမျိုး(ချင်းချောင်းခြံ) ၏

# ရွှေငွေ

စိန်သမုဒ္ဒ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။

တရားရုံးမှ ဆင်းပြီးလျှင်ပြီးချင်း အိမ်မပြန်ဖြစ်သေး။

အမှုသည်နှင့် နောက်တစ်ပတ်ရက်ချိန်းတွင် ဆောင်ရွက်ရမည့် ကိစ္စတွေကို မှာကြားရသေး၏။ ညနေစောင်းမှ အိမ်သို့ပြန်ရောက်သည်။

အိမ်သို့ရောက်လျှင်ရောက်ချင်း အဖေ့ကိုမတွေ့။ "အဖေရော" ဟု အမေ့ကို သူမေးသည်။ "အပြင်ထွက်သွားတယ်၊ သမီးနဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ" ဟု အမေပြောသည်။

❀❀❀

သူ ရေချိုးသန့်စင်ပြီးသည်အထိ အဖေ ပြန်မရောက်သေး။ အဝတ်အစားလဲဖယ်ပြီးသည့်အခါ အမေ့ကို သူ သေသေချာချာမေး၏။

"အမေ...၊ အဖေက ဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့သူငယ်ချင်းတွေ လာခေါ်သွားတာလေ၊

ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲဆိုလား"

အမေ့ အဖြေစကားသည် မတိကျ။

"အဖေ့သူငယ်ချင်းတွေ လာခေါ်သွားတာလား"

ဟု အမေ့ကို သူ ထပ်မေးသည်။

"အေးလေ၊ ဟုတ်တယ်"

ဟု အမေပြော၏။

"ဦးဘသာကြီးပါလား အမေ၊ လာခေါ်တဲ့အထဲမှာ"

"အေး...၊ ပါတယ်...၊ ပါတယ်"

အိမ်နေရင်းဝတ်ဆင်ထားသော အဝတ်အစားကို သူ ချက်ချင်းလဲဖယ်ဝတ်ဆင်လိုက်၏။ အမေက "ဘယ်တုန်း" ဟု မေးသည်။ "အဖေ့နောက်ကို လိုက်မလို့"ဟု သူဖြေခဲ့၏။ အဖေ မည်သည့်နေရာတွင်ရှိမရှိ သိရန်အတွက် အဖေ့သူငယ်ချင်း ဦးဘသာ၏ လက်ကိုင်ဖုန်းနံပါတ်များကို ဖိနှိပ်လိုက်လေသည်။

❀❀❀





၂။

အဖေသည် နာမည်ရ ရှေ့နေကြီးတစ်ဦးဖြစ်ခဲ့၏။ ယခုမူ ငြိမ်းစား။ သူသည် ငယ်စဉ်ကတည်းက အဖေ့၏ အဆိုအဆုံးမ အောက်တွင် နေထိုင်လိုက်နာခဲ့သူဖြစ်၏။ မိဘနှစ်ပါးစလုံးကို ရှိသေ ။ အားထားစွာ ချစ်ခင်ခဲ့သည်။

"မြသက်မော်က သူ့အဖေကို ပိုချစ်တာပါ"

ဟု ဆွေမျိုးသားချင်းများရှေ့တွင် အမေ အမြဲလိုလိုပြောသည်။ အမေ့ထင်မြင်ချက်ကို သူငြင်းဆိုခဲ့၏။

"အဖေ့ကိုရော၊ အမေ့ကိုရော သတူတူပဲချစ်တာပါ။ ဒါပေမဲ့ သမီးက အဖေ့ကို ပိုအားကိုးတာ။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ပိုပြီးအထင်ကြီးတာ။ အဲဒါကြောင့် အဖေ့ကို ပိုချစ်တယ်လို့ အမေထင်နေတာ''

ထိုကဲ့သို့ အမေနားဝင်လက်ခံအောင် သူရှင်းပြခဲ့ရသေးသည်။ မိခင်သည် သူ၏အသည်းနှလုံးဟု ဆိုပါက ဖခင်သည် သူ၏ ''ဘဝ''ဖြစ်၏။

✿✿✿

ဒသမတန်း (ယခု တက္ကသိုလ်ဝင်တန်း)ကို ဂုဏ်ထူး (၃) ဘာသာဖြင့် အောင်မြင်ခဲ့စဉ်က တက္ကသိုလ်တက်ရောက်ဖို့ သူရွေးချယ်ခဲ့သော ဘာသာရပ်မှာ ဥပဒေဘာသာရပ်ဖြစ်သည်။

ရှေ့နေကြီး ဦးမင်းမြတ်စံ၏သမီး မြသက်မော်သည် ဖခင်ကဲ့သို့ ရိုးသားသော၊ တည်ကြည်သော၊ မျှတသော ရှေ့နေတစ်ဦးဖြစ်ရမည်ဟု ကိုယ့်ကိုယ်ကို ဆုံးဖြတ်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

''သမီး... အဖေ့လို ရှေ့နေလုပ်ရမယ်''

ဟု အဖေ ညွှန်ကြားခဲ့ခြင်း မဟုတ်ချေ။

မူလတန်းအရွယ်မှ အထက်တန်း ကျောင်းသူဘဝအထိ အဖေက သူ့ကို စာကျက်ဖို့၊ စာကြိုးစားဖို့ မတိုက်တွန်းခဲ့။ ပညာ၏ တန်ဘိုးကိုသိအောင်သာ ပြောပြခဲ့သည်။ ''ပညာဲရွှေအိုး၊ လူမခိုး'' ဟု ဆိုဆုံးမခဲ့သည်။ ''ပညာရဲရင့်၊ ပွဲလယ်တင့်''ဟု စိတ်ဓာတ်အင်အားကိုသာ မြှင့်တင်ပေးခဲ့သည်။

✿✿✿





အဖေ၏ လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်း အပေါင်းအသင်းတွေ၊ အမှုသည်တွေ အားလုံးက အဖေ့ကို လေးလေးစားစား အားထားရှိသေစွာ၊ ပြောဆိုဆက်ဆံ ခဲ့ကြသည်ကို သူ နေ့စဉ်နှင့်အမျှ မြင်တွေ့ခဲ့ရသည်။ အဖေ့ကို အားကျခဲ့ရသည်။

✿✿✿

အဝတ်အစား ဝတ်သည်ကအစ၊ အဖေနှစ်သက်သော အရောင်အဆင်းကိုသာ သူ မှတ်သားဝတ်ဆင်ခဲ့၏။

အဖေပြောသော စကားတိုင်းကို မှတ်သားလိုက်နာခဲ့သည်။ အဖေ့ လေယူလေသိမ်း၊ အဖေ့ အမူအကျင့်များအတိုင်း သူ တုပနေထိုင်ခဲ့လေ၏။

အဖေ လုပ်သမျှကို အကောင်းဟု မြင်သည်။ အဖေပြောသမျှကို အမှန်ဟု ယုံကြည်သည်။

✿✿✿

အငြိမ်းစား မယူခင်က အဖေ လိုက်ခဲ့သည့် အမှုတိုင်းတွင် အဖေ့ အနိုင်မရ။ အပြစ်ကို အမှန်တကယ် ကျူးလွန်ခဲ့မိသော အမှုသည်ကို ကွင်းလုံးကျွတ် လွတ်မြောက်အောင် အဖေသည် မည်သည့်နည်းနှင့်မျှ မဆောင်ရွက်ခဲ့။ အပြစ်ဒဏ် သက်သာအောင်သာ အကျိုးဆောင်ပေးနိုင်ခဲ့သည်။

အပြစ်ကို မကျူးလွန်မိပါဘဲ သံသယတစ်ခုခုကြောင့် [illegible] ခံရသည့် အမှုသည်၏ ကိစ္စမျိုးဆိုလျှင် အဖေသည် မည်သို့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ မထောက်။ ဘာကိုမျှ မငဲ့ကွက်။ တရားသေ လွတ်မြောက်သည်အထိ အကျိုးဆောင်ပေးနိုင်ခဲ့သည်။

✿✿✿

ဉပဒေဘွဲ့ရပြီးနောက် အဖေ့ရုံးခန်းတွင်သာ နေထိုင်ပြီး အဖေ့အနီးတွင် အလုပ်သင်ရှေ့နေအဖြစ် အဖေ့ထံမှ ပညာများစွာကို သူရယူနိုင်ခဲ့သည်။

✿✿✿





၃။

အဖေ အငြိမ်းစားယူပြီးသည့်အခါ သူသည် ရှေ့နေပေါက်စလေးအဖြစ် အမှုတွေကို လက်ခံအကျိုးဆောင်ပေးရသည်။

ထိုအခါတွင် အဖေက သတိပေးစကား ပြောလေသည်။

"အမှုနိုင်ဖို့ အဓိကမထားနဲ့ သမီး၊ အမှန် တရားပေါ်လွင်ဖို့ပဲ အဓိကထား။ ကိုယ့်အမှုသည် မှားနေမှန်းသိလျက်နဲ့ အမှု နိုင်ကိုနိုင်ရမယ်ဆိုပြီး လျှောက်လဲချက်အမျိုးမျိုးတင်တတ်တဲ့ ရှေ့နေမျိုးထဲမှာ သမီး မပါစေနဲ့။

အမှုသည်ရဲ့အကျိုးကိုဆောင်တဲ့ သာမန်ရှေ့နေ မဖြစ်စေနဲ့။ အမှန်တရားရဲ့ အကျိုးကိုဆောင်တဲ့ [illegible]။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေရဲ့အကျိုးကိုဆောင်တဲ့ ဥပဒေအကျိုးဆောင်ရှေ့နေ ဖြစ်ပါစေ။

ပြည်သူပြည်သား အများစုက ဥပဒေအကြောင်းကို သိပ်နားမလည်ကြသေးဘူး။ ရှေ့နေက နားလည်တယ်။ ဥပဒေအကြောင်းကို သိတယ်။

အဲဒီသိတဲ့အသိပညာနဲ့ တစ်ဖက်တရားလိုကိုပဲဖြစ်ဖြစ်၊ တရားခံကိုပဲဖြစ်ဖြစ်၊ ကျပ်ညပ်သွားအောင် မလုပ်နဲ့။ အကုသိုလ်ဖြစ်တတ်တယ်။

အမှန်တရားပေါ်လွင်ဖို့တစ်ခုတည်းကိုပဲ အာရုံထား အမှုရှုံးသွားခဲ့ရင်တောင် အ,ကုသိုလ်မဖြစ်ဘူး"

ထိုကဲ့သို့သော အဖေ၏သတိပေးစကားအတိုင်း အလုပ်ကို သူ သေသေသပ်သပ် လုပ်ကိုင်နိုင်ခဲ့၏။

"ဦးမင်းမြတ်စံရဲ့သမီးက သိပ်တော်တာပဲ၊ သူ့အဖေအတိုင်းပဲ"

ဟု ချီးကျူးစကားသံကြားရသည့်အခါတိုင်း မျက်ရည်ဝဲမတတ် ခံစားဂုဏ်ယူဖြစ်ခဲ့သည်။

အဖေ့ကို ပို၍ ပို၍ အားကျစေခဲ့သည်။

❀❀❀





၄။

"မြသက်မော်၊ နင်က နင့်အဖေကို ချစ်တာလား၊ အားကျတာလား"

ဟု သူငယ်ချင်းတွေ မေးဖူးသည်။ သူက...

"ချစ်လည်းချစ်တယ်၊ အားလည်းကျတယ်၊ ဒါပေမဲ့ သေသေချာချာ တိတိကျကျပြောရရင် အဖေ့ကို ငါ အထင်ကြီးတာဟ။ အဖေက ငါ့ရှေ့မှာ တစ်ခါမှ မမှားဘူးတော့ အဖေလုပ်သမျှ၊ ပြောသမျှ အမှန်ပဲလို့ ငါယုံကြည်တယ်။ အဲဒီလို ယုံကြည်နေတဲ့အတွက် အဖေ့ကို ငါ အထင်ကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြခဲ့သည်။

"အိမ်ထောင်ရက်သားပြုရင်တောင် ငါ့ အိမ်ထောင်ဖက်ကို တိုင်းတာတဲ့ အဖေ့ရဲ့ပေတံလေးက သိပ်ရှိုးသားတယ်ဟ"

"ဘယ်လိုပေတံလဲ"

"သမီးလက်ထပ်မယ့်သူ သမီးရဲ့အိမ်ထောင်ဖက်ဟာ ချမ်းသာဖို့လည်းမလိုဘူး၊ ပညာတွေ အရမ်းတတ်နေဖို့လည်း မလိုဘူး၊ တစ်ခုပဲလိုတယ်၊ သမီးကိုယ်တိုင် တကယ်ချစ်ဖို့ပဲလိုတယ်...တဲ့"

သူငယ်ချင်းများအားလုံး မျက်လုံးလေးတွေ ဝိုင်းသွားခဲ့ကြသည်။

"နင့်အဖေရဲ့ပေတံက ရေရေလည်လည် ရိုးသားတယ်ဟာ။ ငါတို့အဖေဖြစ်ရင် သိပ်ကောင်းမှာပဲ"

သူငယ်ချင်းများစွာ၏ရှေ့မှောက်တွင်ပင် အဖေ့ကြောင့် ဂုဏ်တင်ခဲ့ရပါသေးသည်။

✿✿✿





၅။

အဖေ့သူငယ်ချင်း ဦးဘသာ၏ လက်ကိုင်ဖုန်းနံပါတ်ကို သူ နှိပ်သည်။ ဦးဘသာနှင့် အဆက်အသွယ်ရသည်။ ပြီးနောက် အဖေနှင့် စကားပြောခွင့်ရ၏။

"အဖေ... အဖေ အခုဘယ်မှာလဲ"

"... ဟိုတယ်မှာ သမီး၊ သမီး ဘာလုပ်မလို့လဲ"

"သမီး လိုက်ခဲ့ချင်လို့"

အဖေက ရယ်သံပြုသည်။

"မလိုက်ခဲ့ပါနဲ့ သမီးရယ်၊ ဒီမှာ အဖေ့သူငယ်ချင်းတွေချည်းပဲ၊ ဒီကောင်တွေက လူဆိုးတွေ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ ရယ်မောလျက်ပြောသည်။

"သမီးလိုက်ခဲ့ချင်တယ် အဖေရယ်နော်၊ အဖေ့
သူငယ်ချင်းတွေနဲ့ သမီးကို မိတ်ဆက်ပေးလေ။ နော်...
အဖေနော်။ ဒါပဲ...၊ ဒါပဲ။ သမီး လာနေပြီ"

ပြောပြီး ဖုန်းချပစ်လိုက်သည်။

အဖေရှိရာ ဟိုတယ်သို့ အလျင်အမြန်သွားရ၏။

❀❀❀

ဟိုတယ်အတွင်းသို့ရောက်လျှင်ရောက်ချင်း အဖေ့ကိုတွေ့သည်။ အဖေက သူ့သူငယ်ချင်းတွေနှင့်မိတ်ဆက်ပေးသည်။ အဖေ့သူငယ်ချင်းများတွင် ဦးဘသာသည် စီးပွားရေးသမား။ ကျန်သူငယ်ချင်းများမှာ အငြိမ်းစားကျောင်းအုပ်။ အငြိမ်းစားတရားသူကြီး။ စာရေးဆရာ။ ကုမ္ပဏီပိုင်ရှင် စသည်ဖြင့် ဆယ့်ငါးယောက်ခန့်ရှိသည်။

သူရောက်သွားသောအချိန်သည် စားဖွယ်ရာများကို မှာကြားထားပြီးစ အချိန်ဖြစ်၏။ အဖေ့သူငယ်ချင်းတွေပင် လူစုံကာစ။

❀❀❀

ပြည်ပဖြစ် အရက်ပုလင်းကြီးတွေ၊ စားပွဲရှည်ပေါ်တွင် ထည်ဝါစွာ ရောက်ရှိလာ၏။

ဟိုတယ်ဝန်ထမ်းက ဖန်ကလပ်များအတွင်းသို့ အရက်တွေ ကို ရောစပ်ပေးနေလေသည်။ အားလုံး၏ရှေ့တွင် အရက်ခွက်ကိုယ်စီ။

အဖေသည် ရှေ့တည့်တည့်ရှိ အရက်ခွက်သို့ လက်လှမ်း၏။





ထိုစဉ် သူက အနီးရှိ ဖန်ခွက်ငယ်အတွင်းသို့ အရက်တွေ လောင်းထည့်လိုက်သည်။ ပြီးနောက် ထိုအရက်ခွက်အတွင်းသို့ ရေခဲတုံးလေးတွေ ထပ်ထည့်လိုက်၏။

အဖေက လှမ်းယူထားသော အရက်ဖန်ခွက်ငယ်ကို စားပွဲပေါ်သို့ ပြန်တင်ပြီး

"သမီး ဘာလုပ်မလို့လဲ"

"သမီးလည်း သောက်မယ်လေ အဖေရဲ့"

အဖေ့မျက်ခုံး တွန့်ကွေးသွားသည်။ အဖေ့သူငယ်ချင်းတွေ ငြိမ်သက်သွား၏။ စားပွဲရှည်တစ်လျှောက်ရှိ သူငယ်ချင်းများထံသို့ အဖေ ဝေ့ခနဲကြည့်ပြီး သူ့ဘက်သို့ ပြန်လှည့်ကြည့်ကာ...

"နေဦး သမီး၊ သမီး ဒီလိုလုပ်တာ ဘာအဓိပ္ပာယ်
လဲ၊ အဖေ့ကို ရှင်းပြ"

သူက ပြုံးလျက်...

"ထွေထွေထူးထူး အဓိပ္ပာယ်မရှိပါဘူး အဖေ
ရဲ့၊ သမီးဘဝတစ်လျှောက်လုံးမှာ အဖေ အရက်
သောက်တာ တွေ့မှ မတွေ့ဖူးခဲ့တာ"

"ဟုတ်တယ်လေ... အဖေ မသောက်ဖြစ်ခဲ့ပါ
ဘူး။ အခုဟာက သူငယ်ချင်းဟောင်းတွေ ပြန်ဆုံကြ
လို့"

သူက အဖေ့ကို လက်ကာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဖေ ဘာလုပ်လုပ် ကောင်းတယ်၊ မှန်တယ်လို့ ယူဆခဲ့တာလေ အဖေ။ အခု အဖေ အရက်သောက်မှာကို သမီး မကန့်ကွက်ပါဘူး။ ကောင်းတဲ့အလုပ်၊ မှန်တဲ့အလုပ်လို့ပဲ သမီး ယူဆတယ်။ အဲဒါကြောင့် သမီး အဖေလုပ်တဲ့အလုပ်ကို လိုက်လုပ်မှာလေ"

အဖေ မျက်လုံးဝိုင်းသွား၏။

"ဟာ... နေဦး"

အရက်ခွက်ကို အဖေက စားပွဲအလယ်သို့ ညင်သာစွာ တိုးလိုက်၏။ ပြီးနောက် မတ်တပ်ရပ်လိုက်သည်။

"ကဲ... သူငယ်ချင်းတို့ ငါ့သမီးရဲ့စကားကို မင်းတို့ ကြားတယ်နော်၊ မင်းတို့ ငါ့ကို ခွင့်လွှတ်ကြပါ။ ဒီအရက်ကို ငါသောက်လိုက်တာနဲ့ ငါ့သမီး လိုက်သောက်တော့မယ်"

အဖေ... သူ့ကို တစ်ချက်ငုံ့ကြည့်သည်။ သူ့ရှေ့ရှိ အရက်ခွက်ကိုလည်း စားပွဲဝိုင်းအလယ်သို့ တိုးရွှေ့လိုက်၏။

"ဒီတစ်ညလုံး ငါ မင်းတို့နဲ့ပျော်ပျော်ပါးပါးနေပါ့မယ်၊ အရက်တော့ မသောက်ပါရစေနဲ့။ ငါ့ကို ခွင့်လွှတ်ကြပါ"

"မင်းမြတ်စံသမီးကတော့ အာဂသမီးပဲဟေ့"





ဟု ဦးဘသာက ရယ်မောအော်ပြောသည်။ အဖေက...

"ငါ ရှေ့နေတစ်ယောက်ကွ။ ငါ့ကိုယ်ငါ အမှန်တရားရဲ့ရှေ့နေ၊ တရားဥပဒေရဲ့ ရှေ့နေလို့ပဲ တစ်လျှောက်လုံး သတ်မှတ်ခဲ့တယ်။ တကယ်တော့ ငါက ဖခင်တစ်ယောက်ကွ။ ဖခင်ဆိုတာလဲ ရှေ့နေတစ်ယောက်ပဲ။ ဖခင်တစ်ယောက်ဟာ သားသမီးတိုင်းရဲ့ ရှေ့ကနေတဲ့ ရှေ့နေတွေပဲကွ။ အဲဒါကို ငါ အခုမှ တွေးလိုက်မိတာ။

ငါလုပ်သမျှကို ငါ့သမီး လိုက်လုပ်နေတတ်တယ်ဆိုတာ ငါ သိတယ်။ ဒါပေမဲ့ ငါ မဟုတ်တာလုပ်ရင် ငါ့သမီး လိုက်လုပ်လိမ့်မယ်လို့ ငါ တစ်ခါမှ မတွေးမိခဲ့ဘူး။

ငါ့ကို ခွင့်လွှတ်ကြကွာ။ ဖခင်တစ်ယောက်ရဲ့စိတ်ကို မင်းတို့ မြင်ပေးပါ။ ငါ့သမီးလေးကိုလည်း စိတ်မဆိုးကြပါနဲ့"

သူ့ပခုံးပေါ်သို့ အဖေ လက်တင်သည်။

အဖေ့ သူငယ်ချင်းများ အားလုံး လက်ခုပ်တီးကြ၏။ အဖေ့သူငယ်ချင်းများက သူ့ကို တစ်ယောက်ပြီးတစ်ယောက် ဂုဏ်ပြုနှုတ်ဆက်ကြသည်။

"သိပ်တော်တဲ့ သမီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုး၊ လူမိုက်များသာ ရောက်ရှိလေ့ရှိသော နေရာဟု (လူအများက) သတ်မှတ်ထားသည့် နေရာသို့ သူရောက်ရှိရပေတော့မည်။ သူသည် ကျွန်တော့်ချစ်သူဖြစ်၏။ သူ့ကို 'ဟန်နီ' ဟု ကျွန်တော် ခေါ်ပါသည်။ သူသည် ဖြူနုသွယ်ပျောင်း လှပ၊ ချောမောသည့် မိန်းကလေးတစ်ဦး ဖြစ်၏။ အလှပြင်တတ်သည်မှအပ မိန်းမဆန်သော နူးညံ့ပျော့ပျောင်းသည့် စရိုက်မျိုး သူ့တွင်မရှိ။ အထူးသဖြင့် သူသည် အလောင်းအစားကို လွန်စွာဝါသနာကြီးသူဖြစ်သည်။

နယ်ဒေသရှိ မိဘ၏ အလုပ်အကိုင်ကို ကူညီလုပ်ကိုင်ရုံဖြင့်၊ ငွေသိန်းပေါင်းများစွာ၊ သုံးဖြုန်းနိုင်မည်ဖြစ်သော်လည်း။ ထိုလုပ်ငန်းတို့ကို သူ စိတ်မဝင်စား။

"ငွေလိုချင်လို့ အလောင်းအစားလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ရင်ထဲမှာ ဒိန်းခနဲ.... ဒိန်းခနဲ မြည်ဟည်း
သွားရတဲ့ ရင်ခုန်သံကို ကြိုက်လို့''

ဟု ပြက်ရယ်စွာ သူပြောဖူးသည်။

မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းတို့၏ ဟန့်တားစကားတို့ကိုလည်း သူ မနာခံ။ ယုတ်စွအဆုံး ကျွန်တော့်စကားတို့ကိုပင်လျှင် မထိမဲ့မြင်ပြုခဲ့သည်။ ငယ်စဉ်က ရပ်ကွက်ထဲမှာ အပျော်တမ်း ကန်သည့် ဘောလုံးပွဲကိုပင်လျှင် လောင်းကြေးထပ်၍ လောင်းခဲ့သည်ဟု ကျွန်တော် ကြားဖူး၏။

''လောင်းစရာမရှိရင် ကိုယ့်ကိုကိုယ် ရေခပ်ပြီး
လောင်းချင်နေတာ''

ဟု သူက ရယ်ရယ်မောမော ပြောဖူးသည်။ ပြောမနိုင်၊ ဆိုမနိုင် သူ့ဝလေ့စရိုက်ကို ရင်တမမဖြင့် ငေးကြည့်နေရုံမှတစ်ပါး မည်သူမှ ဘာမျှ ပြော၍မရ။

❀❀❀

ယခုမူ ထိုဝါသနာ ထိုအကျင့်စရိုက်ကြောင့် တရားဥပဒေက လောင်းကစားပုဒ်မဖြင့် သူ့အား အရေးယူခဲ့ပေပြီ။ မျက်နှာမလိုက်သော တရားဥပဒေ၏ ဒဏ်ခတ်မှုကို သူခံယူရပေတော့မည်။ အချိန်ကာလ သိပ်မလိုတော့...။

❀❀❀





၂။

မောင်နှမတွေနှင့် ရန်ကုန်မှာ သူနေသည်။ သူနှင့် ကျွန်တော်က အိမ်နီးချင်း။ အမှုရင်ဆိုင်နေရသည်ကို မိဘနှစ်ပါး မသိကြ။

''အမှုက အခြေအနေသိပ်မကောင်းဘူး။
ထောင်ကျဖို့များတယ်''

ဟု သူပြောသည်။ သူ့မောင်တွေ ညီမတွေဖြင့် ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးကြသည်။

''မေမေ သိလို့မဖြစ်ဘူး''

ဟု သူ တုန်လှုပ်စွာပြော၏။ တိမ်းရှောင်ဖို့ သူ မစဉ်းစား၊ အပြစ်ဒဏ်ခံယူဖို့သာ သူရဲရဲဝံ့ဝံ့ ဆုံးဖြတ်သည်။ ထိုအဆုံးအဖြတ်ကို နှလုံးသားကို ကျွန်တော် ဦးညွှတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဘယ်လိုပြောကြမလဲ"

ဟု ညီမအငယ်က စိုးရိမ်တကြီး မေး၏။ ရုတ်တရက် အဖြေ မရကြ။ မောင်ဖြစ်သူက...

"မကြီး ရှောင်ဖို့ တိမ်းဖို့"

"အာ... ပေါက်ကရ၊ ကိုယ်လုပ်လို့ ကိုယ်ခံရတာ၊ ဘာမှ ရှောင်စရာမလိုဘူး၊ ဘယ်နှနှစ်ကျကျ ငါခံရဲတယ်၊ ငါ မေမေ့အတွက်ပဲ စိုးရိမ်နေတာ၊ ဖေမေ သိသွားရင် သေလိမ့်မယ်"

ထိုစကားအဆုံးတွင် ဝေ့ခနဲ တက်လာသော မျက်ရည်တွေကို မျက်ဝန်းမှာ မြင်ရ၏။

"ငါ မရှက်ဘူး၊ ငါ မကြောက်ဘူး၊ ငါ အထဲ ရောက်နေတုန်း မေမေ တစ်ခုခုဖြစ်သွားမှာပဲ ငါ ကြောက်တယ်၊ မိဘကို ငါ တစ်ခါမှ စိတ်ချမ်းသာအောင် လုပ်ခဲ့ဖူးတာ မဟုတ်ဘူး၊ ငါ့ကြောင့် မေမေ တစ်ခုခုဖြစ်သွားရင် ငါနောင်တရလို့ ဆုံးမှာမဟုတ်ဘူး၊ အဲဒါကိုတော့ ငါကြောက်တယ်"

ကျွန်တော် သူ့မျက်နှာကို ငေးကြည့်နေရင်း အကြံတစ်ခု ရသည်။ စီရင်ချက်ချရန် အချိန်ကာလ တစ်လလောက် လိုသေး၏။

"အိမ်ကို ဖုန်းဆက်လိုက်။ နောက်တစ်လလောက်နေရင် နိုင်ငံခြားသွားမယ်လို့"





အားလုံး လက်ခံကြ၏။

✿✿✿

"မေမေလား... သမီးပါ"

"......................"

"သမီး နိုင်ငံခြားသွားမလို့၊ မေမေ့ကို ကြိုပြောထားတာ၊ နောက်လလောက် သွားရမယ်"

"......................"

"မေမေ မလာပါနဲ့၊ သမီးလာခဲ့မယ်"

ဖုန်းချသွားသည့်အခါ

"မေမေ ဘာပြောလဲ"

ဟု ဝိုင်းမေးကြသည်။

"ဒုက္ခပဲ... မေမေက သူ လာမယ်တဲ့၊ မလာနဲ့လို့ ငါပြောလိုက်တယ်၊ ငါ မနက်ဖြန်အိမ်ကို သွားမှဖြစ်မယ်"

မောင်ဖြစ်သူဘက်သို့လှည့်ပြီး...

"အောင်အောင်... နင်လိုက်ခဲ့"

"ရုံးချိန်းနေ့မမီရင် ခွင့်စာတင်ထားပေးနော်"

ဟု ကျွန်တော့်ကို သူ မှာသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူနှင့် မောင်ဖြစ်သူတို့ အနီးအပါးတွင် မရှိကြသော အခါ သူက...

"ကိုကို... ဟန်နီထောင်ကျရင် ထောင်ထဲမှာ အဆင်ပြေပြေ နေလို့ရအောင် လုပ်ပေးနော်"

ထိုစကားကို ကျွန်တော် ဘဝင်မကျ။ 'ထောင်' ဆိုသော ဝေါဟာရကို ပျက်ပြားစေသော တောင်းဆိုမှု။ ထို့ကြောင့် ကျွန်တော်က...

"ထဆင်ထူးနဲ့ ထောင်ထားတာ၊ အနဲ့အိမ်ထားတာ မဟုတ်ဘူး။ ထောင်ကျရင် ထောင်သားလို နေရမှာပေါ့၊ အကျဉ်းကျပါတယ်ဆိုမှ အိမ်မှာနေသလို နေလို့ရမယ်ဆိုရင် လူတိုင်း ရာဇဝတ်မှုတွေကို တပျော်တပါးကြီး ကျူးလွန်ကုန်ကြမှာပေါ့"

သူ့မျက်နှာလေး ညိုသွားသည်။ အားပေးစကားပြောရမည့် အချိန် ဖြစ်ပါလျက် အားပေးစကား ကျွန်တော်ပြောမထွက်။ ခံနိုင်ရည်ရှိဖို့အတွက်သာ စကားထက်ထက်တွေကို ခါးသက်သက် ကျွန်တော်ပြောမိသည်။

❀❀❀





၃။

ဖခင်ကိုသာ အသိပေးလိုက်ကြောင်း မိခင်ဖြစ်သူကို (လုံးဝ) အသိမပေးဘဲ နိုင်ခြားသွားမည်ဟုသာ အယုံသွင်းထားကြောင်း သူ ဖုန်းဆက်ပြောပြသည်။ တိမ်းရှောင်ခြင်း မပြုသည့်အတွက် ဂုဏ်ယူကြောင်း ကျွန်တော်ပြောသည်။ ရင်ဆိုင်စရာရှိသည်ကို အမြန်ရင်ဆိုင်လိုက်ခြင်းက လုပ်စရာရှိသည်ကို လုပ်လိုက်ခြင်းမျှသာဖြစ်ကြောင်း ကျွန်တော် စကားအရာဖြင့် အင်အားဖြည့်တင်းသည်။

"အဲဒီအထဲကို အဆိုးနှစ်ဆိုး ဆိုတဲ့သူတွေ ရောက်တတ်ကြတယ်၊ တစ်ဆိုးက လူကိုယ်တိုင်ဆိုးတဲ့သူတွေ၊ တစ်ဆိုးက ကံဆိုးတဲ့သူတွေရောက်တယ်"

ဟု ကျွန်တော်ပြောပြသည်။

စိန်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီ ဆိုးသလား"

ဟု သူမေးသည်။

"နည်းနည်းဆိုးတယ်"

ဟု ကျွန်တော်ပြော၏။ သူရယ်မောသည်။

"လောကမှာ အလေလောင်းအစား ဝါသနာကြီးတဲ့ လူတွေ အများကြီးပဲ၊ အဲဒီအထဲမှာမှ ကိုယ်က အမှု အခင်းနဲ့ ရင်ဆိုင်ရတယ်ဆိုတော့ ကိုယ့်ကံဆိုးလို့ပေါ့၊ မဟုတ်ဘူးလား၊ အဲဒီလိုပဲ နှလုံးသွင်း"

"ထောင်ထဲဝင်ရမှာ နည်းနည်းတော့ကြောက် တယ်"

"ဟန်နီ အကြွေးရှိရင် မနေ့တာတ်ဘူးမဟုတ် လား"

"အင်း"

"ပြစ်မှုကြွေးကို အပြစ်ဒဏ်ခံပြီး သွားဆပ်တယ် လို့ နှလုံးသွင်းပေါ့နော်"

"Thank You"

မြန်မြန်ပြန်လာရန် ကျွန်တော်မှာသည်။

ရုံးချိန်း တစ်ချိန်း၊ နှစ်ချိန်းပြီးလျှင် စီရင်ချက်ချတော့မည်ဟု ခန့်မှန်း၏။

"မနက်ဖြန်နေ့ခင်းလောက် ပြန်ရောက်မယ်"





ဟု သူပြောသည်။

မနက်ဖြန်ကို မျှော်စောင့်နေရခြင်းကိုက ရင်နင့်ကြေကွဲခြင်းပင် ဖြစ်၏။ မခံစားရသူကဲ့သို့ နေထိုင်ပြောဆိုပြီး သူ့ကို အားပေးဖို့သာ ကျွန်တော် အားမွေးထားရသည်။

✿✿✿

"ကျွန်တော်တို့ ကားမှောက်လို့ ကျွန်တော်ကော့ ဘာမှမဖြစ်ဘူး၊ မကြီး လက်ထိသွားတယ်..."

ကံဆိုးသူကို ထိုကံကပင် ထပ်မံဆိုးရွားစေတတ်သွားသလား။ ကမ္ဘာ ရပ်တတ်လည်သွားသည်။

✿✿✿

ကားမှောက်သည့်နေရာ နယ်ဒေသသို့ ကျွန်တော် ချက်ချင်း လိုက်သွားသည်။ တိမ်းမှောက်သွားသည့်ကားကို ရန်ကုန်သို့ ဆွဲယူဖို့ ပိုင်းဝန်းစီစဉ်ဆောင်ရွက်ရသည်။ မောင်ဖြစ်သူနှင့် ကျွန်တော့်သူငယ် ချင်းတွေက ကားကိုသယ်ယူမည့်ကိစ္စ၊ ကျွန်တော်နှင့် ကျွန်တော့် ညီမဖြစ်သူက လူနာကို သယ်ဆောင်မည့်ကိစ္စတို့ကို ခွဲဝေဆောင်ရွက် ဖြစ်၏။

သူ့လက်ဝဲဘက် လက်မောင်းအတွင်းသားသည် ကြေကြေ မွမွ၊ ချေပ်ရိုးပဲရုပ္ပ။ (မောင်ဖြစ်သူသည် ပွန်းပဲ့ရာမျှပင် မဖြစ်)

✿✿✿

ရန်ကုန်တွင် ဆေးဝါးကုသမှုကို အမြန်ဆောင်ရွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရိုးဖြည်မည့်နေ့တွင် အနာပုပ်သဖြင့် ပေါင်သားလှီးပြီး အသား အစားထိုးဖို့ ဆောင်ရွက်ရပြန်သည်။

သူ့မိခင် ဖုန်းဆက်သည့်အခါ ဆေးရုံကို အိမ်အဖြစ် ပြောဆို ဖုံးဖိကြရ၏။ ကားမှောက်သည့်သတင်းကို ကြားပြီး သူ့မိခင် အိမ်သို့ လာသောအခါ သူ့ဒဏ်ရာသည် ပြေပြစ်သက်သာနေလေ၏။

"အနာ သိပ်မကြီးပါဘူး၊ အသားလှချင်လို့ အသား အစားထိုးတာပါ"

ဟု ဝိုင်းဝန်းချွေးသိပ်ကြလေ၏။

ကျွန်တော့်ကို သူ့မိခင်နှင့် မိတ်ဆက်ပေးသည်။ ဂရုတစိုက် ပြုစု ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း သူ့မိခင်က ကျွန်တော့်ကို ပြောသည်။

အခြားသော သားသမီး မြေးမြစ်တွေ နယ်ဒေသတွင် ရှိနေ သေးသဖြင့် မနက်ဖြန်ပြန်မည်ဖြစ်ကြောင်း မိခင်ဖြစ်သူပြော၏။ သမီး ဖြစ်သူကို စိတ်မချကြောင်း၊ သူ့အတွက် အမြဲတမ်းပူပင်နေရကြောင်း ပြော၏။

"ကျွန်တော် အသက်ရှိနေသရွေ့ အန်တီ့သမီး ကို ကျွန်တော် ကာကွယ်စောင့်ရှောက်နေပါ့မယ်၊ ဘာအတွက်မှ မပူပါနဲ့"

ဟု ကျွန်တော် လှိုက်လှိုက်လှဲလှဲ ပြောဖြစ်သည်။

"အန်တီ စိတ်ချမယ်နော်"





ဟု မှာကြားသည်။

"စိတ်ချ"

ဟု မာကျောခိုင်မတ်စွာ ကျွန်တော်ပြောသည်။ စကားသံ မတုန် ယင်အောင် ကြိုးပမ်းရသည်မှာ လွန်စွာခက်ခဲသည်။

မကြာမီ စီရင်ချက်ချမှတ်ပေတော့မည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၄။

" ----- । -------। -------।

ပုဒ်မ ဆယ့်ငါး(က) အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ်တစ်နှစ် ကျခံစေရန်"

ကျွန်တော် မျက်ရည်ဝေ့ပါသည်။ သို့သော် ကျွန်တော် ငို၍ မဖြစ်။ မျက်ရည် ပိုးပိုးပေါက်ပေါက်ကျနေသော သူ၏ပခုံးလေးကိုသာ ကျွန်တော် ပြေးဖက်လိုက်သည်။

အပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေ၊ ညီအစ်ကိုမောင်နှမတွေ အားလုံး မျက်ရည်စို့ရွဲစွာ ငိုကြွေးခွင့်ရကြသည်၊ ကျွန်တော် ငိုခွင့်မရ၊ သူ့အား ဖေးမအားပေးချင်သေး၏။

❀❀❀





"လွတ်ငြိမ်းချမ်းသာခွင့်တွေ ဘာတွေ ရှိချင်ရှိနိုင်တယ်၊ အဲဒါဆို တစ်နှစ်တောင် မနေရပါဘူး၊ အစစအရာရာ စိတ်ချ၊ နော်... ဟန်နီ၊ လက်က အနာကိုလည်း ဂရုစိုက်၊ အနာကျက်သွားပြီဆိုပေမဲ့ ကွေးလိုက်၊ ဆန့်လိုက် များများလုပ်ပေး။ အချိန်အားတိုင်း တရားအားထုတ်နော်"

မျက်ရည်ဝေ့ဝေ့ဝဲဝဲတွေဖြင့် သူ ခေါင်းညိတ်သည်။

"မေမေ မသိစေချင်ဘူးနော်၊ မေမေ သိလို့ မဖြစ်ဘူး"

"မသိစေရပါဘူး၊ နိုင်ငံခြားသွားတယ်လို့ ပြောထားကြမယ်"

သူ ကျွန်တော့်ကို ငဲ့ကြည့်သည်။ ကျွန်တော့်မျက်ဝန်းတစ်လျှောက် မျက်ရည်ရောင်ဟူသမျှကို သူ မတွေ့စေရ။

"ကိုကို... နေကောင်းအောင်နေနော်"

"စိတ်ချ၊ ဟန်နီ့အတွက် ဒေါင်ဒေါင်မြည်နေစေရမယ်၊ ဘာမှမပူနဲ့"

"ခဏ ခဏ လာတွေ့နော်"

ပြုံးလျက် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ထောင်ဘူးဝအထိ ကျွန်တော် လိုက်ပို့သည်။ ထောင်ဘူးဝသို့ ဝင်လျှင်ဝင်ချင်း စီးနင်းထားသော ဖိနပ်ကို ချွတ်ရသည်။ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရက်သဖြင့် မမြင်ချင်ဟန် ကျွန်တော်ပြုလိုက်၏။
ဒဏ်ရာကျက်ခါစ လက်ကွေးကွေးလေးနှင့် ဖိနပ်ချွတ်လိုက်
ရသော ခြေထောက်ဖွေးဖွေးလေးတို့ကို ငေးကြည့်ရင်း ကျွန်တော်
ရင်နင့်သည်။ သူလှည့်အကြည့်တွင် ကျွန်တော် လက်ပြလိုက်သည်။
မျက်ရည်တွေ ဝေ့တက်လာ၏။ (သူလက်ပြခွင့်မရ)
ထောင်ဘူးဝအတွင်း သူ ဝင်ရောက်ပျောက်ကွယ်သွားသည့်
အခါ မျက်ဝန်းမှာ ပါးပြင်ထက်မှာ မျက်ရည်တချို့ စီးကျသည်။
(အော်ဟစ် ငိုကြွေးခွင့်တွေ လိုချင်၏။)

❀❀❀

ဘာစကားမျှ မမှာကြားလိုက်ရ။ မှာကြားစရာ စကား၊ ချွေး
သိပ်ဖြေဆည်စရာ စကားများ ရင်ထဲမှာ ကိန်းဝပ်နေဆဲဖြစ်၏။
"ဟန်နီ့ကို စီရင်ချက်ချလိုက်တာ တရားသူကြီး
က ချလိုက်တာမဟုတ်ဘူး၊ ဟန်နီရဲ့ ကံတရားကသာ
လျှင် ဟန်နီ့ကို စီရင်ချက်ချလိုက်တာ၊ အဲဒီအတွက်
ဘယ်သူ့ကိုမှ စိတ်မဆိုးနဲ့! စိတ်မနာနဲ့၊ ဒီအလုပ်ကို
လုပ်မိလို့ ဒီအပြစ်ဒဏ်ကိုခံရတယ်လို့သာ နှလုံးသွင်း...။
ရှောင်တိမ်းပြေးလွှားပြီး ဥပဒေကို လက်တစ်လုံး
ခြား ပြုမူနေသူတွေယက်စာရင် ရဲရဲရင့်ရင့် အပြစ်ဒဏ်
ကို ရင်ဆိုင်ဝံ့တဲ့ ဟန်နီ့ကို ကိုကို ချီးကျူးတယ်၊
ဂုဏ်ယူတယ်၊ လေးစားတယ်။





ကိုယ်က မဆိုးခဲ့ရင်တောင် သံသရာရဲ့ ကံကြွေးမှာ
က ဆိုးခဲ့ရင်လည်း ဒီအထဲကို ရောက်နိုင်တယ်၊ တကယ်
တော့ လူ၊ သတ္တဝါ၊ နတ်၊ ဗြဟ္မာတိုင်းဟာ ရုပ်နာမ်
မပြီးပြတ်သေးသရွေ့ သံသရာအကျဉ်းထောင် ထဲမှာ
လူးလာ့လည်ပတ်နေကြရတဲ့ သံသရာ အကျဉ်းသားတွေ
ချည်းပါပဲ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့နော် ဟန်နီ"
စသဖြင့်သော စကားတွေကို ပြောခွင့် မှာခွင့် ရလိုက်ဦးမည်
ဆိုလျှင် ကျွန်တော် ပြောပြမှာခြွေချင်သေးသည်။ (ဒါပေမဲ့ အိမ်ပြန်
ရောက်မှ တစ်ယောက်တည်း အားပါးတရ အော်ဟစ်ငိုချလိုက်ရ၏)

❀❀❀

ထောင်ဝင်စာတွေ့သည့်နေ့တွင် အဖြူရောင်အဝတ်အစားလေးဖြင့်
သူ့ကို လန်းဆန်းစွာ ကျွန်တော်တွေ့ရသည်။
ကြည့်ငေးလျက် ချစ်သူစင်စစ်မှ ချိုးဖြူငှက်ငယ်တစ်ကောင်
သာ ပြောင်းလဲဖြစ်တည်စေချင်မိ၏။
လိုအပ်သည်များကိုသာ သူ မှာကြားသည်။
ရုပ်ရှင်တွေထဲကလို တစ်ယောက်မျက်နှာ တစ်ယောက် တစိမ့်
ပို့ကြည့်ငေးပြီး မျက်ရည်တွေ အများကြီးကျ၊ စကားတွေ အများ
ကြီးပြောရင်း မမောနိုင် မပန်းနိုင် လွမ်းဆွတ်ကြေကွဲနေချိန်မရ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၅။

သမုဒ္ဒိလောကတွင် ငိုလိုက် ရယ်လိုက်ဖြင့် ဒုက္ခဇရပ်ကို ရင်ဆိုင်ခံစားကြရပေဦးမည်။ ကျွန်တော်လည်း ခံစားကြေကွဲရပါသည်။

'သူ့ဒဏ် သူခံ၊ ကိုယ့်ဒဏ် ကိုယ်ခံ' ဆိုပေမယ့် ချစ်သူ၏ အပြစ်ဒဏ်ကို ပြောင်းလဲခံယူပေးခွင့်ရမည်ဆိုလျှင် ကျွန်တော် လွှဲပြောင်းခံယူပေးချင်သည်။ (ကျွန်တော့်စိတ်တွေလည်း ထောင်ကျနေပါသည် ဟန်နီ...)





'သမုဒ္ဒိ... နွေ'
ကံရှိသရွေ့
ပြန်မည့်နေ့... မျှော်
လက်တွဲဖော်... ဝေး
မခွေးထွေးဘူး။

အေးမြစိမ့်ချမ်း
သိမ်းရိုက်လွမ်းငို
တိမ်တောင်ညှိုမည်း
တစ်ကိုယ်တည်းပါ။

ပြိုလဲလုလု
သမုဒ္ဒိ... နွေ
သူ၏စေရာ
ဝေဒနာဖြစ်
မနေသာနစ်မျော
မျှော်လင့်ဇောက
ရင်ကို...
မောပန်းကြေနွမ်းသည်...။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူသည် သူ၏အပြစ်ဒဏ်ကို သူ့ဘာသာ ခံယူနေပေပြီ။ သူ့ကံတရားက သူ့ကို စီရင်ချက်ချသည်ဟု ကျွန်တော်ခံယူထားသည်။ ထိုသို့ဆိုလျှင် ချစ်သူအတွက် ခံစားရသည့် ကျွန်တော့်ရင်ထဲက သောက အစုအဝေးကို မည်သူနှင်းအပ်လေသနည်း။

ကျွန်တော့် ကံတရားကသာ ကျွန်တော့်အား ထိုသို့ခံစားရစေရန် စီရင်ချက်ချသည်ဟု ခံယူဖြစ်သောအခါ တစ်ကြိမ်တစ်ခါ သံသရာ တစ်ခုခုတုန်းကများ ချစ်သူတို့အား ကွေကွင်းစေသော ကံအပြုအမူ တစ်ခုခုကို ကျွန်တော် ပြုမူလွန်ကျူးခဲ့လေသလား။ စဉ်းစားရင်း ရင်ကော့လိုက်စဉ် တရားခံ စင်စစ် ကျွန်တော်ဖြစ်ပေသည်။ ။

ပန်အနုပညာမဂ္ဂဇင်း

(အမှတ် ၈၊ ၂၀၀၅ ဧပြီလ)





# နောင်တ . . . မလွန်



www.burmeseclassic.com

ဘ။

ငါ... ရင်ဖွင့်တာပါ သူငယ်ချင်းရယ်။

အသက် သုံးဆယ်ကျော်မှ လင်ပူမိတဲ့... ဘဝဝေဒနာကို၊ ဘယ်မှာ ရင်ဖွင့်ရ မှန်းမသိလို့ နင့်ဆီကို စာရေးပြီး ရင်ဖွင့်ရတာပါ။

✿

မြန်မာပြည် အလယ်ပိုင်းက, နေ၊ မြန်မာပြည် တောင်ဘက်ပိုင်းအထိ အရဲစွန့်သွားပြီး၊ လင်ပျောက်ရှာရတဲ့ ငါ့အဖြစ်ဆိုးက၊ တွေးကြည့်ရင် ရှက်လည်းရှက်ပါတယ်။ ရင်လည်း နာပါတယ်ဟာ။

အစက... အဆုံးအထိ၊ အကျဉ်းရုံးပြီး၊ ငါပြောပြမယ်နော်။

ငါက... အမေတစ်ခု သမီးတစ်ခုပါ။ အသက် သုံးဆယ်

www.burmeseclassic.com



အရွယ်အထိ၊ အမေကို လုပ်ကျွေးတဲ့...သမီး၊ ဗိုင်းကောင်းကျောက်ဖိ အမျိုးသမီးတစ်ယောက်အဖြစ်၊ ငါနေထိုင်ခဲ့ပါတယ်။

ငါ့ မြို့လေးမှာ၊ ငါက... စတိုးဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်။ အမေနဲ့ ငါနဲ့ နှစ်ယောက်စာပဲ ရှာဖွေရတာဆိုတော့၊ ငွေကြေး ဖူလုံတယ် ဆိုပါတော့။ ငါ့ စတိုးဆိုင်ရဲ့ နံဘေးမှာ၊ ကုန်စုံဆိုင် တစ်ဆိုင်ရှိတယ်။ အဲဒီ ကုန်စုံဆိုင်မှာ၊ ဆိုင်ပိုင်ရှင်ရဲ့ တူလေး တစ်ယောက်က၊ အကူအလုပ်သမားအဖြစ် လာလုပ်တယ်။

ကောင်လေး နာမည်က၊ မင်းမင်းကျော်...တဲ့၊ ငါ့ထက် အသက် ဆယ်နှစ်လောက်ငယ်ပါတယ်။ ကောင်လေးက ဆယ်တန်းအောင်ပြီး သားလေးဆိုတာ ငါ မသိဘူး။ နီးစပ်ရာတွေ ပြောသံ ဆိုသံကြားတော့မှ ငါ... သိတာ။

အဲဒီမင်းမင်းကျော်က၊ တက္ကသိုလ်တက်ဖို့၊ အဒေါ်ဖြစ်သူရဲ့ ကုန်စုံဆိုင်မှာ အလုပ်ကူလုပ်ရင်း၊ ကျောင်းစရိတ်လာရှာတာ...တဲ့။ (သူ့မြို့၊ သူ့ဇာတိတော့၊ ငါ ထည့်မပြောတော့ဘူးနော်)။

ဆယ်တန်းအောင်ပြီးသားလေး ငါ့မောင်အရွယ်...လို့တွေးပြီး... ငါ့ရင်ထဲမှာ ဂုဏ်ယူပီတိဖြစ်မိခဲ့တယ်။ ငါက... ညီအစ်ကိုမောင်နှမငတ်ခဲ့ ရသူဆိုတော့၊ အဲဒီမင်းမင်းကျော်လေးကို၊ ငါ့မောင်လေးတစ်ယောက်လို သဘောပိုက်ပြီး၊ ကူညီချင်စိတ်၊ အားပေးချင်စိတ်၊ ပေးကမ်းချင်စိတ်၊ မြှောက်စားချင်စိတ်တွေ ဖြစ်ခဲ့ရတယ်။

❀❀❀





၂။

အမေ့ခွင့်ပြုချက်ကိုယူပြီး၊ မင်းမင်းကျော်ရဲ့ကျောင်းစရိတ်ကို ပညာဒါနအဖြစ်၊ ငါ တာဝန်ယူပေးကမ်းဖြစ်ခဲ့တယ်။ သူ့ရဲ့ရိုးသား ကြိုးစားမှု၊ ငါ့ရဲ့စေတနာ မေတ္တာနဲ့ ပံ့ပိုးမှုတွေကြောင့်၊ သူ တက္ကသိုလ် က ဘွဲ့တစ်ဘွဲ့ရခဲ့တယ်။

သူငယ်ချင်းရေ...

သဒ္ဓါလွန်ရင် တဏှာကျွံတယ်ဆိုတာ၊ တကယ့်အမှန်တရား စကားပါပဲ။ မောင်လို၊ အစ်မလို နေထိုင်ကူပံ့နေရင်းက ငါ... သူနဲ့ လက်ထပ်ဖြစ်ခဲ့တယ်။ သူကလည်း... "မကြီးကိုချစ်တယ်ဗျ..."လို့ ပြောတာကိုး။ (သူ့အသက် နှစ်ဆယ့်ငါးနှစ်၊ ငါ့အသက် သုံး[illegible]ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟာ)။ လူ့သဘာဝအရ စကားတင်းအမျိုးမျိုးကိုတော့၊ ငါ... ရင်ဆိုင်ခဲ့ရသေးတာပေါ့။

အမေကလည်း... သားအရင်းတစ်ယောက်လို သူ့ကို အရမ်းချစ်။ ငါကလည်း... မောင်တစ်ယောက်လို ချစ်ခင်ပြီး လင်ယောက်ျားအပေါ် စုံမက်ကိုးကွယ်ခဲ့ပါတယ်။ ပြီးတော့... ငါ သူ့ကို အရမ်းချစ်ခဲ့တယ်။

ချစ်သူရည်စားလည်း တစ်ခါမျှ မထားဘူးခဲ့တဲ့ မိန်းမသားတစ်ယောက်၊ ဒီတစ်သက် အိမ်ထောင်ပြုဖြစ်လိမ့်မယ်လို့၊ ကိုယ့်ကိုကိုယ် ထင်မှတ်မထားခဲ့တဲ့ မိန်းမသားတစ်ယောက်၊ ဒီကောင်လေး... အပေါ်မှာ ဘယ်လောက်ချစ်မိမယ်ဆိုတာ နင်... ခံစားတွေးတောကြည့်စမ်းပါ။

❀

အသက်ကြီးမှ အိမ်ထောင်ပြုခဲ့ရပေမဲ့၊ ငါ့ရင်ထဲမှာ... ဆယ်ကျော်သက်လေးတစ်ယောက်လို ပျော်မြူးရင်ခုန်ခဲ့ရတာပါ။ တကယ့်ကိုကြည်နူးခဲ့ရတာပါဟာ။

အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်ရဲ့ မယားဝတ္တရားအားလုံးကို ငါ... ကြည်ကြည်နူးနူး ကျေကျေနပ်နပ် ကြင်ကြင်နာနာနဲ့ ကျေပွန်အောင် နေထိုင်ယုယခဲ့ပါတယ်။ တစ်ခါတလေ၊ မင်းမင်းကျော်ကို ကိုယ့်သားလေး...လို့တောင် သဘောထားပြီး၊ ချော့မော့ဖြစ်သေးတယ်။





အိမ်ထောင်သည်မိန်းမတစ်ယောက်ရဲ့ အဖိအစီးလေးတွေကို ငါ... (နည်းနည်း) ပြောပြပါဦးမယ်။

သူ့ဆွေမျိုးသားချင်းတွေ၊ အလည်အပတ်ရောက်လာရင်၊ ငါ့ဆွေမျိုးသားချင်းလို၊ သဘောထားပြီး ကျွေးမွေးဧည့်ခံခဲ့တယ်။ လိုလေသေးမရှိ ဧည့်ဝတ်ပြုခဲ့တယ်။ သူ့ညီအစ်ကို မောင်နှမတွေလာရင် ငါ့မောင်တွေ၊ ငါ့ညီမတွေလာတယ်လို့ သဘောထားပြီး နွေးနွေးထွေးထွေး၊ လှိုက်လှိုက်လှဲလှဲ ခေါ်ပြောဆက်ဆံပေးကမ်းခဲ့ပါတယ်။

ပေးကမ်းခဲ့တယ်ဆိုတာက သူ့အစ်မ (အိမ်ထောင်သည်) တစ်ယောက် စားဝတ်နေရေး မပြေလည်တဲ့အတွက် ငွေကြေးထောက်ပံ့ရတာမျိုး၊ သူ့အစ်ကို၊ သူ့ညီမ... စသည်ဖြင့် မပြေလည်တဲ့အခါ ပေးကမ်းကူညီခဲ့တာတွေကို ဆိုလိုတာပေါ့နော်။ ဒါပေမဲ့... ငါ ပေးရ၊ ကမ်းရ၊ ကျွေးရ၊ မွေးရတယ်လို့ တွန့်တိုစိတ်မဖြစ်ပါဘူး။ (လင်ယောက်ျားရဲ့ မျက်နှာနဲ့ပဲ လင်ယောက်ျားရဲ့မိသားစု အသိုင်းအဝိုင်းတစ်ခုလုံးကို ကိုယ့်မိသားစု ကိုယ့်အသိုင်းအဝိုင်းလို ငါ... သဘောထားခဲ့တာပါ။)

❀



www.burmeseclassic.com

www.burmeseclassic.com



၃။

ငါ့စတိုးဆိုင်လေးကို သူ့ကိုပဲ ဦးစီးခိုင်းပြီး သူ့နောက်ကသာ ငါ ရပ်တည်ခဲ့ပါတယ်။ သူ့ကို လူ အထင်သေးမှာစိုးလို့၊ ငါက သူ့ကို နေရာပေးတဲ့သဘောပေါ့။

အိမ်ထောင်သက် (၂) နှစ်အတွင်းမှာ၊ ငါ… တစ်ခါမှ မတွေး ထင်ထားခဲ့တဲ့ ပြဿနာလေးတွေကို၊ ရင်တထိတ်ထိတ် ကြုံခဲ့ရပါတယ်။ ပြဿနာလေးတွေလို့ သုံးနှုန်းရပေမဲ့ တကယ်က ငါ ရင်နဲ့ မဆန့်အောင် ခံစားခဲ့ရတာတွေပါ။

အသောက်အစားဖက်လာတယ်။ သူက… “မကြီး…” လို့ခေါ်တဲ့ ငါ့ကို မရှိမသေ အော်တတ်ငေါက်တတ်လာတယ်။ (မရှိသေ့





စကား) မိန်းမသား အပျော်အပါးမျိုးတွေကိုပါ သူ… ကျူးလွန်လာတယ်လေ။ လင်ယောကျ်ားတစ်ယောက်အပေါ်မှာဖြစ်တဲ့ ဒေါသ…, သောက…, စိတ်မျိုးကို ဖိသိပ်သိမ်းဆည်းပြီး၊ သားတစ်ယောက်ကို မိခင်တစ်ယောက်က၊ ပွဲပြင်သလိုမျိုး၊ ငါ… ပြောပြ နားချခဲ့ပါသေးတယ်။

(အရွယ်ကလည်းကွာ၊ ငါ့ရုပ်ရည်ကလည်း၊ တောဆန်ဆန် ရုပ်ရည်မျိုးဆိုတော့၊ သူ… ငြီးငွေ့လာတာ ဖြစ်မှာပေါ့)။ ရင်ထုမနာ ခံစားခဲ့ရပေမဲ့၊ အမေသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့၊ ရင်မထုဘဲ နာခဲ့ရတယ်။

ချစ်ခင်နှစ်သက်သူနဲ့ ပေါင်းဖော်ခွင့်ရလို့၊ ဘဝတစ်လျှောက်လုံး ပျော်ရွှင်ကြည်နူးရလိမ့်မယ်… လို့ တွေးထင်ခဲ့မိသမျှ၊ ဒုက္ခတွေချည်းပါပဲ။ စိတ်ဒုက္ခက၊ လူမမြင်ပေမဲ့၊ ပူပင်မှုက၊ ပြင်းထန်လွန်းတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မင်းမင်းကျော်အပေါ်၊ ချော့ချော့မော့မော့ ပျော့ပျော့ပြောင်းပြောင်းနဲ့၊ ငါ… နေထိုင်ဆက်ဆံခဲ့ပါတယ်။ (အပူရုပ်ကို ဟန်လုပ်ခဲ့ရတယ်ပေါ့ သူငယ်ချင်းရယ်)။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၄။

လွန်ခဲ့တဲ့ (၆) လလောက်က၊ သူ့အစ်မမိသားစု၊ မြန်မာပြည်တောင်ပိုင်းက၊ မြို့တစ်မြို့မှာ စီးပွားရေးသွားလုပ်ကြတယ်၊ အရမ်းအောင်မြင်တိုးတက်သွားတယ်။ အဲဒီကို၊ ခင်းမင်းကျော်က လိုက်သွားချင်တယ်တဲ့၊ စီးပွားရေးအရ၊ လိုက်သွားစရာလိုလောက်အောင်၊ ငါတို့နှစ်ယောက်ဘဝ ပြည့်စုံသားပဲ...လို့ ငါက... ပြောတယ်၊ သူက...

"ခင်ဗျားနဲ့မနေချင်တော့လို့" ... တဲ့။

ပြောရက်, ပြောထွက်လိုက်တာ။ ရင်ထဲမှာ နင့်သွားတာပဲ။ "မကြီး..." လို့ ခေါ်ဝေါ်ခဲ့တဲ့၊ အခေါ်အဝေါ်တွေ ဘယ်ရောက်သွားပါ





လိမ့်၊ ငါ့မှာလေ... သူ စွန့်ပစ်သွားမှာစိုးလို့၊ မျက်စေ့အောက်က အပျောက်မခံနိုင်လောက်အောင်၊ အရိပ်တကြည့်ကြည့်၊ နေနေခဲ့ရသေးတယ်။

ဒါပေမဲ့ သူငယ်ချင်းရယ်...

လူဆိုတာ ကြိုးနဲ့ချည်ထားလို့ရတဲ့ သတ္တဝါမဟုတ်တော့၊ လွတ်ထွက်သွားရတယ်ဆိုပါတော့။ သားသမီးဆိုတဲ့ သံယောဇဉ်ဆင့်ပွားကြိုးနဲ့လည်း၊ ငါ မချီခဲ့ပါဘူး။ ငါ့ရင်ထဲက ကိုယ်ပိုင်သံယောဇဉ်ကြိုးနဲ့လည်း၊ နိုင်နိုင်မာမာ မချည်နှောင်တတ်ဘူး။

လမ်းထိပ်သွားဦးမယ်...လို့ပြောပြီး စက်ဘီးတစ်စီးနဲ့ထွက်သွားလိုက်တာ၊ အချိန်တန်လို့ အိမ်ပြန်မလာတဲ့အခါ၊ ငါ... လိုက်ရှာမိတယ်။ ကွမ်းယာဆိုင်တစ်ဆိုင်ရှေ့မှာ၊ သူ့စက်ဘီးကိုပဲ တွေ့ရတော့တယ်။

လူကတော့... ကြိုရာကားနဲ့ ကြုံသလို၊ ထွက်ပြေးသွားတော့တာပေါ့လေ။

အဖြစ်မှန်ကိုး အမေသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့၊ ဖုံးဖိခဲ့ပါ သေးတယ်။ သူ့အစ်မ,တွေဆီ၊ အလည်သွားတယ်...လို့ပဲ အမေ့ကို အသိပေးထားဖြစ်တယ်။

မိုင်ပေါင်းများစွာ အကွာအဝေး။ ငါ မရောက်ဘူးတဲ့နေရာဒေသ။ သူ... ထွက်သွားရက်တယ်။ ကုန်းတစ်တန်၊ ရေတစ်တန်နဲ့ ငါ... သူ့နောက်ကို ခက်ခက်ခဲခဲ လိုက်သွားခဲ့ရတယ်။ (ရှိုင်းရှိုင်းပြောရရင်၊ လင်ပျောက်ကို အရှာထွက်ရတာပေါ့ဟာ)။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုတော့...,

"သမီးလည်း မင်းမင်းကျော်အစ်ခတွေဆီ လိုက်လည်ဦးမယ်"...

လို့ လိမ်ပြောဖြစ်ခဲ့ပါသေးတယ်။

❀❀❀





၅။

ငါ...လိုက်လာမယ်ဆိုတဲ့သတင်း ကြိုတင်ရသွားကြတယ် ထင်ပါရဲ့။ သူရှိတဲ့နေရာ (သူ့အစ်မ၊ ညီမ၊ မိဘတွေရှိတဲ့နေရာကို) ငါ... ရောက်သွားတော့ မင်းမင်းကျော်ဟာ မင်းမင်းကျော် မဟုတ်တော့ဘူး။ သူတော်စင် တစ်ယောက်ဖြစ်နေပြီ။

အညိုရောင်ယောဂီအဝတ်ကို ထက်အောင်ဝတ်ဆင်ပြီး၊ ပုတီးတစ်ကုံးကို စလွယ်သိုင်းပြီးလွယ်ထားလိုက်ပြီ။ စက္ကူခြေကိုချပြီး

"မကြီး၊ ပြန်ပါတော့ဗျာ..." တဲ့။

"လောကီဒုက္ခတွေကို မခံစားချင်တော့ဘူး..." တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်သားမွေးကိစ္စတွေကို စိတ်မဝင်စား

ချင်တော့ဘူး" ... တဲ့။

သူ့မျက်နှာကို ငေးကြည့်ပြီး၊ ဖွဲ့ချက်ရည်တွေ၊ ပိုးဆိုးပေါက်ပေါက်ကျလာရတယ်။ ငါ... လက်အုပ်ချီလိုက်ပါတယ်။ "သာဓု... သာဓု... သာဓု"လို့... ငိုသံတုန်တုန်ရင်ရင်နဲ့ ပြောပြီး ငါ... တောင်းပန်စကား ပြောမိပါသေးတယ်။

✿

"မင်း... ဒီလိုအစီအစဉ်၊ စိတ်နှလုံးရှိတယ်ဆိုရင်

လည်း၊ မကြီးကိုပြောပါလား။ မကြီးရဲ့မြို့မှာတော့၊ ဒီလို

နေလို့မရဘူးလား"

လို့ သူ့မိသားစုတွေရှေ့မှာ မေးမိပါတယ်။

"ကျွန်တော် စွန့်လွှတ်ခဲ့တာမဟုတ်ဘူး၊ စွန့်ခွာ

ခဲ့တာ..." တဲ့။

စကားလုံးလေးက လှလိုက်တာ။

သူ့နှုတ်ဖျားက စကားလုံးလှလှလေးကို ငါ့ရင်ထဲက ထွက်ကျလာတဲ့ စကားလုံးတွေနဲ့၊ ငါ မှိမ်းမိမိလိုက်တယ်။

"မယားကိုတော့ စွန့်ခွာပြီ၊ အမေတွေ၊ အစ်မ

တွေ၊ ညီမတွေကိုတော့၊ ဘာဖြစ်လို့ မစွန့်ခွာတာလဲ

မင်းမင်းကျော်။

လူ့ဘောင်ကိုစွန့်တာလား။ မယားကိုစွန့်တာလား။





လူ့ဘောင်ကိုစွန့်တယ်ဆိုရင်လည်း၊ လူ့ရှေ့ပြီး မစွန့်ပါနဲ့

မင်းမင်းကျော်ရယ်"

ငါကတော့၊ ကြမ်းပြင်ပေါ်မှာ ဒူးထောက်လျက်ပေါ့။ သူ့မိဘမောင်ဘွားတွေနဲ့ သူကတော့..., အိမ်ကြီးရှင်တွေပီပီ ဆက်တီထိုင်ခုံတွေပေါ်မှာ အခန့်သား... မျက်နှာထားတွေနဲ့ပေါ့။

သူ့ညီမတစ်ယောက်က...

"မကြီးကလည်း၊ ကောင်းတဲ့အလုပ်,လုပ်နေတဲ့

သူကို၊ အ,ကုသိုလ်ဖြစ်အောင် လုပ်နေပြန်ပြီ" တဲ့။

ရင်နာလိုက်တာ သူငယ်ချင်းရယ်။

✿

"ခင်ပျားကိုငြီးငွေ့လို့၊ မပေါင်းနိုင်တော့ဘူး" ဆိုရင်တောင်၊ ယောက်ျားပီပီသသ၊ ပြတ်ပြတ်သားသားပြောပြီး၊ စွန့်ခွာသွားရင်တောင်၊ ငါ... ကျေနပ်ချင်ပါသေးတယ်။

အခုတော့ဟာ...

ငါ... ရှေ့တိုးဖို့ခက်အောင်၊ သူတို့ အသုံးပြုလိုက်တဲ့ အကာအရံကား အသုံးပြုသင့်တဲ့ အကာအရံမျိုးဆိုတာ၊ သူတို့ မတွေးမိကြဘူးလား။ တွေးမကြောက်ကြတော့ဘူးလား။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



၆။

ငါ့ကို ထမင်းတစ်နပ်တောင် မကျွေးကြဘူး။

ငါ့ဘာသာဝယ်စားရတယ်။ ပြန်ဖို့စကားပဲ ပြောကြတယ်။

မျက်ရည်စက်လက်နဲ့ ငါ... ပြန်ခဲ့ရတယ် သူငယ်ချင်း။

"မင်း... ကုသိုလ်တရားပွားများမယ့်အချိန်မှာ၊
ငါက,တော့ လောကပါရီဒေဝတွေနဲ့ ပူလောင်နေရတယ်
ဆိုတာကို၊ မင်း... အချိန်အားလပ်မှ နှလုံးသွင်းပေးပါ...
မင်းမင်းကျော်"

ငါ... ဘယ်သူ့ကိုမှ မနှုတ်ဆက်တဲ့ ပြန်လာခဲ့တယ် သူငယ်ချင်း၊





နောင်တမလွန်အတွက် ရည်ရွယ်ရည်စူးပြီး၊ တကယ့်သူတော်ကောင်းဘုရား ပွားများတော့မယ်ဆိုရင်၊ ငါ... သာဓု တကယ်ခေါ်ပါတယ်။

အဲဒီလိုမှမဟုတ်ဘဲ၊ လိမ်လည်လှည့်ဖျားတာဆိုရင်တော့...,

သံသရာမှာ သူကြုံရမယ့် နောင်တ တရားတွေ၊ အချိန်မလွန်ခင်၊ ပြင်ဆင်ဖို့တော့၊ ငါ... သတိမပေးခဲ့တော့ဘူး။

ပုထုဇဉ်တွေမို့၊ သံသရာဆိုတာ ရှိနေနိုင်သေးတဲ့အတွက်၊ တကယ့်အစစ်အမှန်၊ ကျင့်ကြံတော့မယ်ဆိုရင်၊ ငါ... သာဓုမခေါ်နိုင်စရာ အကြောင်းမရှိပါဘူး။

တကယ်တော့...,

မင်းမင်းကျော် ဟန်ဆောင်ခဲ့တာပါ။ ယောဂီအဝတ်အဆင်ကို ခေတ္တခဏသာ ဝတ်ဆင်ခဲ့တာပါ။

ငါ... သူ့ကို ကွာရှင်းလက်မှတ်ပါထိုးပေးခဲ့တယ် သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရူ။

မကြာခင်မှာ...

မင်းမင်းကျော်၊ အိုးအိမ်အသစ် ထူထောင်တော့မယ်။

နောင်တမလွန်အတွက်လိုသို ဘာလိုလို့နဲ့၊ သူမြှုံခဲ့တဲ့ အရေးခွံကို၊ သူ... မကြောက်ရွံ့တော့လေသလား။

အချိန်မလွန်ခင် နောင်တရပါစေ... လို့လည်း ငါ... ဆုမတောင်းပေးချင်တော့ဘူး။ နောင်တ,ဆိုတာ၊ အချိန်မလွန်ခင်ရမှ ပြုပြင်နိုင်တယ် သူငယ်ချင်း။

အခုအချိန်မှာ... သူ နောင်တ,ရမယ်ဆိုရင်တောင်၊ အချိန်လွန်သွားပြီ ထင်တယ်။





ကံ၊ ကံ၏အကျိုးကို မျှော်ကိုးပြီး ဆုတောင်းဂုဏ်ယူဆိုရင်တော့၊ သူပြုသမျှ... ကံ၊ သူ့ထံပြန်သွားရင်တောင်၊ သက်သောင့်သက်သာရှိပါစေ...လို့ပဲ၊ ငါ... ဆုတောင်းဖြစ်ပါတယ်။

❀

ငါကတော့...,

အမှေ့ကို ပွင့်ပွင့်လင်းလင်းပြောပြပြီးတဲ့... နောက်

မျက်မှောက်ပြုရမယ့်...ဘဝ၊ အာရုံ မမှားယွင်းရအောင် ကြိုတင်ပြင်ဆင်လိုက်ပြီ သူငယ်ချင်း။

ယောဂီအဝတ်လည်း မဝတ်ဘူး။ ဥပုသ်၊ သီလလည်း တကူးတကာ မစောင့်ဘူး။ "စိတ်" တစ်ခုတည်းကိုပဲ၊ သန့်ရှင်းသန့်ပြန့်အောင် ကြိုးပမ်းစောင့်ရှောက်ပြီး အမှေ့အရိပ်မှာပဲ အေးအေးချမ်းချမ်း နေထိုင်ဖြစ်တော့တယ်။

❀

ပုထုဇဉ်သာဘာဝ၊ သောက, ပရိဒေဝတွေ မကင်းစင်နိုင်သေးလို့၊ အတိတ်ကို ပြန်တွေးမိပြီး. ဒီစာကို ရေးလိုက်မိတာပါ... သူငယ်ချင်း။

ရင်ဖွင့်တာပေါ့... သူငယ်ချင်းရယ်။

ရင်ဖွင့်ပြီးရင်၊ ရင်ပေါ့သွားမယ်။

ရင်ပေါ့သွားမှ အကုသိုလ်ကင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကင်းမှ၊ စိတ်ရှင်းမယ်၊ စိတ်ရှင်းမှ ကုသိုလ်ဖြစ်မယ်။

ကုသိုလ်ဖြစ်မှ၊ သံသရာငြိမ်းမယ်။

နင်လည်း...

ငြိမ်းအေးပါစေ... သူငယ်ချင်း...။

(2004 July)





# လူသိရှင်ကြား အလွမ်းစာ



www.burmeseclassic.com

www.burmeseclassic.com



၁။

၁၉၈၅ ခုနှစ်လောက်က ကျွန်တော့်အသက် ၁၈ နှစ်လောက်သာ ရှိဦးမည်။ ထိုစဉ်က ကျွန်တော့်တွင် သူငယ်ချင်း (၉) ယောက်ရှိသည်။ ကိုးယောက်စလုံး အသက်အရွယ် မတိမ်းမယိမ်း။ နှစ်နှစ်လောက်ကြီးသောသူ၊ တစ်နှစ်လောက်ကြီးသောသူ၊ လပိုင်း၊ ရက်ပိုင်းမျှကြီးသောသူ စသည်ဖြင့် သက်တူရွယ်တူတွေပမာ ရှိကြ၏။

ကျွန်တော်တို့အုပ်စုကို (ဆယ်ယောက်အုပ်စုဟု) ပတ်ဝန်းကျင်က သိမှတ်ကြသည်။ စိုးအောင်၊ စိုးနိုင်၊ သန်းအောင်၊ သန်းဝင်း၊ တင်ငြိမ်း၊ တင်မောင်သန်း၊ အောင်အောင်၊ သန်းဇော်ဦး၊ ခိုင်ဝင်းစိုးနှင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



(လှမျိုးအောင်)တို့ ဖြစ်သည်။ ထိုအထဲတွင် သန်းအောင်၊ သန်းဇော်ဦး၊ ခိုင်ဝင်းစိုးနှင့် အောင်အောင်တို့က တက္ကသိုလ်ကျောင်းသားများဖြစ်ကြပြီး ကျွန်တော်နှင့် ကျန်သူများမှာ ဆယ်တန်းကို တဖုန်းဖုန်းကျရှုံးနေသူများ ဖြစ်ကြ၏။

အားလုံးသောသူငယ်ချင်းများတွင် တူညီတာတစ်ခုရှိသည်၊ အဲဒါကတော့ ဂီတကို မြတ်နိုးတတ်ကြခြင်း ဖြစ်၏။ သူတို့အားလုံး ဂစ်တာတီးတတ်ကြသည်။ ကျွန်တော်က သူတို့လောက် မတီးတတ်၊ ရှည်စားအိမ်ရှေ့မှာ အော်လို့ဟစ်လို့ ရရုံမျှသာ တီးခတ်ခဲ့သူဖြစ်သည်။

ကျွန်တော်တို့အားလုံး လက်ဖက်ရည်ဆိုင်ထိုင်ကြ၏။ အသစ်ထွက်သည့် သီချင်းခွေကို လက်ဖက်ရည်ဆိုင်တွင် ဖွင့်ခိုင်းပြီး လိုက်ပါသီဆိုနေဖြစ်ခဲ့ကြသည်။ ထို့နောက် သီချင်းစာအုပ်ထဲက ဂစ်တာလက်ကွက်တွေကို ကြည့်ပြီး တစ်ယောက်တစ်မျိုး သီဆို တီးခတ်လေ့ကျင့်ကြသည်။ ထို့နောက် လမ်းဘေးအုတ်ခုံများပေါ်တွင် ည စတီတ်ရှိုး ကျင်းပကြစမြဲဖြစ်၏။ ထိုစဉ်က ကျွန်တော့်မှာ သီချင်းစာသားလိုလို ဘာလိုလိုဖြင့် ရေးဖွဲ့ထားသော ကဗျာအတိုအစလေးတွေကို တော်တော်များများ သိမ်းထားနေတတ်သည်။ သီချင်းတွေကို အော်ဟစ်သီဆိုရင်း တေးသွားသံစဉ်များထက် သီချင်းစာသားတွေကိုသာ ပိုမိုအာရုံထားလျက်သာ ခံစားနိုင်ခဲ့သည်။

ညဘက်တွင် လက်ဖက်ရည်ဆိုင်ထိုင်၊ လမ်းဘေးမှာ ဂစ်တာတီးသကဲ့သို့ နေ့လယ်နေ့ခင်းတွင်လည်း ကျွန်တော်တို့အားလုံး၏ စုရပ်





နေရာတစ်ခုရှိသည်၊ ထိုနေရာမှာ စိုးအောင်၏ဦးလေးတော်စပ်သူ၏နေအိမ်ဖြစ်သည်။ စိုးအောင်တွင် ဦးလေးခုနစ်ယောက်ရှိ၏။ ထိုခုနစ်ယောက်စလုံးမှာ ညီအစ်ကိုရင်းများဖြစ်ကြ၏။ ထိုစိုးအောင်၏ ဦးခုနစ်ယောက်အနက် အငယ်ဆုံး သုံးယောက်ဖြစ်သော ဦးဘို၊ ဦးမောင်တို့မှာ ကျွန်တော်တို့၏ အစ်ကိုကြီးအရွယ်မျှသာ ဖြစ်သူတို့ညီအစ်ကိုတွေအားလုံးမှာ ခေတ်ပညာတတ် အရာရှိ အရာဖြစ်ကြပြီး လူငယ်တွေကို နားလည်ခွင့်လွှတ်တတ်သူများဖြစ်ကြသည်။

သူတို့၏ဖခင်မှာလည်း ဟိုး... ယခင်က အရာရှိကြီးတစ်ဦးဖြစ်ကြောင်း ကျွန်တော် သိမြင်ထားခဲ့သည်။

❀

ထိုအိမ်တွင် ကျွန်တော်တို့အားလုံး ဝင်ထွက်သွားလာနေဖြစ်ကြသည်။ ညီအစ်ကိုခုနစ်ယောက်ရှိသည်ဆိုသော်လည်း အိမ်တွင် ဦးဘိုနှင့် ဦးမောင်တို့နှစ်ဦးသာ ရှိနေကြ၏။ ကျန်ညီအစ်ကိုများမှာ ဤအိမ်တွင် မရှိကြ။ ဝန်ထမ်းဖြစ်သူတွေက တာဝန်ကျရာနေရာဒေသတွင် ရှိကြပြီး အိမ်ထောင်သည်တွေက တခြားနေရာတွင် နေထိုင်ကြခြင်းဖြစ်၏။ ထို့ကြောင့် ယင်းအိမ်တွင် အစဉ်အမြဲရှိနေသူများမှာ စိုးအောင်၏အဘိုး၊ အဘွားနှင့် ဦးဘို၊ ဦးမောင်တို့သာ ဖြစ်ကြ၏။ မိသားစုလေးယောက်တည်းပမာရှိနေခဲ့သောအိမ်သည် ကျွန်တော်တို့ အုပ်စုကြောင့် စိုစိုပြည်ပြည် ဆူဆူညံညံလေး ဖြစ်သွားရလေ၏။

စိုးအောင်က သူ့ဦးလေးတွေကို ဦးဘို၊ ဦးမောင်ဟုခေါ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်တော်တို့ကလည်း စိုးအောင်ခေါ်သကဲ့သို့ လိုက်ခေါ်ကြ နိုင်၊ ဖြစ်သည်။ ဦးဘိုရဲ့အမည်မှာ 'ကိုဘိုဘို' ဖြစ်ပြီးဦးမောင်၏ ပြီး ဂုဏ်မှာ 'ကိုမောင်မောင်' ဖြစ်သည်။ ရှေ့က 'ဦး' တပ်၍ခေါ်တွင် သူများ [သော်လည်း တကယ့်အသက်အရွယ်မှာ ကျွန်တော်တို့၏ အစ်ကို

ငုံ့အရွယ်တွေသာ ရှိသေး၏။

ကဝေ.





၂။

ဦးဘိုမှာ လုပ်သားကောလိပ်တက်ရင်း ဥပဒေဘွဲ့ရရှိထားသူဖြစ်ပြီး ဦးမောင်မှာ ဌာနတစ်ခုတွင် အရာရှိငယ်တစ်ယောက်အဖြစ် အမှုထမ်းလျက်ရှိသည်။

ကျွန်တော်တို့ကို ဂစ်တာ အတီးသင်ပေးသည်။ ကျွန်တော်တို့နှင့်အတူ လက်ဖက်ရည်ဆိုင် အတူထိုင်သည်။ (လမ်းဘေးတွင် ဂစ်တာ အတူလိုက်မတီးသော်လည်း) အိမ်ဝင်းထဲတွင် ကျွန်တော်တို့နှင့်အတူ အော်ဟစ်သီဆိုကြစမြဲဖြစ်သည်။

ဆံပင်ကုပ်ဝဲထားသည်။ ရုံးချိန်မှအပ ကျန်အချိန်များတွင် ဂျင်းဘောင်းဘီဝတ်ကြသည်။ တစ်ခါတစ်ရံတွင် အရက်သောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့က 'ဦးဘိုတို့ အရက်သောက်ရင်ပြန်တော့မယ်' ဟု စိတ်ဆိုးပြကြလျှင် အရက်ပုလင်းပြားလေးကို ရယ်ရယ်မောမောနှင့် ပြန်သိမ်းတတ်ကြ၏။

တစ်ခါတရံ စိတ်မကောက်ဘဲ...

"ဘိုးဘိုးရေ ဟောဒီမှာ ဦးဘိုနဲ့ဦးမောင် အရက်သောက်နေကြတယ်"

ဟု စိုးအောင့်၏အဘိုးကို အော်ဟစ်အသိပေးကြသည်။

ထိုအခါ အဘိုးမမြင်အောင် ကမန်းကတန်း အရက်ပုလင်းကို ဝှက်ကြ၏။ ဦးဘိုနှင့်ဦးမောင်တို့၏ဖခင် (စိုးအောင်၏အဘိုး)က တောင်ဝှေးကိုထောက်လျက် တုန်ချိချိဖြင့် ထွက်လာပြီး လေးငယ်နေသော လက်ချောင်းများဖြင့် ဦးဘိုနှင့်ဦးမောင်ကို လှမ်းခေါ်သည်။ ဖခင်ခေါ်သဖြင့် ရယ်မောလျက် အနားသို့သွားကြရသည်။

ဦးဘိုကို အဘိုးက လက်သီးဖြင့်ထိုး၏။ အမှန်က ထိုးဟန်ပြုခြင်း ဖြစ်ပေသည်။ အရှိန်မပါ။ ထိုးဟန်သာ ပြုနိုင်ရှာသည့် အသက်အရွယ်။ ထိုအခါ ဦးဘိုက အဘိုး၏ လက်သီးလေးကို ကိုင်ဆုပ်ရင်း ပြုံးလျက်,

"ဘို... မသောက်ပါဘူး ဖေဖေရဲ့၊ လူမျိုးတို့ ချွန်တာပါ၊ သူတို့ ဖေဖေ့ကို နောက်ကြတာ"

"မင်းမသောက်ရင် ဘယ်သူသောက်သလဲ၊ အနံ့ရတယ်"





သွားများမရှိတော့သဖြင့်စကားသံသည် မပီသ။

"မောင်မောင်သောက်တာ"

ဟု ဦးဘိုက ဦးမောင်ကို ရယ်ဖြဲဖြဲကြည့်ကာ ပြော၏။ အဘိုးက...

"မောင်မောင် သောက်သလား။ ဟုတ်လား၊ လာဒီကိုလာ"

"အာ... မောင် မသောက်ဘူး၊ ဖေဖေ့ကို ဘိုဘို နောက်နေတာ၊ မောင် အခုမှ ရုံးကရောက်တာ"

ရယ်ကာမောကာ ဖုံးကွယ်နေကြသည်။

"ဦးမောင်လည်းပါတယ် ဘိုးဘိုး"

ဟု ကျွန်တော်တို့ ဝိုင်းတိုင်ကြသည်။ အရိုးပေါ်အရေတင်ရုံမျှ ရှိသော လက်သီးဖွဖွလေးဖြင့် ဦးမောင်လည်း အထိုးခံလိုက်ရ၏။ ဘိုးဘိုးက

"အားလုံးမှတ်ထားကြ၊ အရက်သောက်တာ မကောင်းဘူး၊ လူ မရှိသေဘူး၊ ငါ အသက်ရှစ်ဆယ်ရှိပြီ ဆေးလိပ်လည်းမသောက်ဖူးဘူး၊ အရက်လည်း မသောက်ဖူးဘူး။ အားလုံးကြားကြလား"

"ဟုတ်ကဲ့ ဘိုးဘိုး"

ဘိုးဘိုး၏အမည်မှာ ဦးလှအောင်ဖြစ်သည်။ အသက်ကြီးရင့်[illegible]သဖြင့် လှုပ်လီလှုပ်လဲ့မျှသာ သွားလာနိုင်တော့သည့်တိုင် အသိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မလစ်ဟင်း။ အင်္ဂလိပ်စာလုံးတစ်လုံးရှာရဖွေရခက်သည့်အခါ အဓိပ္ပါယ်မသဲကွဲသည့်အခါ ဘိုးဘိုးကိုမေးကြည့်လျှင် အဘိဓာန်စာအုပ် လှန်လှောရှာဖွေနေရသည်ထက် ပို၍မြန်ဆန်စွာ သိခွင့်ရလေသည်။

❀

ညနေခင်းစားပွဲပေါ်တွင် ဗလာစာအုပ်လေးတစ်အုပ် ထားပေးထားသည်။ အိမ်တွင် ဘိုးဘိုးနှင့်ဘွားဘွား နှစ်ဦးတည်းသော အရှိများသဖြင့် ဘယ်သူဘယ်ဝါလာသွားပြီလား၊ ဦးဘို ဘယ်ထွက်သွားသလဲ... စသည်ဖြင့် ဘိုးဘိုးတို့ ဘွားဘွားတို့ကို မေးမြန်းကြဖို့ အားနာစိတ်ဖြစ်ကြစဉ် ဦးဘိုက ထိုဗလာစာအုပ်လေးကို စီစဉ်ပေးခြင်းဖြစ်၏။

ဗလာစာအုပ်ကို လှန်လှောကြည့်လိုက်လျှင် တစ်ယောက်ယောက် လာသွားပါက လာသွားသည့်အကြောင်း၊ ဘယ်အချိန်ပြန်လာမည့်အကြောင်း (သို့မဟုတ်) ဘယ်နေရာမှာရှိမည့်အကြောင်းကို အချိန်နာရီနှင့်တကွ ရေးခဲ့ကြသည်။ထိုအစီအစဉ်လေးကို ကျွန်တော်တို့အားလုံး သဘောကျကြ၏။ ယနေ့တိုင် ကျွန်တော် သတိတရရှိနေသည်။

❀





၃။

နောက် နှစ်နှစ်လောက်ကြာသောအခါ ကျွန်တော်တို့အားလုံး အရက်နည်းနည်းသောက်တတ်လာသည်။ ဦးဘိုကတော့ ပုံမှန် အရက်သောက်တတ်သူဖြစ်နေပေပြီ။ ကျွန်တော်ကတော့ အရက်ကို နှီးစပ်သဖြင့် သောက်ခြင်းမဟုတ်ချေ။ အေးအေးပြုံးဟုခေါ်သော ကျွန်တော့်ချစ်သူနှင့် အဆင်မပြေသဖြင့် အသည်းကွဲခြင်းအထိမ်းအမှတ် အဖြစ် အရက်ကို စတင်မြည်းစမ်းခြင်းဖြစ်လေသည်။

၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့သည် အေးအေးပြုံး၏ ချစ်ခြင်းအဖြေကို ကျွန်တော်ရရှိလက်ခံနိုင်သည့်နေ့ဖြစ်သည်။ ၁၉၈၇ ခုနှစ်၏ နွေရာသီအခါသမယသည် ကျွန်တော်ချစ်သော၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ချစ်ခဲ့သော ချစ်သူအေးအေးပြုံးနှင့် ရှင်ကွဲ့ကွဲခဲ့သည့် အလွမ်းရာသီတစ်ခုဖြစ်သည်ကို သူငယ်ချင်းအားလုံး သိရှိကြလေသည်။ ထိုနွေရာသီကို အရက်မီးဖြင့် ကျွန်တော် လောင်မြိုက်စေခဲ့သည်။

❀

ထိုနှစ်လောက်တွင်ပင် ဦးဘိုမှာ ချစ်သူတစ်ယောက်ရှိခဲ့လေသည်။ သူ့အမည်မှာ မသဥ္ဇာဖြစ်သည်။ မသဥ္ဇာသည် ဦးဘိုထက် ငယ်သည်။ ကျွန်တော်တို့ထက် ကြီးသည်။ ဦးဘိုကို အစ်ကိုကြီးအရင်းတစ်ယောက်ကဲ့သို့ ကျွန်တော်တို့ချစ်ခင်ကြသော်လည်း မသဥ္ဇာကို ကျွန်တော်တို့မချစ်ကြ။ ဦးဘို မိတ်ဆက်ပေးသဖြင့်သာ ရေလိုက် ငါးလိုက် တစ်ခွန်းစ၊ နှစ်ခွန်းစ စကားဆိုဖြစ်သည်။ မြင်တွေ့၊ သိကျွမ်းခဲ့သည့်ဘို ဘဝင်မကျ။

မသဥ္ဇာသည် ဦးဘို၏ အလုပ်ဌာနမှ သာမန်ဝန်ထမ်း၊ ရုံးပိတ်ရက်တိုင်းတွင် ဦးဘို၏အိမ်မှာ မသဥ္ဇာကို တွေ့ရသည်။ ရုံးဆင်းချိန်တွင် အိမ်သို့ ဦးဘိုမရောက်ခင် မသဥ္ဇာ ရောက်ရောက်လာတတ်၏။ ဘိုးဘိုးကိုပြုစုဖို့၊ ဘွားဘွားကို ကူညီဖို့ဟု ဦးမောင်က ကျွန်တော်တို့ကို ပြောပြသည်။ ကျွန်တော်တို့ တစ်ဝက်မျှသာ လက်ခံ၏။

ဦးဘိုအတွက် အရက်ဖိုးကို မသဥ္ဇာက ထုတ်ပေးသည်။ ထိုပိုက်ဆံကိုယူလျက် ကျွန်တော်နှင့် စိုးအောင် (သို့မဟုတ်) အခြားတစ်ယောက်ယောက်က အမိန့်ရ အရက်ဖြူဆိုင်မှာ ပုလင်းပြားလေးဖြင့် အရက်သွားဝယ်ပေးရ၏။ ဦးဘိုနိုင်းသည့်အခါတိုင်း အားလုံး





ငြင်းဆိုသည်။ ထိုအခါ ဦးဘို ကျွန်တော့်ကို ချော့သည်။ အားနာသဖြင့် ကျွန်တော် ခေါင်းညိတ်လိုက်ရစမြဲ။

အရက်မသောက်ဖို့မတားဘဲ အရက်ဖိုးကို နေ့တိုင်းထုတ်ပေးသည့် မသဥ္ဇာ၏ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့အားလုံး သာဓုမခေါ်ချင်ပေ။ ပျက်ပြေနေသူကို ပို၍ပျက်ပွင်းအောင် ဖန်တီးနေသည်ဟု ထင်မြင်ထားကြ၏။ သို့သော်... ဦးဘိုကို မဝေဖန်ရက်။ ဦးမောင်ရှေ့မှာတော့ တစ်ခွန်းစ၊ နှစ်ခွန်းစ ဝေဖန်စကားဆိုဖြစ်ကြသည်။

မသဥ္ဇာကို မည်သူမျှ ဟက်ဟက်ပက်ပက် စကားမဆိုဖြစ်ကြသောအခါ ဦးဘို ရင်ဖွင့်လေတော့သည်။

"ဦးဘိုကိုချစ်ရင် သဥ္ဇာ့ကိုလည်း ကြိုဆိုကြပါ"

ဟု တရားဝင်တောင်းဆိုသည်။

ထိုအခါကျမှ ကျွန်တော့်က

"လက်မထပ်ရသေးဘဲနဲ့ ဒီအိမ်မှာ ဝင်ထွက်နေတာကို ကျွန်တော်တို့ မလိုလားဘူး"

ဟု အတိအလင်းပြောဖြစ်လိုက်၏။ ဘိုးဘိုးနှင့်ဘွားဘွားကို ကူညီဖို့ သူကိုယ်တိုင် အကူအညီတောင်းထားခြင်းဖြစ်ကြောင်း ဦးဘို ပြောပြသည်။

ဦးဘိုပြောသမျှ၊ ဦးဘိုဖြစ်ချင်သမျှကိုသာ ကျွန်တော်တို့ ခေါင်းညိတ်လိုက်ကြ၏။

❀



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက မည်သို့မျှ စေဖန်စကားမပြောသော်လည်း အသက်အရွယ်အိုမင်းရင့်ရော်နေပြီဖြစ်သော ဘိုးဘိုးက မသဥ္ဇာကို လိုလားဟန်မပြ။ ထမင်းကျွေးနေစဉ်၊ ရေချိုးပေးနေစဉ်၊ လမ်းတွဲလျှောက်နေစဉ်တွင် မသဥ္ဇာကို တစ်ချက်တစ်ချက်ကြည့်လိုက်သော ဘိုးဘိုး၏ မျက်လုံးများကို ကျွန်တော်တို့အားလုံး ဘာသာပြန် တတ်ကြလေသည်။ ထိုမသဥ္ဇာနှင့် ဦးဘိုကို သဘောမတူကြောင်း ဘိုးဘိုး၏ မျက်လုံးများက ရိုဝေမှုန်မှိုင်းစွာ ပြောဆိုနေပေသည်။





၄။

ဘိုးဘိုးဆုံးပါးပြီး နောက်တစ်နှစ်တွင် မသဥ္ဇာနှင့် ဦးဘို လက်ထပ်သည်။ ထိုနေ့မှစ၍ ဦးဘိုနှင့် ဦးမောင်တို့အိမ်သို့ ကျွန်တော်တို့ မဝင်မထွက်ဖြစ်တော့ပါ။

တစ်နှစ်ခန့်အကြာတွင် မသဥ္ဇာက ဦးဘိုကို ကွာရှင်းခွင့်တောင်းကြောင်း စိုးအောင်မှတစ်ဆင့် ကြားသိရသည်။ ကွာရှင်းခွင့်တောင်းရသည့်အကြောင်းရင်းကို ကျွန်တော်မေးသည်။ ဦးဘို 'အရက်သောက်သောကြောင့်' ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ခင်က သူကိုယ်တိုင် အရက်ဖိုးထုတ်ပေးပြီး ကျွန်တော်တို့ကို အရက်ဝယ်ပေးနိုင်သည့်နေ့ရက်များကို မသဥ္စာ မေ့လျော့သွားခဲ့လေပြီလား။ မေးမြန်းလိုက်ချင်သည်။ တမင် မေ့ဟန်ဆောင်ခဲ့ပြီဟု ကျွန်တော်တို့ သိလိုက်၏။

မကြာမီတွင် မသဥ္စာ၏လိုအင်ဆန္ဒကို ဦးဘို ဖြည့်ဆည်းပေးလိုက်၏။ လင်ကွာ မယားကွာကိစ္စ၊ လင်ယောက်ျားပိုင်ပစ္စည်းကို ဇနီးမယားက မည်ရွေ့ မည်မျှပိုင်ဆိုင်သည်ဆိုသော ကိစ္စတို့ကို ကျွန်တော် မမေးမြန်းဖြစ်တော့ချေ။ အာခံတွင်းထဲမှ တံတွေး တွေးလျှက် 'တက်' တစ်ချက်ကိုသာ ပြင်းထန်စွာ ခေါက်လိုက်မိလေသည်။

ကျွန်တော်တို့သူငယ်ချင်းတွေ ကျိုက်ထီးရိုးဘုရားသို့သွားကြသည်။ တောင်တက်လမ်းပေါ်တွင် ဦးဘိုး၏ အသစ်စက်စက် ဇနီးဟောင်းကို အခြားသူတစ်ဦး၏လက်ကိုတွဲလျှက် တွေ့မြင်ကြရသည်။ ထိုသူမှာ ဦးဘိုထက် ပို၍ အသက်ကြီးပေသည်။ ထို့အပြင် ဦးဘိုဝက် ပို၍ ရာထူးကြီးပေမည်။





၅။

မြန်မာနိုင်ငံတောင်ပိုင်းသို့ သွားရောက်လျက် ဦးဘို အမှုထမ်းသည်။ အိမ်တွင် ဦးမောင်နှင့် ဘွားဘွားတို့သာ ကျန်ရစ်ခဲ့ကြ၏။ ဦးဘိုနှင့် အဆက်အသွယ်ပြတ်သွားသည်မှာ ငါးနှစ်နီးပါး။

ထိုအတောအတွင်း ကျွန်တော်တို့သူငယ်ချင်းတွေလည်း တကွဲတပြားစီ ဖြစ်ကုန်ကြ၏။ ပြည်ပသို့သွားရောက်သူ၊ ပြည်တွင်း၌ အခြားဒေသသို့ ရွှေ့ပြောင်းသွားရသူ စသည်ဖြင့် လောကဓံ၏ လေကြောအတိုင်း သစ်ရွက်ခြောက်ပမာ လွင့်ပါးစီးမျောကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း လောကဓံ၏ သစ်ရွက်တစ်ရွက်ဖြစ်လေသည်။ မိုက်ခဲ့ မှားခဲ့ လွင့်မျောခဲ့ရင်းမှ ဖြစ်ချင်ရာတစ်ခုကို ရွေးချယ်ရင်း မိုက်ချိန်၊ မှားချိန်၊ လွင့်မျောချိန်တို့ လျှော့ပေါ့ခဲ့ရသည်။

မသေခင်မှာစာပေအနုပညာအလုပ်ကို ထိရောက်စွာ လုပ်ကိုင်မည်ဟု ဆုံးဖြတ်ထားခဲ့သဖြင့် ပင်ပန်းဆင်းရဲစွာ ကြိုးပမ်းနေဖြစ်ခဲ့သည်။

❀





၆၁။

ဦးဘိုကိုမြင်လျှင် မြင်ချင်း ကျွန်တော် မှတ်မိပါသည်။ ဒါပေမယ့် ကျွန်တော် အံ့ဩပါသည်။ အသားအရေဝင်းပလျက်၊ အပြုံးအရယ် လန်းဆန်းလျက်၊

ထိုသို့ ကြည်လင်လန်းဆန်းစွာ မြင်ရသောအခါ ကျွန်တော့်မှာ မျက်ရည်တွေ အလိုလိုစီလာသည်။ မျက်တောင်တွေ တဖျတ်ဖျတ် ခတ်ရသည်။ ဦးဘိုက လူကြီးဆိုတော့ မျက်ရည်ဝဲရင်း ပြုံးနေနိုင်သေး၏။ ကျွန်တော်ကတော့ မျက်နှာကြီးကို မဲ့မဲ့ရှုံ့ရှုံ့ဖြင့် 'ဦးဘို' ဟုခေါ်ပြီး ပြေးဖက် ငိုချလိုက်လေသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



"မောင်လှမျိုး စာရေးဆရာဖြစ်နေပြီလို့ ဦးဘို ကြားတယ်၊ မအောင်မြင်သေးဘူး...တဲ့၊ ကြိုးစားနေတုန်း ပဲ...တဲ့၊

အဲဒါကြားလို့ ဦးဘို ပိုက်ဆံလာပေးတာ၊ ရော့... သုံးသိန်း။ လိုရင်ထပ်ပြော။ ဦးဘိုမှာ အများကြီးပဲ၊ ဘွားဘွားကိုလည်း အများကြီးပေးပြီးသွားပြီ"

ငွေစက္ကူတွေကိုတစ်လှည့်၊ ဦးဘိုကိုတစ်လှည့် ကျွန်တော်ကြည့်သည်။ ပြီးမှ ကျေးဇူးတင်စွာပြုံးလိုက်ပြီး...

"ငွေ မလိုဘူး... ဦးဘိုးရဲ့၊ စိတ်ဓာတ်မကျဘဲ ကြိုးစားဖို့ပဲလိုတာပါ၊ ကျွန်တော် ငွေမလိုသေးဘူး ဦးဘို"

"မငြင်းနဲ့ မောင်လှမျိုး။ အားလုံးထဲမှာ မင်း လုပ်တဲ့အလုပ်က အဓိပ္ပါယ်အရှိဆုံး။ အဲဒီအလုပ်ကို အောင်မြင်စေချင်တယ်။ အဲဒါကြောင့် ဦးဘို မင်းကို အစွမ်းကုန် ကူညီဖို့လာတာ"

"ကျွန်တော် မအောင်မြင်သေးတာ ကျွန်တော် ညံ့နေသေးလို့ပါ။ ဒါမှမဟုတ် တစ်ခုခုလိုနေသေးလို့ပါ။ ငွေတော့မဟုတ်ဘူး"

"အောင်မြင်အောင် ငွေနဲ့လုပ်လို့မရဘူးလား"

"မရနိုင်ဘူး ဦးဘို၊ ငွေနဲ့လုပ်ယူလို့ရတဲ့ အောင်မြင်မှုက ကျွန်တော့်အထင်ပြောရရင် သိပ်မကြာနိုင်ဘူး"





အနုပညာအကြောင်း၊ စာပေအကြောင်း၊ ပရိသတ်အကြောင်း၊ ခေတ်ကာလ အခြေအနေအကြောင်းတွေကို ဦးဘိုအား ကျွန်တော် ပြောဆိုရှင်းပြဖြစ်လေသည်။

ဦးဘိုကလည်း သူ အရက်ပြတ်သွားပြီဖြစ်ကြောင်း၊ မြန်မာပြည် တောင်ဘက်ပိုင်းတွင် အလုပ်လုပ်၍ ရှာဖွေလာသောဝင်ငွေတွေ များစွာ စုဆောင်းဖြစ်ကြောင်း၊ အပိုသုံးစရာမရှိကြောင်း၊ ထို့ကြောင့် ကျွန်တော့် အဲတွက် ရည်စူး၍ ငွေသုံးသိန်းယူလာခြင်းဖြစ်ကြောင်းတွေ ပြောပြ သည်။ ကျွန်တော်က...

"ဒီလိုလုပ် ဦးဘို၊ ကျွန်တော် ထပ်ကြိုးစား ကြည့်လိုက်ဦးမယ်၊ ကိုယ်စွမ်း ဉာဏ်စွမ်းနဲ့ ဘယ်လိုမှ ကြိုးစားမရတော့တဲ့အခါကျမှ ဦးဘိုငွေတွေကို ကျွန်တော် လက်ခံမယ်၊ ဘယ့်နှယ်လဲ"

ဦးဘို သဘောတူသည်။

ကျွန်တော် ကြည့်နူးသည်။ (နှုတ်၏စောင်မခြင်းမက၊ လက်၏ စောင်မခြင်းဖြင့်ပါ ကူညီခဲ့သည့်အတွက် ကျွန်တော် အထူးရှိသေ လေးစားစွာ ကျေးဇူးတင်ဖြစ်၏။)

✿



www.burmeseclassic.com

www.burmeseclassic.com



၇။

"မဟုတ်ဘူးထင်တယ် စိုးအောင်။ တစ်နေ့ကမှ ငါ့ဆီ လာသွားသေးတယ်နော်။ မင်း မနောက်နဲ့"

"တကယ်ဆုံးသွားတာ။ အခု အလောင်းက အိမ်မှာ။ ကိစ္စဝိစ္စတွေလုပ်ဖို့ မင်းကိုလာခေါ်တာ"

"ဟုတ်လို့လား စိုးအောင်ရာ၊ မင်း...ငါ့ကို မနောက်ပါနဲ့"

"ခြော်... မနောက်ဘူး ငါတောင် အခုမှသိတာ၊ အိပ်နေတယ်မှတ်လို့ ဘွားဘွားနဲ့စကားပြော နေတာ၊





ဦးဘို အိပ်တာကြာပြီလားလို့ ဘွားဘွားကို ငါ မေးတော့ ဖျားနေတယ်တဲ့၊ မနေ့ကမှ ဖျားတာ၊ မနိုး...၊ မနိုးနဲ့ နှိုးကြည့်တော့မှ နှိုးလို့မရတော့တာ၊ ဆုံးနေပြီ"

ကျွန်တော် အိမ်ပေါ်မှ ပြေးဆင်းခဲ့သည်။ ဦးဘို၏ အိမ်ပေါ်သို့ ပြေးတက်ခဲ့သည်။ ငိုနေသော ဘွားဘွား၊ မျက်ရည်ဝေ့နေသော ဦးမောင်နှင့် အိမ်နီးချင်းအချို့၊ စိုးအောင်လာပြောသော သတင်းစကား၊ မမှားယွင်းချေ။ ဦးဘို တကယ်သေဆုံးသွားပေပြီ။

ဖျားနေလျက်က လေတိုက်ရာကို ဦးခေါင်းပြု၍ အိပ်လိုက်ရာမှ အအေးပတ်သွားသည်မှတစ်ပါး အခြားသော ရောဂါဘယ တစ်ခုမျှ မတွေ့ရချေ။ ကျွန်တော် ဦးဘို၏မျက်နှာကိုကြည့်ရင်း ငိုချင်ပါသည်။ ဒါပေမဲ့ ကျွန်တော် မျက်ရည်မထွက်တော့ချေ။ ငိုချင်သည့် ကျွန်တော့် မျက်ရည်များသည် လောကကြီးကို မျက်မှောင်ကြုတ်၍ကြည့်ရင်း မျက်စိလည်သွားသဖြင့် ငိုဖို့ပင် ခက်ခဲခဲ့ရပြီ။

လောကကြီး၏ အလှည့်အပြောင်း မျက်လှည့်ပြခြင်းစွမ်းအားသည် ကမ္ဘာကျော် မျက်လှည့်ဆရာကြီး ဒေးဗစ်ကော်ပါဖီးလ်ကိုပင် ပြန်လှည့်၍ မျက်လှည့်ပြနိုင်စွမ်းပေမည်။ လောကကြီးကို ကျွန်တော် စိတ်မနာပါ။ သို့သော် ထိုစဉ်အခါကတည်းက လောကကြီးကို ကျွန်တော်က မျက်ခြည်မပြတ် စောင့်ကြည့်နေထိုင်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၈။

ယခုအချိန်တွင် ကျွန်တော့်အနီးအပါး၌ နိုးအောင်မှအပ အခြားသော သူငယ်ချင်းများ ရှိမနေကြတော့ပါ။ လောကကြီးက တင်ဆက်လျက်ရှိသော မျက်လှည့်ပြပွဲများအတွက် အသုံးခံအရုပ်လေးများပမာ ရွေ့လျား ရွေ့ပြောင်းလျက် ခရီးဆက်ရှင်သန်နေကြလေသည် ထင်၏။

ဦးဘိုဘို (ခေါ်) ဦးဘိုသည်လည်း ၂၁-၃-၁၉၉၆ ခုနှစ်က ဆုံးပါးသွားခဲ့ပြီ။ သူချစ်သော မသဉ္ဇာအကြောင်းကို ကျွန်တော် သူ့အား ပြည့်ပြည့်ဝဝ မမေးမြန်းခဲ့ရချေ။ ထို့အတူ ဦးဘိုကလည်း ကျွန်တော့်ရှေ့တွင် အလုံးစုံ ရင်ဖွင့်မပြရသေးချေ။





အရာရာသည် ကြာခဲ့ပြီဟုထင်ပါသည်။ သို့သော် ရင်ခွင်ကိုငုံ့ကြည့်လိုက်သည့်အခါတိုင်း အရာရာသည် ယခုတိုင် တည်ဖွဲ့လျက်ရှိနေတတ်သေး၏။ လွှမ်းရသည့်ဇာတ်ရာ ဒဏ်ချက်တို့ကို ကျွန်တော် မခက်မောခဲ့ပါ။ သို့သော်... ထိုအရာတို့ဖြင့်သာ ကျွန်တော့်ကို ဘဝကကျွမ်းဝင်စေခဲ့၏။ တိုက်ဆိုင်၍ တစ်စုံတစ်ယောက်အကြောင်းကို ပြောဆိုတော့မည်ဟု နှုတ်ပြင်လိုက်လျှင်ပင် ရင်နှာစရာတစ်ခုလောက်ကတော့ကပ်ပါလျက်ရှိတတ်၏။

ရင်ထဲတွင် ...

လွှမ်းစရာတွေ ကျန်နေပြန်သေးသည်။ ။

2002 July 15

6:15 (P.M)

သရဖူ မဂ္ဂဇင်း

၂၀၀၅၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



# စထိုင်းပေါ်အာစွန်း

www.burmeseclassic.com

www.burmeseclassic.com



၁၉

"အရှုံးမငိုပါနဲ့ဟယ်၊ တရားနဲ့ဖြေပေါ့"

"မဖြေနိုင်ဘူး၊ မဖြေနိုင်ဘူး၊ ဖြေလို့မရဘူး၊ သမီးလေးရေ... သမီးလေး၊ အဖြစ်ဆိုးလိုက်တာ သမီးလေးရယ်"

တစ်အိမ်လုံး ဆူညံသွားသည်။

ဒါလီသေဆုံးသည့်ဟာ သတင်းကြားလျှင်ကြားချင်း သော်ဒီထွန်းနှင့် ခက်ခက်တို့၏အိမ်သို့ သူငယ်ချင်းတွေစုဝေးရောက်ရှိလာကြရ၏။ ဒါလီ့ကို သော်ဒီထွန်းနှင့် ခက်ခက်တို့က ချစ်ကြသလိုပင် သူငယ်ချင်းတွေကလည်း ချစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်ဒီထွန်းနှင့် ခက်ခက်တို့အိမ်ထောင်သက် နှစ်နှစ်ကျော်ခန့်အထိ ကလေးမရကြ။

ထို့ကြောင့် ဒါလီ့ကို နို့တို့အရွယ်ကတည်းက မွေးခဲ့ကြသည်။ ဒါလီ နာစေးလျှင် သူတို့လင်မယားက သူငယ်ချင်းခတွေဆီကို သည်းသည်းသန်သန် ဖုန်းဆက်သည်။ ဒါလီ အစားပျက်လျှင် ဘာကျွေးရင် ကောင်းမလဲ လှမ်းမေးသည်။

နှစ်နှစ်သမီးလောက်ရောက်သောအခါ ဒါလီသည် ထိုလင်မယားနှစ်ယောက်၏ သမီးရင်းချာ၊ သူငယ်ချင်းများအားလုံး၏ အသည်းကျော် ဖြစ်လာ၏။

ဘယ်သောအခါမှ ဒါလီ့ကို အိမ်မှာ မထားခဲ့ကြ။ ဟိုနား ဒီနား ခဏတဖြုတ် အပြင်ထွက်မိသည့်အခါ ဒါလီ အိမ်ပျော်၍ ကျန်ခဲ့လျှင် သူတို့လင်မယား ဖင်ပူအောင်မထိုင်၊ စကားများများ မဆို။

"အိမ်မှာ သမီးတစ်ယောက်တည်းကျန်ခဲ့လို့"

ဟု ပြောပြီး အိမ်သို့ လျှင်မြန်စွာ ပြန်ကြသော၏။

❀

ယခုတွင် ဒါလီသည် လေးနှစ်သမီး။

သော်ဒီထွန်းနှင့် ခက်ခက်တို့၏စကားကို မြေဝယ်မကျနားထောင်သည်။

တမင်းကျွေးစဉ် ဟင်းအနှစ်များသဖြင့် သော်ဒီထွန်းက ဒါလီ့ကို တစ်ခါရိုက်ဖူးသည်။ ထိုနေ့က ခက်ခက်ငိုလေ၏။ သူ့သမီးဒါလီကို





ရိုက်မှုဖြင့် လင်မယားစကားများကြသည်။ သည့်နောက်တွင် သော်ဒီထွန်းလည်း ဒါလီ့ကို မရိုက်ရဲတော့။ မရိုက်ရက်တော့ဘဲ မဆူမပြောဘဲ ထားလေ၏။

❀

လေးနှစ်သမီးအရွယ်တွင် ဒါလီသည် ခွေးရောဂါဖြင့် သေဆုံးသည်။ သော်ဒီထွန်းနှင့် ခက်ခက်တို့မှာ ဖြေဆည်မရ။ ခက်ခက်မှာ မို့၍ လူးလူးလိမ့်လိမ့် ခံစားငိုကြွေးလေ၏။

"သမီးလေးရေ... သမီးလေး..."

"ခက်ခက်ရယ်... စိတ်ကိုဖြေပါဟယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့၊ ဒါလီ သေသွားလည်း နောက်တစ်ကောင် မွေးလို့ရတာပဲ"

"နောက်တစ်ကောင်မမွေးဘူး၊ ငါ့သမီးကိုပဲ ငါချစ်တယ်၊ ဒါလီရယ်၊ သမီးလေး..."

ပြည့်ပြည့်ဟုခေါ်သော သူငယ်ချင်းက...

"ခွေးသေတာပဲဟယ်...၊ နင်ကလည်း"

ခက်ခက် ဝုန်းခနဲ ထရပ်သည်။

"ပြည့်ပြည့်၊ နင် ငါ့သမီးကို ခွေးလို့မပြောနဲ့၊ ခွေးလို့မပြောနဲ့"

ပြည့်ပြည့်ကို ရိုက်ပုတ်လေသည်။ အားလုံး ဝိုင်းဆွဲကြရ၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၂။

သုံးရက်ပြည့်သည့်နေ့တွင် အိမ်ဝင်းထဲရှိ မြေနေရာ၌ ဒါလီ့ကို မြေမြှုပ်သင်္ဂြိုလ်သည်။ ဒါလီ၏ အမွေးရှည်ရှည်လေးများကို သပ်ရပ်စွာ ဖြီးသင်ထား၏။ အမွေးနုံ့သာများ ပက်ဖြန်းထားသည်။ သော်ဒီဝွန်းနှင့် ခက်ခက်တို့၏ ဖိတ်ကြားချက်အရ သူငယ်ချင်းတွေ လာကြရသည်။

"သမီးလေးရေ... နောက်ဘဝကျရင် မေမေ့ဆီမှာ ပြန်ဝင်စားနော်။ သမီး... သမီးလေးရယ်"

ခက်ခက်သည် တကာယ့်ငမ်းနေ့ည်းခြင်းကြီးစွာဖြင့် တသသ ငိုကြွေးနေခြင်းဖြစ်၏။ ပထမတော့ သည်းလိုက်တာဟု ဝေဖန်ချင်ကြ





သော်လည်း ခက်ခက်၏ခံစားရမှုကိုကြည့်မြင်ကာ ကရုဏာသက်လာကြသည်။

✿

ဒါလီ့ကို မြေမြှုပ်ခါနီးတွင် ဒါလီ၏ လက်ယာဘက်လက်မှ အမွေးများကို ပြည့်ပြည့်က ဆွဲနုတ်လိုက်လေ၏။ မှုယာက...

"ဟဲ့... ပြည့်ပြည့်၊ ဘာလုပ်တာလဲ၊ ခက်ခက် စိတ်ဆိုးနေဦးမယ်"

ခက်ခက်က မျက်ရည်များဖြင့် ကြည့်နေ၏။ ပြည့်ပြည့်က

"ဒါလီ ပြန်ဝင်စားရင် မှတ်မိအောင်လို့ ငါ အမှတ်ပေးလိုက်တာပါ၊ ခက်ခက်... ငါ့ကို စိတ်မဆိုးနဲ့ဦးနော်"

ခက်ခက်က ဘာမျှပြန်မပြောဘဲ ငြိမ်သက်နေလေ၏။ ပြည့်ပြည့်၏ လုပ်ရပ်ကို မကန့်ကွက်သည့်သဘော။

"မေမေ့ဆီကို ပြန်လာနော် သမီး"

ဟု ပြောပြီး ခက်ခက်ငိုပြန်သည်။ ညနေစောင်းကာမှ ဒါလီ၏ မြေမြှုပ်သင်္ဂြိုလ်သည့်ကိစ္စ ပြီးစီးလေသည်။

✿

ဒါလီ့ကို ရည်စူးကာရက်လည်ဆွမ်းကပ်လေသည်။ လပြည့်ရှင်းကျွေးလေသည်။ နေ့စဉ်နှင့်အမျှ ဒါလီ့ကို တသနေကြ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



၃။

သုံးလခန့်ကြာသောအခါ သော်ဒီထွန်းနှင့် ခက်ခက်တို့အိမ်သို့ သူငယ်ချင်းတွေ စုရုံးရောက်ရှိလာကြပြန်သည်။

"ဘာလဲဟာ...၊ ဘာဖြစ်ပြန်တာလဲ၊ နင်လုပ်လိုက်ရင် အသည်းအသန်ချည်းပဲ"

ခက်ခက်က ပြုံးရွှင်ကြည်နူးစွာဖြင့်...

"ညက ငါ့ကို သမီးလေးဒါလီ အိပ်မက်ပေးတယ်ဟ၊ သူ... သူလေ ငါ့ဆီမှာ ပြန်ဝင်စားမယ်တဲ့"

"ဟုတ်သို့လားဟာ"

ဟု မူယာက ပြောသည်။





"ဟုတ်တယ်"

"နင် စိတ်စွဲလမ်းလွန်းလို့ ဖြစ်မှာပါ၊ အစွဲအလမ်းကြီးရင်လည်း အိပ်မက်မက်တတ်တာပဲဟ"

"စွဲလမ်းလို့မက်တဲ့ အိပ်မက်မဟုတ်ဘူးဟ၊ သေသေချာချာ ကွက်ကွက်ကွင်းကွင်းမက်တဲ့အိပ်မက်"

ပြည့်ပြည့်က...

"ကဲ ဒါဆိုလည်းပြည့်ပြည့်စုံစုံ ပြောပြဟာ"

သော်ဒီထွန်းက ခက်ခက်၏နံဘေးတွင် ကျေနပ်စွာသော မျက်နှာဖြင့် ပြုံးပျော်နေလေ၏။

ခက်ခက်က...

"သမီးလေးက အခု ကြောင်ဘဝကို ရောက်နေတယ်တဲ့၊ ကြောင်ဘဝနဲ့ နေထိုင်မကောင်းဖြစ်နေတယ်တဲ့၊ အကယ်၍များ သူ့ ကြောင်ဘဝက ကွယ်လွန်ခဲ့ရင် လူအဖြစ်နဲ့ မေမေ့ဆီမှာ ဝင်စားပါရစေတဲ့၊ ငါ့ကို သေသေချာချာပြောသွားတာ"

မူယာက...

"နင်တို့ ကလေးရချင်လို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တာ ကြာပြီနော်၊ ဆရာဝန်တွေကလည်း ကလေးမရနိုင်ဘူးလို့ ပြောထားတာပဲ၊ ဖြစ်နိုင်ပါ့မလား"

"ဪ... ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ ငါ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလေ၊ ငါမေက်တဲ့အိပ်မက်ကို နင်တို့သိစေချင်လို့ ငါခေါ်ပြောတာ၊ ငါ့အိပ်မက်ထဲမှာ ငါတော်တော်ပျော်နေတာပဲ၊ အပြင်မှာလည်း ငါ အရမ်းပျော်နေတယ်ဟား၊ ငါ့ကို ပျော်အောင်ပြောကြစမ်းပါ။ ငါ့သမီးလေးသာ ငါ့ဆီမှာ ဝင်စားရင် ငါ အရမ်းပျော်မှာ၊ တကယ် ငါ အရမ်းပျော်မှာ''

ခက်ခက်ပြောရင်း မျက်ရည်ဝဲ့၏။ ပြည့်ပြည့်က...

''တကယ်လို့ နှင့်ဆီမှာ ဒါလီဝင်စားရင် ညာဘက်လက်မှာ အမှတ်ကလေးပါလာမှာပဲ၊ ငါကတော့ အဲဒါပဲ မှတ်ထားတယ်''

''အေးနော်... သမီးလေးများဝင်စားရင် သူ့လက်မှာ အမှတ်ကလေးပါလာမှာ''

ဟု ခက်ခက်ပြောသည်၊ အားလုံးက ကန့်ကွက်စကား မဆိုကြ။

❀❀❀





၄။

အံ့ဩစရာဟု ပြောစမှတ်ပြုကြသည်။ ခက်ခက်တွင် ကိုယ်ဝန်ရှိနေလေ၏။ သူတင်မြင်မျှော်တွေးထားသောကိစ္စ ကောန်မှုချဖြစ်ပြီဟု တစ်ထစ်ချ ယုံကြည်နေလေသည်။

သူငယ်ချင်းများလည်း တအံ့တဩ၊ ဝမ်းပန်းတသာ။ ကာယကံရှင် သော်ဒီထွန်းနှင့် ခက်ခက်တို့မှာ ကြည်နူးပျော်ရွှင်မှုများ အတိုင်းထက် အလွန်၊

❀

လစေ့သောအခါ ခက်ခက်မျက်နှာမြင်သည်။ မိန်းကလေး ကြားသိကြရ၏။ မွေးဖွားသန့်စင်ရာ ဆေးရုံသို့ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တပျော်တပါး သွားကြ၏။

ပြည့်ပြည့်ကတော့ သူ့အမှတ်အသားကို သူကြည့်ဖို့ စိတ်စော နေသည်။ မွေးကင်းစကလေး၏ ညာဘက်သက်ကို ထုတ်ကြည့်သည်။

အားလုံး အံ့ဩဝမ်းသာသွားကြ၏။

ညာဘက်လက်တွင် နီစပ်စပ် အမှတ်အသားလေးတစ်ခု။

✿

တစ်လပြည့်သောနေ့တွင် ခက်ခက်၏သမီးလေးကို ပုခက်တင် ပွဲ ကျင်းပကြသည်။

ပြည့်ပြည့်က ကလေးကို ပုခက်အတွင်းမှ လှမ်းချီယူငင်ရန် ပြင်လျက်...

"ဟယ်... ဒါလိုနဲ့ တစ်ပုံစံတည်းပဲ၊ နှုတ်ခမ်းလေး က ပိတူတယ်"

"ဖြန်း"

ပြည့်ပြည့်၏ပါးကို ခက်ခက် လှမ်းရိုက်သည်။ သူငယ်ချင်းတွေ ဝိုင်းဆွဲကြသည်။ ခက်ခက်က ရှန်းကန်ရင်း

"ငါ့သမီးကို ခွေးဝင်စားတယ်လို့ မပြောနဲ့၊ ငါ မကြိုက်ဘူး။ ငါ့သမီးကို ခွေးနဲ့တူတယ်လို့ မပြောနဲ့...၊ မပြောနဲ့"

ပြည့်ပြည့်သည် သူငယ်ချင်းဖြစ်သူ ခက်ခက်ကို နားမလည်နိုင် စွာ ငေးကြည့်ရင်း အရိုက်ခံလိုက်ရသည့်ပါးပြင်ကို ညင်သာစွာ ပွတ်





သပ်နေသည်။ ပြီးမှ

"ငါ စကားပြောမှားသွားပြန်ပြီလား ခက်ခက်၊ နှင် ကျေနပ်မယ်ထင်လို့ ငါပြောတာ၊ နှင့်ကျေနပ်မှု၊ နှင့်အကြိုက်၊ နှင့်အစွဲအလမ်းပြောင်းလဲသွားပြီဆိုတာ ငါ မသိလို့ ဝမ်းသာအားရပြောမိတာ၊ နောင်ကို ငါ ဘာမှမပြောတော့ဘူး"

မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ပြည့်ပြည့် လှမ်းထွက်ခဲ့သည်။

✿

အခါခါပြောင်းလဲတတ်သည့် သံသရာစက်ဝိုင်းအတွင်း အရာရာ သည် အံ့ဩဖွယ် ဖြစ်ပျက်ပြောင်းလဲလျက်ရှိ၏။ အချို့သည် သံသရာ ၏ သဘောသဘာဝကိုလွန်လျက် ဖြစ်ပြီးရင်ဖြစ်ဟု ထင်မြင်မှော်လင့် တတ်ကြသည်။

ထို့အပြင် အချို့သည် ကိုယ်လိုရာကို တွေးလျက် ကိုယ်တွေး ရာကိုသာ လိုချင်တတ်ကြပြန်သည်။ လူ(ပုထုဇဉ်)တို့၏ စိတ်ထား (နှလုံးသားသည်) ကာလ၊ အခြေအနေကိုလိုက်၍ ပြောင်းလဲနေတတ် ကြလေ၏။ ။

ကလျာမဂ္ဂဇင်း
၂၀၀၅၊ ဇန်နဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



# ဈေးတိုင်ခွင့်လျှတ်ခြင်း

[illegible]

www.burmeseclassic.com

www.burmeseclassic.com



၁၈

ကျွန်တော့်တစ်သက်တာတွင် ခွေးကိုက်ခံရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်မှတ်ခဲ့ပါ။

✿

ကျွန်တော် ငယ်ငယ်က အလွန်ဆော့ပါသည်။ ပြေးလွှားဆော့ကစားနေစဉ် ခွေးကျားကြီးတစ်ကောင်က ဟောင်သံမပြုဘဲ နောက်မှလိုက်ဆွဲသည်။ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် မန်ကျည်းပင်၏ မန်ကျည်းကိုင်းတစ်ကိုင်းကို အမိအရ ဆွဲခိုလိုက်ရ၏။ နောက်ကလိုက်ဆွဲသော ခွေးကျားကြီး၏ ပါးစပ်ထဲသို့ ကျွန်တော့်ခြေကျိုးနောက်ကျောတစ်ပြင်လုံး ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ခန္ဓာကိုယ်၏ မည်သည့်နေရာမှ ခွေးကိုက်မခံလိုက်ရသော်လည်း အင်္ကျီနောက်ကျောတစ်ပြင်လုံး စုတ်ပြဲသည့်အထိ ဆောင့်ရကောင်းလားဟူသော ပြစ်မှုဖြင့် ကျွန်တော့်အသွားက ကျွန်တော့်ကို ရိုက်ပါသည်။ (ထိုစဉ်က ကျွန်တော့်အသက် ဆယ်နှစ်မျှသာ)။

❁

ထိုအချိန် ထိုအရွယ်မှစပြီး ကျွန်တော် ခွေးကို အလွန်ကြောက်လန့်ခဲ့၏။ ခွေးမြင်လျှင် ဝေးဝေးက ရှောင်သည်။ ထိုသို့ခွေးများကို ဝေးဝေးက ရှောင်ကြဉ်ခဲ့သည့်အတွက် ကျွန်တော့်တစ်သက်တာတွင် ခွေးကိုက်ခံရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်မှတ်ခဲ့ခြင်းဖြစ်သည်။

❁❁❁





၂။

တချို့သောလူများသည် ခွေးမွေးသည်ကို လွန်စွာ ဝါသနာပါကြ၏၊ သူတို့ကိုကြည့်ပြီး ကျွန်တော် အသည်းယားခဲ့ရသည်။ ထို့အပြင် မွေးထားသောခွေးများကို 'သားလေး၊ သမီးလေး' ဟု ခေါ်ဝေါ်သုံးနှုန်းသည်ကို မြင်ရ ကြားရလျှင် ကျွန်တော် နှာခေါင်းရှုံ့ခဲ့သည်။ မွေးထားသော ခွေးသေလျှင် လူတစ်ဦးတစ်ယောက်သေသကဲ့သို့ တ,သငိုကြွေးကြသည်ကို မြင်ရ ကြားရ ပြန်လျှင်လည်း ကျွန်တော် ရယ်မောချင်ခဲ့၏၊

❁



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သူငယ်ချင်းတွေ ဘတ်စ်ကားကျပ်ကျပ်ကို တိုးဝေ့တွယ်စီးနေရစဉ် နောက်ဆုံးပေါ်ကားလှလှလေးများ အတွင်းခွေးလှလှလေးတွေ တင်ဆောင်သွားကြသည်ကို မြင်ဖူးကြုံဖူးလေသည်။ ထိုအခါ သူငယ်ချင်းတစ်ယောက်က ကျပ်ညှပ်နေသော ဘတ်စ်ကားအတွင်းမှ နောက်ဆုံးပေါ်ကားလှလှလေးအတွင်းရှိ ခွေးလှလှလေးများကို မနာလိုစွာ ကြည့်ရင်း 'ခွေးဖြစ်ချင်တယ်ကွာ။ ခွေးဖြစ်ချင်တယ်' ဟု အော်ဟစ်နောက်ပြောင်ဖူးပေသည်။

❀

ခွေးကြောက်တတ်သော ကျွန်တော်သည် ခွေးနှင့်ပတ်သက်သော ရင်နင့်စရာ အဖြစ်အပျက်တစ်ခုကို ကြုံဖူးခဲ့သေးသည်။ (ထိုစဉ်က ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်)။

❀

ကျွန်တော် ထမင်းစားနေစဉ် ခွေးသေးသေးလေးတစ်ကောင် အိမ်ရှေ့မှာ အမြီးလှုပ်ပြနေသည်။ ခွေးသေးသေးလေးဖြစ်သဖြင့် ကျွန်တော် သိပ်မကြောက်။ ထမင်းပန်းကန်ထဲမှ အရိုးအရင်းတချို့ကို ပစ်ကျွေးဖြစ်သည်။

ကျွန်တော်က ထမင်းစားလျှင် အိမ်ရှေ့မှာ ထွက်စားနေကျ။ ကျွန်တော့်ထမင်းစားချိန်တိုင်း ထိုခွေးသေးသေးလေး လာနေကျ။

အရိုးအရင်းကိုသာ လွှင့်ပစ်ကျွေးမွေးခဲ့ရာမှ နောင်သော်





ထမင်းနှင့် ဟင်းနှင့် ကိုယ်တိုင်ကိုယ်ကျ ပုံကျွေးဖြစ်ခဲ့သည်။ ထိုခွေးလေးသည် အမကောလေးဖြစ်၏၊ သူ့ အမွှေးအရောင်နှင့် လိုက်ဖက်စွာ သူ့ကို ကျွန်တော် 'ညိုမ' ဟု အမည်ပေးခဲ့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၃။

ညိုမသည် တစ်စ တစ်စ ကြီးပြင်းလာ၏။ ကျွန်တော်နှင့် တရင်းတနှီး ရှိလာသည်။ အိမ်၏ အနီးအပါးတွင်သာ သွားလာနေထိုင်သည်။

ညိုမသည် ပထမ တစ်သားကျစဉ်က သူမွေးသော သားပေါက်လေးတွေကို သူကိုယ်တိုင် ကိုက်သတ်ပစ်လေသည်။ ကျွန်တော် မရဲတရဲဖြင့် သူ့ကိုရိုက်၏။ သူ ကျွန်တော့်ကို အန္တရာယ်မပြု။ ကျွန်တော် ရိုက်သမျှကို ငြိမ်၍သာ ခံလေသည်။

❀





နောက်ထပ် တစ်သားအကျတွင် ညိုမသည် သူ့သားပေါက်လေးတွေကို ကိုက်မသတ်တော့ချေ။ သို့သော် မျက်စိနောက်စရာကောင်းသော လူတချို့ကိုတော့ ကိုက်တတ်လာ၏။

ပြေးလွှားဆော့ကစားလေ့ရှိသော ကလေးများကို အလစ်တွင် လိုက်ကိုက်တတ်သည်။ ခဲဖြင့်ပစ်ပေါက် နောက်ပြောင်သူများကို မာန်ဖီလိုက်ကိုက်တတ်သည်။ ညဘက် သူခိုးများကို လိုက်ကိုက်တတ်သည်။ လူကြီး လူကောင်းဟန်အပြည့်ဖြင့် နေထိုင်ပြောဆိုတတ်သူများကို လိုက်ကိုက်တတ်သည်။

အိမ်သို့ လူစိမ်းလာလျှင် ညိုမသည် ဝပ်နေရာမှ ထလာတတ်၏။ မျက်စိနောက်စရာလူမျိုးဆိုလျှင် ကိုက်ဖို့အဆင်သင့်။ အိမ်သို့ လာသူတိုင်း 'ဟဲ့ နင့်ခွေးကိုကြည့်ဦး' ဟု အသံပြုပြီးမှ လာရဲကြသည်။ 'ကျွန်တော့်ခွေးမဟုတ်ဘူး။ အိမ်နားမှာ သူ့ဘာသာ လာနေနေတာ၊ ကျွန်တော် မွေးထားတာမဟုတ်ဘူး၊ ကျွေးထားတာ' ဟု ကျွန်တော် ရှင်းပြလေ့ရှိသည်။

မာန်ဖီသံ ဟောင်သံကြားပါက 'ဟဲ့ ညိုမ' ဟု ကျွန်တော် အသံပြုလိုက်ရုံဖြင့် ညိုမသည် ငြိမ်ကုပ်သွားလေ့ရှိ၏။ နောက်ပိုင်းတွင် ကျွန်တော်သည် ညိုမကို ရဲရဲဝံ့ဝံ့ ရိုက်နှက်ရဲလာ၏။ နီးနီးကပ်ကပ် ကျွေးရဲလာ၏။ နီးနီးကပ်ကပ် နေထိုင်ရဲလာ၏။ တဖြည်းဖြည်းဖြင့် ညိုမအပေါ် ကျွန်တော် သံယောဇဉ်ဖြစ်လာခဲ့လေသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားခါနီး ညိုမကို ထမင်းကျွေး၏။ ကျောင်းအပြန်၌ တွင် ညစာကျွေးသည်။ ကိုယ်တိုင်က ခွေးကြောက်တတ်သူဖြစ်သဖြင့် ဟိုဟိုဒီဒီ ခေါ်သွားခြင်းမရှိ။ တီတီတာတာ ချော့မြူကစားခြင်းမရှိ။ သို့သော် ညိုမသည် ကျွန်တော်အပြင်သွားလျှင် လိုက်ချင်ဟန်ပြ၏။ လမ်းထိပ်အထိ လိုက်လာလေ့ရှိသည်။ 'နေခဲ့စမ်း' ဟု ကျွန်တော် ကြိမ်းမောင်း၍ ထားရစ်ခဲ့စမြဲ။ ကျွန်တော့်အိမ်ပြန်ချိန်ကိုလည်း ညိုမ သည် မျှော်စောင့်လေ့ရှိစမြဲ ဖြစ်သည်။

✿

တစ်နေ့တွင် ကောင်လေးတစ်ယောက်သည် ညိုမကို လာခေါ်၏။ ညိုမ လိုက်ကိုက်သည်။ ခြေသလုံးတွင် အပေါက်တွေ အပြဲတွေ ဖြစ်သွားသည်ကို ကျွန်တော်မြင်လိုက်၏။ ထိုကောင်လေးကို ကိုက်လိုက် သည့်အတွက် ညိုမကို ကျွန်တော် မရိုက်။ 'သူ့စလို့ အကိုက်ခံရတာ၊ နည်းတောင်နည်းသေးတယ်' ဟု တွေးပစ်လိုက်သည်။

ခဏအကြာတွင် ထိုကောင်လေး၏အစ်ကို ဇော်ထိုက်ဆိုသည့် ကောင် ရောက်လာသည်။ လက်ထဲတွင် သံတုတ်ချောင်းကိုင်လျက်။

"လှမျိုးအောင်၊ မင်းခွေးရော"

"ငါ့ခွေးမဟုတ်ဘူး။ ငါ ကျွေးထားတာ၊ ငါ မွေးထားတာ မဟုတ်ဘူး"

"မင်းမွေးထားတာမဟုတ်ရင် မင်းခေါ်ပေး။ ငါ သတ်မလို့"





"မင်းညီစလို့ လိုက်ကိုက်တာနေ့ ဇော်ထိုက်"

ဟု ကျွန်တော် လေသံကို အေးဆေးစွာပြောသည်။

"မင်းမွေးထားတာမဟုတ်ရင် မင်း ဘာမှမပြော နဲ့လေ၊ ငါ့ညီကိုကိုက်လို့ ငါ လာသတ်တာ"

"ငါ သတ်ခွင့်မပြုနိုင်ဘူး"

ဒေါသစိတ်ကို ထိန်းထားရသည်။

"မင်းမွေးထားတာမဟုတ်ဘူးဆို"

"ငါမွေးထားတာမဟုတ်ပေမဲ့ ငါ ကျွေးထားတာ သံယောဇဉ်ဖြစ်နေပြီကွ၊ အဲဒီတော့ ငါ မသတ်စေချင် ဘူး။ မင်း ကျေနပ်အောင် ငါ ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်မပေးနဲ့၊ ငါ့ညီကိုကိုက်တဲ့အတွက် ငါ သတ်ရမှ ကျေနပ်မယ်"

ကျွန်တော် စိတ်ကိုထပ်လျှော့ပြီး

"ငါ ဆေးလိုက်ထိုးပေးမယ်ကွာ၊ မင်းညီ အနာ ပျောက်တဲ့အထိ ငါ ဆေးကုပေးမယ်"

ဇော်ထိုက် ခေါင်းခါသည်။

"ငါသတ်ဖို့လာတာ၊ ဆေးဖိုးတောင်းဖို့လာတာ မဟုတ်ဘူး"

"ငါ တောင်းပန်ပါတယ်ကွာ၊ မသတ်ပါနဲ့"

ဟု ကျွန်တော်ပြောသည်။ မရ။ ထို့ကြောင့် ဇော်ထိုက်[illegible]ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ သံတုတ်ကို ကျွန်တော် တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက်

"ဒါဆို မင်း ခအာစောင့်"

ပြောပြီး ကျွန်တော် အိမ်ပေါ်သို့တက်ခဲ့၏၊ နံရံတွင် ချိတ်ခွဲထားသော ဓားအိမ်မှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ဟင်းအိုးထဲမှ ဝက်သားတုံးတစ်တုံးကို နှိုက်ယူလိုက်၏။

၆

"ဒီဝက်သားတုံးကိုစားဖို့ ညိုမကို ငါခေါ်ပေးမယ်၊ သူလာစားရင် မင်း သံတုတ်နဲ့ တစ်ချက်တည်း အပြီးသေအောင်ရိုက်၊ တစ်ချက်ထက်ပိုရိုက်ရင် မင်းကို ဒီဓားနဲ့ ငါခုတ်မယ်၊ အဲဒါကို သဘောတူလား၊ သဘောတူရင် ငါကိုယ်တိုင်ခေါ်ပေးမယ်"

"သဘောတူတယ်၊ မင်းခေါ်ပေး"

ဖော်ထိုက်က ပြောပြီး သံတုတ်ကို ကျစ်လစ်စွာ ဆုပ်ကိုင်သည်။ အိမ် ခြံစည်းရိုးတိုင်ဖြင့် သူ ကွယ်နေလိုက်၏။

ကျွန်တော် ဝက်သားတုံးကို မြေကြီးထဲသို့ ပစ်ချလိုက်၏၊ လက်ထဲမှ ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

"ညိုမရေ ညိုမ၊ လာ လာ"

ကျွန်တော့်ခေါ်သံကို ကြားကြားချင်း ညိုမ ပြေးလာ၏။ ဖော်ထိုက်က သံတုတ်ကိုလက်နှစ်ဖက်ဖြင့်ကိုင်လျက် ရိုက်ဖို့ အသင့်ပြင်သည်။ ပြေးလာသောညိုမကိုတစ်လှည့်၊ တိုင်အကွယ်တွင် ရှိနေသော





ဖော်ထိုက်ကိုတစ်လှည့်ကြည့်ပြီး ကျွန်တော် ဖော်ထိုက်ကို ဓားဖြင့် ရွယ်ကာ

"တစ်ချက်ပဲနော်၊ မင်း တစ်ချက်ပဲရိုက်နော်၊ တစ်ချက်ထက်ပိုရင် မင်းအသေပဲ"

ညိုမသည် ဝက်သားတုံးကို ကိုက်၏။ ဖော်ထိုက်ကို လုံးဝ သတိမမူ။

ဖော်ထိုက်က ညိုမ၏ ငယ်ထိပ်တည့်တည့်ကို အားကုန် ရိုက်ချလိုက်သည်။

"ကိန်"

ညိုမသည် တစ်ချက်မျှသာ အော်နိုင်၏။ ဖော်ထိုက်၏ပခုံးပေါ်သို့ ကျွန်တော် ဓားကို ကိုင်မြှောက်လိုက်သည်။ ဖော်ထိုက်သည် နောက်တစ်ချက် မရိုက်။

ရိုက်စရာလည်း မလိုတော့ပါ။

ညိုမသည် ဝက်သားတုံး ပါးစပ်တွင် တစ်လျှံဖြစ်လျက် ပါးစပ်ထဲမှလည်းကောင်း၊ နှာခေါင်းထဲမှလည်းကောင်း သွေးတွေ အခဲလိုက်ထွက်ကျပြီး ငြိမ်သက်သွားရှာ၏။ အမြီးတစ်ချက်မျှသာ လှုပ်သည်။

ဖော်ထိုက်၏ ပခုံးထက်သို့ ကိုင်ရွယ်ထားသော ဓားရှည်ဖြင့် ကျွန်တော် ဖော်ထိုက်ကို ခုတ်ပိုင်းလိုက်ဖို့ပြင်လိုက်သည်။

ဖော်ထိုက်က သံတုတ်ဖြင့် ကျွန်တော့်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့အတိုင်း ငါ တစ်ချက်တည်းပဲ
ရိုက်တာနော်၊ တစ်ချက်တည်းပဲရိုက်တာ"

ကျွန်တော် အံတစ်ချက်သာ ကြိတ်လိုက်နိုင်သည်။ စားကိုင်လက်၏ ကြွက်သားများ အားလျော့သွားရ၏၊

"မင်း ပြန်တော့"

ဖော်ထိုက်ကို ကျွန်တော် နှင်ထုတ်လိုက်၏၊

ညိုမကို ကျွန်တော် ငုံ့ကြည့်မိသည်။ မြေပြင်ပေါ်တွင် သွေးတွေအိုင်ထွန်းလျက်။ ညိုမ၏မျက်လုံးအစုံသည် ကျွန်တော့်ကို မော်ကြည့်လျက်။ တစ်ခုခု အပြစ်တင်နေသလို ကြည့်သွားသကဲ့သို့ ကျွန်တော် ခံစားရသည်။

❀

ထိုစဉ်မှစ၍ ကျွန်တော်သည် ခွေးများနှင့် ဝေးဝေးနေခဲ့၏။ ခွေးများအပေါ်တွင် ကြောက်စိတ်မပြယ်သေးသကဲ့သို့ ချစ်စိတ်မဝင်အောင်လည်း တမင်ရှောင်ရှားနေဖြစ်ခဲ့သည်။

နောက်ဆုံးထွက်သက်တွင် ငေးကြည့်သွားသော ညိုမ၏မျက်လုံးအစုံကို ကျွန်တော် ဘယ်သောအခါမှ မေ့ဖျောက်ပစ်နိုင်လိမ့်မည်မဟုတ်ပါ။ တစ်ပါးသူတွေ ခွေးအကြောင်းပြောစဉ်အခါတိုင်း ညိုမအကြောင်းသည် ကျွန်တော့်ရင်ထဲ အသည်းထဲ စိတ္တဇထဲတွင် အစဉ်ကိန်းအောင်းလျက်ရှိခဲ့၏။

❀❀❀





၄။

ဘဝ၏ သံသရာတွင် ကျွန်တော် နှစ်ပေါင်းသုံးဆယ်ကျော်ရှင်သန် ရုန်းကန်ဘူးခတ်ခဲ့ရသည်။ လူအမျိုးမျိုးကို တွေ့ကြုံခဲ့ရသည်။ ပြဿနာအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။

လူအချင်းချင်း ခေါင်းပုံဖြတ်ခြင်းများ၊ လူအချင်းချင်း လိမ်လည်လှည့်စားခြင်းများ၊ လူအချင်းချင်း အနိုင်ကျင့်ခြင်းများ၊ တစ်လုတ်စားဖူး သူ့ကျေးဇူးဟူသည့်စကားကို မျက်ကွယ်ပြုကာ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းများ (လူစင်စစ်ဖြစ်ပါလျက် ထမင်းကျွေးသောလက်ကို ပြန်ကိုက်ခြင်းများ) အလိုလောဘကြီးခြင်းများ၊ သူ့ထက်သာ နေရာလို



www.burmeseclassic.com

www.burmeseclassic.com



ဝန့်တိုခြင်းများ၊ နောက်ကျောကို ဓားဖြင့်ထိုးခြင်းများ စသည်ဖြင့် လူ့လောကကို စိတ်ကုန်ချင်စဖွယ်ဖြစ်ရပ်ပေါင်းများစွာကို ကျွန်တော် မျက်ဝါးထင်ထင် နီးနီးကပ်ကပ် တွေ့ကြုံခဲ့ရသည်။

သစ္စာမဲ့မှုများ၊ သစ္စာဖောက်မှုများ၊ အနီးဝန်းကျင်၏ ကရုဏာကို ရယူပြီး 'သူခိုးကလူဟစ်' သော အဖြစ်အပျက်များ၊ ငွေကြေးဥစ္စာပစ္စည်းတို့ကို လိုချင်တပ်မက်မောလျက် လူစင်စစ်မှ အစွယ်ထွက်လာရသည့်အထိ အလိုရမ္မက်ကြီးမားမှုများ များစွာကို နီးနီးစပ်စပ် မြင်တွေ့ကြုံဆုံခဲ့ရသည်။

ထိုအခါ ကျွန်တော် လူတွေနှင့် ရောရောနှောနှော မနေလိုတော့ချေ။ ထိုအခါ ကျွန်တော် ညို့မကို သတိရဖြစ်သည်။ ထို့ကြောင့် ခွေးမွေးခြင်းကို ဝါသနာမပါဘဲ ခွေးလေးတစ်ကောင်မွေးဖြစ်ခဲ့သည်။ ထိုခွေးလေး၏အမည်ကို ပီလီဟု ကျွန်တော် ခေါ်တွင်ခဲ့၏။

❀

ယူရို ၂၀၀၄ ဘောလုံးပွဲစဉ်များ ကန်နေချိန်တွင် ကျွန်တော် ပလာဇာတစ်ခုသို့ရောက်သည်။ မွေးကင်းစ ခွေးသေးသေးလေး တစ်ကောင်ဝယ်ဖို့ ကျွန်တော် ဈေးမေးသည်။ ပြီးနောက် ၎င်းတို့၏ သဘာဝကို မေးမြန်းသည်။ ပြီးနောက် ကျွန်တော် ဈေးဆစ်သည်။

ထိုစဉ် တခြားလှောင်အိမ်အတွင်းမှ ခွေးထီးလေးတစ်ကောင်က ကျွန်တော်ကိုကြည့်ရင်း ဟောင်၏။ အစွယ်ဖြဲလျက် မာန်ဖီ၏။ ကျွန်တော့်အာရုံ သူ့ထံသို့ ရောက်သွားသည်။ မွေးကင်းစအရွယ်လေး





တွေထဲက တစ်ကောင်ကောင်ကို ဝယ်ယူဖို့ စဉ်းစားနေရင်းမှ ထိုခွေးထီးလေး၏ လှောင်အိမ်အနီးသို့ ကျွန်တော် မဝံ့မရဲ သွားမိသည်။

"ဒီကောင် ဘာအမျိုးအစားလဲ"

"ပီကင်းကြီး"

"အသက် ဘယ်လောက်ရှိပြီလဲ"

"ခြောက်လ"

"ကျွန်တော် ဒီကောင့်ကိုဝယ်မယ်၊ ဈေး နည်းနည်းလျှော့"

ရောင်းသူက ဈေးနည်းနည်းလျှော့ပေးသည်။ ငွေစက္ကူများစွာဖြင့် ကျွန်တော် ဝယ်ယူလိုက်သည်။

ကြာသပတေးနေ့တွင် ဝယ်ယူခြင်းဖြစ်ပြီး ဘောလုံးပွဲရာသီ လည်းဖြစ်သဖြင့် ကမ္ဘာကျော် ဘောလုံးသမားတစ်ဦး၏အမည်ဖြစ် သည့် ပီလီဟူသော နာမကို ကျွန်တော် ခေါ်တွင်လိုက်ခြင်းဖြစ်သည်။

❀

ပီလီသည် အကောင်သေးသေးလေးသာဖြစ်၏။ အစွယ်လေးများကတော့ ချွန်ချွန်ထက်ထက်။ လျှာပေါ်တွင် နက်ပြာရောင် အမှတ်ကလေးပါသည်။ အမွေးရှည်ရှည် အမြီးလုလု (ကော့ကော့) လေးဖြစ်၏။ နှာခေါင်းတိုတို၊ မျက်လုံးပြူးပြူး၊ မျက်နှာမည်းမည်းလေးဖြစ်သည်။ အရောင်မှာ ရွှေအိုရောင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အငှားကားပေါ်မှဆင်းလျှင်ဆင်းချင်း လမ်းဘေးမှ ချွေးနှစ်ကောင်ကို တစ်ဟုန်ထိုး ပြေးကိုက်သည်။ သံကြိုးကို အားဖြင့်ဆွဲလျက် ကျွန်တော် မနိုင်မနင်း ထိန်းခဲ့ရသည်။

✿✿✿





၅။

ကျွန်တော့်အခန်းသို့ရောက်လျှင်ရောက်ချင်း သူ့ကို ရေတိုက်သည်။ ပြီးနောက် မုန့်ကျွေးသည်၊ သူစားနေသည့်မုန့်လေး ပွဲကျသွားသဖြင့် ကျွန်တော့်လက်ကို မာန်ဖီလျက်ဟပ်လိုက်၏။

လက်အရုပ်မြန်သဖြင့် မပေါက်မပြဲသော်လည်း ကျွန်တော် တော်တော်လေး လန့်သွား၏။ (ညီမကို သတိရဖြစ်သေးသည်)။

✿

ကျွန်တော် ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ကျွန်တော့်အနားသို့ ပီလီရောက်လာသောအခါ ချိုကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခွေးတစ်ကောင်ဟု မမှတ်ပိုက်တော့ဘဲ သက်ရှိသတ္တဝါ တစ်ကောင်ဟုသာ မှတ်ပိုက်ပြီး စကားတွေ တတွတ်တွတ် ပြောလိုက်မိချေသည်။

"ငါ့အပေါ် ဘယ်လူမှမကောင်းဘူး၊ ငါ့ကို လူတွေ ဝိုင်းကိုက်လို့ ကိုက်တတ်တဲ့မင်းကို မကိုက်တတ် အောင် သင်ပေးဖို့ မင်းကို ငါခေါ်လာတာ၊ မင်းကပါ ငါ့ကို ရောက်ရောက်ချင်းကိုက်လိုက်တော့ ငါ စိတ် မကောင်းဘူး။ မင်းကို ငါ မထိရဲ မတို့ရဲ မကျွေးမွေး ရဲတော့ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ အခု မင်း ငါ့ကို ကိုက်လိုက်တာ၊ စားမာန်ခုတ်တယ်လို့ပဲ ငါယူဆတယ်၊ ငါ စိတ်မဆိုးဘူး"

ပီလီသည် ကျွန်တော့်ကို ငေးကြည့်လျက် အမြီးလေး လှုပ်၏။

"ငါပြောတာကို မင်းနားလည်ရင် အမြီးပဲ လှုပ် မနေနဲ့၊ ငါ့ရင်ဘတ်ပေါ်ကို ခုန်တက်လိုက်စမ်းပါကွာ၊ ငါ့ရင်ဘတ်ထဲမှာ လူတွေကို မပြောပြဖြစ်ဘဲ မျိုသိပ် ထားတဲ့ စကားတွေ အများကြီးပဲကွ၊ မင်းကို ပြောပြ ချင်တယ်"

ပီလီသည် မတ်တပ်ရပ်ပြီး ကျွန်တော့်ရင်ခွင်ထဲသို့ တိုးဝင် လာလေ၏။ ကျွန်တော် အံ့ဩရသည်။ မျက်ရည်ဝဲမတတ် ခံစားဝမ်းသာ ခဲ့ရ၏။





ကျွန်တော် သူ့ကို မရဲတရဲ ထွေးပိုက်လိုက်သည်။ ပြီးနောက် ဘုရားခန်းအဝင်ဝသို့ ပွေ့ခေါ်သွားလိုက်၏။

❀

"ဒါ ဘုရားခန်း၊ မင်း ဘုရားမရှိခိုးတတ်ရင် ဘောင် ငါ ဘုရားရှိခိုးတဲ့အခါ ငါပြုသမျှကောင်းမှု ကုသိုလ်တိုင်းကို မင်းရအောင်ယူ၊ မင်းကို ငါ အမျှ ဝေမယ်၊ ဘုရားခန်းထဲကိုတော့ မင်းကို မဝင်စေချင် ဘူး၊ လိုအပ်တဲ့အခါ ငါကိုယ်တိုင်ပွေ့ခေါ်မယ်၊ အခန်းဝ ကနေ ဘုရားကိုဖူး၊ ငါဘုရားရှိခိုးတိုင်း ဒီအခန်းဝမှာ လာနေ၊ နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ငါခိုင်းတာကို မင်းလုပ်"

ကျွန်တော် သုံးကြိမ်တိတိပြောသည်။ ပြီးနောက် အိမ်ခန်းအတွင်းသို့ ခေါ်သွားလိုက်၏။

"ဒါ ငါ့အိပ်ရာ၊ မင်း အိပ်ခွင့်ရှိတယ်၊ ဒါပေမဲ့ မင်းကို ငါ ကြောက်တဲ့အတွက် အတူတူမအိပ်ရဲဘူး၊ အဲဒါကြောင့် ငါနဲ့အနီးကပ်ဆုံးမှာလာအိပ်"

ပြီးနောက် ရေချိုးခန်းသို့ ခေါ်သွားသည်။

"ဒါ ရေချိုးခန်း၊ မင်းကို ဒီမှာရေချိုးပေးမယ်၊ ဟိုဘက်က အိမ်သာ၊ အပေါ့အပါးသွားရင် အဲဒီမှာ သွား၊ အလေးသွားရင် အဲဒီထဲမှာသွားရတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် အိပ်ပေါ်မှာ အပေါ့အပါးရော အလေးအပင်ရော မသွားစေချင်ဘူး၊ မင်းကို ဒါ လမ်းမပေါ်ကို တစ်နေ့ နှစ်ခါလိုက်ပို့ပေးမယ်၊ အဲဒီမှာရှင်း''

ပြီးနောက် ဝရန်တာသို့ခေါ်သွားသည်။

''ဒါ ဝရန်တာ၊ ဒီမှာလာအိပ်တာ မကြိုက်ဘူး၊ မင်း အအေးမိမှာစိုးလို့ ငါ ဟန့်တားတာ၊ ဘုရားခန်းကို မဝင်နဲ့ဆိုတာလည်း မင်း၊ အညစ်အကြေးစွန့်မှာ စိုးလို့ ငါတားတာ အားလုံး ငါပြောတဲ့အတိုင်း လုပ်ပါ၊ ကျန်တာ မင်းစိတ်တိုင်းကျနေ၊ ဧည့်ခန်းထဲမှာ မင်းကြိုက်သလိုနေ၊ မီးဖိုခန်းမှာ မင်းကြိုက်သလိုနေ လွတ်လွတ်လပ်လပ်သာနေ''

စကားအားလုံးကို ကျွန်တော် သုံးကြိမ်တိတိပြောပြဖြစ်သည်၊

❀

ထို့နောက် သူ့ စိတ်တိုင်းကျ နေစေလိုက်၏။

ဘုရားခန်းအတွင်းသို့ တစ်ကြိမ်ဝင်သည့် ကျွန်တော် လေသံမာမာဖြင့် ဟန့်တား၏။ ဘယ်တော့မှ မဝင်တော့ချေ၊ ဘုရားရှိခိုးနေချိန်တွင် အဝင်ဝ၌ လာရောက်ဝပ်တွားနေတတ်၏၊

အိပ်ခန်းထဲသို့ဝင်ပြီး အိပ်ရာပေါ်တွင် တစ်ကြိမ်ဝင်အိပ်နေသည်၊ ကျွန်တော် မအိပ်စေချင်ကြောင်း လေသံမာဖြင့်ပြော၏။ ဘယ်တော့မှ အိပ်ရာပေါ်သို့ မတက်တော့ချေ၊ ခုတင်အောက်တွင်သာ ဝင်အိပ်လေ၏။





ဒါတောင် ကျွန်တော်အိပ်ရာမဝင်မချင်း အနီးအပါးတွင် အိပ်နေသေး၏။ ကျွန်တော် အိပ်ရာဝင်မှ သူလည်း ခုတင်အောက်သို့ လိုက်ပါဝင်အိပ်ခြင်းဖြစ်သည်။

ဝရန်တာသို့ အကြိမ်ကြိမ်ထွက်၏။ ကျွန်တော် ခဏ ခဏ ပြန်ခေါ်ရသည်။ အညစ်အကြေးကိစ္စကို လမ်းမပေါ်တွင်သာ ဖြေရှင်း၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၆။

ဆယ်ရက်ခန့်အကြာတွင် ကျွန်တော်နှင့် တရင်းတနှီး ဖြစ်လာသည်။ သို့သော် ကိတ်မုန့်ကျွေးသော အဒေါ်ကြီးတစ်ယောက်၏ လက်ကို သူကိုက်လိုက်၏။ လက်ကောက်ဝတ် ဟက်တက်ကွဲသွားသည်။

"အစာကျွေးတဲ့လက်ကို ကိုက်ရင် ငါမုန်းတယ်"

ဟုပြောပြီး ကျွန်တော် ပီလီကို ဝါးခြမ်းပြားဖြင့် ရိုက်သည်။

"သားရေယ်၊ ခွေးပဲ ကိုက်မှာပေါ့၊ မရိုက်ပါနဲ့"

ဟု အကိုက်ခံရသော အဒေါ်ကြီးက ဟန့်တားသည်။

❀





အိမ်ပေါ်သို့ရောက်သည့်အခါ

"အစာကျွေးတဲ့ လက်ကိုကိုက်တတ်တဲ့ခွေးတွေထဲမှာ မင်းမပါစေနဲ့၊ အဲဒီလိုမပါရအောင် မင်းကို ငါ ဥာဏ်ဖွင့်ပေးမယ်"

ပြောပြီး ကျွန်တော် ပီလီ့ကို ဝါယာကြိုးဖုံးအုပ်သည့်ကော်ပြားဖြင့် တရစပ်ရိုက်နှက်လိုက်သည်။ ပက်လက်ကလေး ငြိမ်ကုပ်လျက်ခံ၏။

❀

ညတစ်ညတွင် ပီလီသည် ကျွန်တော့်လက်ကို ကိုက်ပြန်၏။ ကျွန်တော် သူ့ကို ပြင်းထန်စွာရိုက်မိမလိုဖြစ်သေးသည်။ ရိုက်မည်ပုတ်မည် ပြင်ပြီးမှ သူ့အား ကျွန်တော် နောက်ပြောင်ခဲ့မိသည်ကို သတိရပြီး မရိုက်ဖြစ်တော့ချေ။

ပီလီဟု သူ့အမည်ကိုခေါ်ပြီး သူ လှည့်ကြည့်သောအခါ မသိဟန်ဆောင်သော နောက်ပြောင်နည်းဖြင့် ကျွန်တော် နောက်ပြောင်ခဲ့မိသည်။ သူ အိပ်ခန်းထဲသို့ဝင်သွားသည်။ ခုတင်အောက်တွင် ဝင်နေသည်။ ကျွန်တော် အပြင်သို့ ထွက်ခဲ့ရန် ခေါ်သည်။ ထွက်မလာသဖြင့် သူ့လည်ကုပ်ကိုကိုင်ဖို့ လက်အလှမ်းတွင် ကျွန်တော့်လက်ကို ကိုက်လိုက်ခြင်းဖြစ်၏။

လက်ကိုကိုက်သဖြင့် ကျွန်တော် စိတ်ဆိုးသွားပြီး ရိုက်[illegible] ပြင်စဉ် သူ့ကို နောက်ပြောင်ထားသည့်အတွက် စိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



၍ ကိုက်ခြင်းဖြစ်မည်ဟုတွေးကာ ကျွန်တော် သူ့ကို ပြန်ချော့လိုက်ရသည်။ လူတစ်ယောက်ကို တောင်းပန်စကားပြောသကဲ့သို့ ကျွန်တော် သူ့ကို တောင်းပန်စကားပြောသည်။ တစ်ခဏအတွင်း သူ အမြီးလေး လှုပ်ယမ်းလာ၏။ သူ စိတ်ပြေသွားဟန်တူသည်။

✿

ပီလီ၏ အမွေးအမျှင်တို့သည် စုတ်စုတ်ပွပွဖွာလေးဖြစ်၏။ မိုးရွာထားသော လမ်းမပေါ်သို့လျှောက်လျှင် ခြေလက်ဝမ်းဗိုက်တို့ ပေကျံ ညစ်ညမ်းသွားနိုင်သည်။ ထို့ကြောင့် မညစ်ပေစေလိုသော အလို့ငှာ သူ့ကို ကျွန်တော် အင်္ကျီလေးတစ်ထည် ဝတ်ပေးဖြစ်၏။

အင်္ကျီဝတ်ပေးနေစဉ် ကျွန်တော့်လက်ကို တတိယအကြိမ်မြောက် လှည့်ကိုက်လိုက်ပြန်သည်။ ကျွန်တော် သူ့ကို တွန်းထုတ်လိုက်၏။ လက်ခုံတွင် သွေးစို့သွားသည့်အစွယ်ရာကိုကြည့်ရင်း လက်ကမနာ၊ အသည်းက နာလာသည်။ (ညီမကို သတိရမိပြန်၏) ညီမသည် ကျွန်တော့်ကို တစ်ကြိမ်တစ်ခါမျှပင် မာန်ဖီမသွား။

✿✿✿





၅။

"ထမင်းကျွေးတဲ့လက်ကိုကိုက်ရင် ငါ အသည်း နာတယ်"

ပီလီကို ကျွန်တော် တရစပ်ရိုက်၏။ ရိုက်သောတုတ်ကို သူ ပြန်ကိုက်သည်။ ထိုတုတ်ဖြင့် သူ့အာခေါင်ကို ကျွန်တော် ဆောင့်ထိုး လိုက်၏။

"မင်းကို ငါ မမွေးတော့ဘူး၊ မပြုစုတော့ဘူး၊ မင်း လစ်တော့"

ကျွန်တော် အိမ်ပေါ်မှ ရိုက်နှက်မောင်းချလိုက်လေသည်။ ပီလီသည် ဝတ်ထားသော အင်္ကျီကျပ်ကျပ်လေးဖြင့် လမ်းမပေါ်တွင် ယောင်လည်လည် ဖြစ်နေ၏။

✿



www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တဲ့သူ ယူလိုက်တော့"

ဟု ကျွန်တော်ပြောသည်။

ခွေးမွေးဖူးသော အစ်ကိုကြီးတစ်ယောက်က ပီလို့အကျီကို ချော့မော့ကိုင်တွယ်ချွတ်ပေးပြီး

"အကျီကျပ်သွားလို့ ကိုက်တာ နေမှာပါ၊ ဒီလောက်မရိုင်းပါဘူး"

"ဘာကြောင့်ကိုက်ကိုက် ကိုက်ပါ၊ ကျွန်တော့် လည်ပင်းကို ကိုက်ပစ်လိုက်၊ ကျွန်တော် စိတ်ဆိုးမှာ မဟုတ်ဘူး၊ ဟောဒီ ထမင်းကျွေးတဲ့သက်ကို ကိုက်လို့ ကျွန်တော်နာတာ"

"မင်းကလည်းကွာ၊ ခွေးမွေးရင် ခွေးကိုက်ခံရ မယ်၊ ကြောင်မွေးရင် ကြောင်ကုတ်ခံရမယ်၊ ဒါ သဘာဝပဲ"

ဘယ်သူ ဘာပြောပြော ကျွန်တော် နားမဝင်၊ လက်မခံ။

"တခြားခွေးတွေ ဝိုင်းကိုက်လိမ့်မယ်၊ ပြန်ခေါ် သွားပါ"

ဟု ပြောသူပြောသည်။

"နောက်ဆုံးအကြိမ်အနေနဲ့ ခွင့်လွှတ်လိုက်ပါ လား"

ဟု ပြောသူပြောသည်။





"ကျွန်တော် ဘေးမဲ့ပေးလိုက်ပြီ၊ ဖြစ်ချင်ရာ ဖြစ်"

ဟု ပြောပြီး ပီလို့ကို စောင်နိုင်းခဲ့သည်။ သူ့ကို ဝတ်ပေးမိသည့် အကျီကို ပြန်ယူခဲ့၏။

❀

ပီလို့ကို ကျွန်တော့်ချစ်သူက သူ့အိမ်တွင်ခေါ်ထားကြောင်း ညနေပိုင်းတွင် သတင်းကြားသည်။ ကျွန်တော် ဖုန်းဆက်ဟန့်တား သည်။ ပြီးနောက် ကိုယ်တိုင်သွားပြောသည်။

ပီလီသည် ကျွန်တော့်ကိုမြင်လျှင်မြင်ချင်း အမြီးလေးလှုပ်လျက် အနားသို့လာ၏။ ကျွန်တော် ခြေဖျားဖြင့် ခတ်လိုက်သည်။

❀

မျိုးဟန်ဆိုသည့်ကောင်လေးက သူ့အိမ်သို့ ခေါ်သွားမည်ဟု ကျွန်တော့်ကို အသိပေးသည်။

"မြန်မြန်ခေါ်သွား၊ ငါ ဒီကောင့်မျက်နှာ မမြင် ချင်တော့ဘူး၊ နောက်ဆုံးတော့ ခွေးဟာခွေးပဲ၊ လူလို ဝတ်လို့မရဘူး"

ဟု တစ်ကိုယ်တည်း မကျေမချမ်း ပြောဆိုနေမိသည်။

❀

"လူတွေဝိုင်းကိုက်တာတောင် ခွင့်လွှတ်ပေးခဲ့ သေးတာပဲ၊ ဘာကြောင့် တိရစ္ဆာန်တစ်ကောင်ကို ခွင့်မလွှတ်နိုင်ရတာလဲ၊ တိရစ္ဆာန်တွေကို သနားတယ်ဆို၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ပီလီကို ခွင့်မလွှတ်တော့တာလဲ၊ သူ့ အမြီးလေးလှုပ်နေတာ သူ့ဘာသာစကားနဲ့ တောင်းပန် နေတယ်လို့ မထင်ဘူးလား၊ သူသာ လူစကားပြော တတ်ရင် နောက်မကိုက်တော့ပါဘူးလို့ တောင်းပန် စကားပြောမှာပဲ၊ သူ့အပေါ် ယုယတဲ့သူကို သူ စိတ်ဆိုး မာန်ဆိုးနဲ့ကိုက်တာ မဖြစ်နိုင်ဘူး။ သူ အနေအထိုင် ကျဉ်းကျပ်လို့ သူမကြိုက်တာကို မကြိုက်တဲ့အကြောင်း ပါးစပ်နဲ့ကိုက်ပြီး ဟန့်တားတာ နေမှာပေါ့၊ သူသာ လူစကားပြောတတ်ရင် ကျွန်တော် အဲဒီအကျီ ကျပ်ကျပ် ကြီး မဝတ်ချင်ဘူးဗျာလို့ ပြောမှာပေါ့''

ဟု ချစ်သူက နားချရှင်းပြသည်၊

ကျွန်တော် ဘာမျှပြန်မပြောဘဲ ငြိမ်သက်တွေးတောနေခဲ့၏၊ အတွေးထဲတွင် ညိုမကို ပိုပို သတိရလာသည်။

❀

တစ်ညလုံး ကျွန်တော် အိပ်မပျော်၊ ဒီငှို့ အသုံးအဆောင် ပစ္စည်းတွေ၊ ဆေးဝါးတွေကို ကြည့်လျက် 'တက်' တစ်ချက် ခေါက် မိပြန်သည်။ သံယောဇဉ်စိတ်ကို ဒေါသက ဖိတ်လျှောင်နေသလားဟု ကိုယ့်ကိုယ်ကို မေးမိသေး၏။ အဖြေမရ။

❀❀❀





၈၁

မနက်လင်းသည့်အခါ ကျွန်တော် ပီလီ၏သတင်းစကားကို မျှော်နေမိသည်။ ဘာသတင်းမျှ မကြားရချေ။ နေ့လယ်ပိုင်းတွင် မျိုးဟာန်ရောက်လာ၏။

''အစ်ကို၊ ပီလီ တစ်ညလုံး မအိပ်ဘူး၊ ဘာမှ လည်း ကျွေးလို့မရဘူး ဘယ်လိုကျွေးကျွေး မစားဘူး''

ချစ်သူအပါအဝင် နီးစပ်ခင်မင်သူတို့ ပြောဆိုခဲ့သော စကား များကို ပြန်လည် ကြားယောင်ကြည့်သည်။ အားလုံး၏စကားများကို ကျွန်တော်လက်ခံချင်လာ၏။

''အခု ဒီကောင် ဘယ်မှာလဲ''

''သစ်ပင်အောက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပိလိရှိရာသို့ တစ်လှမ်းချင်းသွား၏။ ပြန့်ခေါ်ဖြစ်မည် မခေါ်ဖြစ်မည်ကို မဆုံးဖြတ်ရသေး။ 'မင်း ငါ့အပေါ် သံယောဇဉ်ရှိရင် ငါ့ရင်ဘတ်ပေါ်ကို ခုန်တက်လိုက်စမ်းပါ' ဟု စိတ်ထဲက ပြောဖြစ်သည်။ ပိလိရှေ့တည့်တည့်သို့ ကျွန်တော်ချပ်လိုက်၏။

ပိလိသည် ကျွန်တော့်ကိုမြင်သည်နှင့် မတ်တပ်ရပ်သည်၊ ကျွန်တော် ချိမ့လိုက်မိ၏။

❀

"မင်းကို ငါ ဘယ်တော့မှ မရိုက်တော့ဘူး၊ မင်းလည်း ငါ့ကို ကိုက်ချင်သလောက် ကိုက်လိုက်တော့၊ ငါ စိတ်ဆိုးမှာမဟုတ်တော့ဘူး။ ခွေးကိုရိုက်သောသူသည် ရိုက်သူလည်းခွေး၊ ခွေးလည်းခွေးဆိုတဲ့ ခေတ်ဟောင်းရုပ်ရှင်ကားတစ်ကားထဲက စကားတစ်ခွန်းကို ငါမေ့သွားတယ်၊ ပြီးတော့ မင်းဟာ ခွေးတစ်ကောင်ဆိုတာကိုပါ ငါမေ့သွားတယ်၊ မင်းကို ငါ ခွင့်လွှတ်ပါတယ်၊ ရိုက်မိနက်မိတဲ့ငါ့ကိုလည်း ခင်း ခွင့်လွှတ်ပါ၊ လူတချို့တောင် ခွေးကျွင့်ခွေးကြွ ကြိုကြသေးတာပဲ၊ ခွေးက ခွေးလိုကိုက်တာ ငါ မနာတော့ဘူး"

ပိလိသည် ကျွန်တော့်ကို .လူကလေးငယ်တစ်ယောက်ကဲ့သို့ ငေးကြည့်နေရှာ၏။ အမြီးစုတ်ဖွာဖွာလေးသည့် အဆက်မပြတ် ခါယမ်းနေသေး၏။





နောက်ဆုံးထွက်သက်တွင် တစ်ချက်မျှသာ လှုပ်ခတ်သွားသော ညိုမှဲ့၏အမြီးရှည်ရှည်လေးကို ဖြတ်ခနဲ မြင်ယောင်လိုက်ပြန်သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၉။

ကျွန်တော့်တစ်သက်တာတွင် ခွေးကိုက်ခံရလိမ့်မည်ဟု
ဘယ်တုန်းကမှ မထင်မှတ်ခဲ့ပါ။

ပိလိသည် ကျွန်တော့်ကို သုံးကြိမ်တိတိကိုက်ဖူးသော ခွေးစွာ
စွာလေး တစ်ကောင်ဖြစ်၏။ နောက်ထပ် ကိုက်ဦးခဲဦးမည်ဆိုလျှင်
လည်း ထိတ်လန့်ကျေနပ်စွာ ကျွန်တော်ခွင့်လွှတ်ချင်ပါသေးသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် လူသော်တော်များများ
အပေါ် သည်းခံခွင့်လွှတ်ခြင်း၏ အဆုံးအထိ ကြိတ်မှိတ်မျိုသိပ်ရင်း
သည်းခံစိတ် မွေးခဲ့ဖူးသူဖြစ်၏။



ခွေးတစ်ကောင်ကို ခွင့်လွှတ်ရသည်မှာ လွန်စွာ လွယ်ကူ
ပေလိမ့်မည်။

အပျိုစင်မဂ္ဂဇင်း
၂၀၀၅၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com



# မျက်တောင်ခတ်သော ပါးစပ်များ

စိန်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၀။

ကျွန်တော်နှင့် သင်းသင်းသန့်သည် အလွန်ချစ်ခင်ရင်းနှီးသော ငယ်သူငယ်ချင်းနှစ်ယောက်ဖြစ်ကြ၏။ သို့သော် ကျွန်တော်တို့ နှစ်ယောက်စလုံး တစ်ခုလပ်များ ဖြစ်သွားခဲ့ကြရသည်။

မိန့်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၂။

မင်းလွင်နှင့် သင်းသင်းသန့်သည် တက္ကသိုလ် တတိယနှစ်ကတည်းက ချစ်သူရည်စား။ မင်းလွင်နှင့် ကျွန်တော်သည် သင်းသင်းသန့်နှင့်ကဲ့သို့ ငယ်သူငယ်ချင်းမဟုတ်သော်လည်း တစ်တန်းတည်း၊ တစ်ကျောင်းတည်း၊ တစ်ရပ်ကွက်တည်း နေထိုင်သူတွေဖြစ်သဖြင့် ဆယ်တန်းကျောင်းသားဘဝတွင် ငယ်သူငယ်ချင်းတွေကဲ့သို့ ခင်မင်လာခဲ့ကြ၏။

နောင်သော်... မင်းလွင်၊ သင်းသင်းသန့်နှင့် ကျွန်တော်တို့ သုံးယောက်သည် သွားလာအတူ ယှဉ်တွဲအမြဲ၊ မခွဲမခွာရှိလာလေ





သည်။ သုံးယောက်စလုံးသည် နေအိမ်ချင်း မလှမ်းမကမ်း။

တစ်ယောက်ကိစ္စရှိလျှင် ကျန်နှစ်ယောက်က ပါဝင်ဆောင်ရွက်ခဲ့ကြစမြဲ။ တတိယနှစ်ရောက်မှ သူတို့နှစ်ဦး ချစ်သူဖြစ်သည်ကို ကျွန်တော်သိသိချင်း၊ ပြုံးမိ၊ လှောင်မိ၊ ရယ်မောနောက်ပြောင်မိသေးသည်။

ချစ်သူမဖြစ်ခင်က သင်းသင်းသန့်အပေါ် မေတ္တာသက်ဝင်မိကြောင်း မင်းလွင် ကျွန်တော့်ကို ရင်ဖွင့်ပြောပြသည်။ အောင်သွယ်ပေးရန် အကူအညီတောင်းခဲ့သည်။ ကျွန်တော် အကြောက်အကန်ငြင်းသည်။

သင်းသင်းသန့် စိတ်ဆိုးမည်ကို ကျွန်တော် မလိုလား။ သူငယ်ချင်းအချင်းချင်း ဒီစကားမျိုးပြောရသလားဟု မင်းလွင်အပေါ် အမျက်ထားမှာကိုလည်း ကျွန်တော် ထည့်တွက်သည်။ မင်းလွင်၏ ကိုယ်စား အောင်သွယ်စကားပြောပေးဖို့ကျပြန်တော့လည်း သူငယ်ချင်းအချင်းချင်း ဒီလိုစကားမျိုးပြောအပ်သလားဟု သင်းသင်းသန့် အပြစ်ဖို့မည်ကိုလည်း ကျွန်တော် ထည့်စဉ်းစားသည်။ ထို့ကြောင့် မင်းလွင် အကူအညီတောင်းသည်ကို ကျွန်တော် အကြောက်အကန် ငြင်းဆန်ခဲ့ရခြင်း ဖြစ်၏။

ဘယ်အချိန်က ရည်စားစကားပြောလိုက်ပြီး ဘယ်အချိန်က အဆင်ပြေသွားကြသလဲ မသိ။ တတိယနှစ်ရောက်မှ နှစ်ယောက်သား ကျွန်တော့်ကို အသိပေးကြ၏။ သင်းသင်းသန့်က ရက်ကျိုက်ကန်း။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်စာမေးပွဲပြီးပြီးချင်း မင်းလွင်က သင်းသင်းသန့်ကို မေတ္တာစကားပြောကြောင်း၊ ကျွန်တော့်ကို အကူအညီတောင်းရာ ကျွန်တော်က မကူညီရဲသဖြင့် အကူအညီမပေးခဲ့ကြောင်း။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျ ဖွင့်ပြောရခြင်းဖြစ်ကြောင်း၊ လက်ခံခဲ့လျှင်လည်း ကျွန်တော်မသိစေရန် မင်းလွင်က နှုတ်ပိတ်ကြောင်း၊ သင်းသင်းသန့်က တုံ့ပြန်လက်ခံသည့်အခါမှ ကျွန်တော့်ကို အသိပေးမည်ဖြစ်ကြောင်း မင်းလွင်ပြောသည်ဟု သင်းသင်းသန့်က မျက်နှာစုံညီတွင် ပြောပြလေ၏။

ကျွန်တော်က

"နင်ပြန်ကြိုက်မယ်မှန်းသိရင် ငါ အောင်သွယ်လုပ်ရဲပါတယ်ဟာ၊ နင်ကလည်း ပြန်ကြိုက်မယ်ဆိုရင်လည်း ငါ့ကို ရိပ်ဖမ်းသံဖမ်းပြောရောပေါ့။ အခုတော့ ဒီကောင့်ကို ငါ မကူညီဖြစ်တော့ဘူး။ အဲဒီတော့ နင်က မင်းလွင်ကို ပြန်မကြိုက်နဲ့တော့၊ မင်းလွင်က ငါ့ကို အကူအညီတောင်းပြီးမှ ငါ ပြန်အောင်သွယ်မယ်။ အဲဒီတော့မှ သင်းသင်းသန့် နင် မင်းလွင်ကို ပြန်ကြိုက်လိုက်နော်။ မကောင်းဘူးလား။ နင်တို့နှစ်ယောက် ချစ်သူဖြစ်ကြရတဲ့ဇာတ်လမ်းမှာ ငါ အောင်သွယ်ခန်းလောက်ကတောင် မပါရတာ မကျေနပ်ဘူး"

ကျွန်တော် နောက်ပြောင်စကားဆိုသည်။ သင်းသင်းသန့်က





ရယ်လျက်နေ၏။ မင်းလွင်က တောင်းပန်စကားပြောသည်။

"မင်းကို အသိမပေးဖြစ်တာက မင်း တားမှာစိုးလို့ပါ"

ဟု မင်းလွင်ပြောသည်။

"တားတော့ တားဖြစ်မှာပေါ့ကွ၊ သူ ပြန်ကြိုက်မယ်မှန်းသိရင်တော့ ငါ ဘယ်တားပါ့မလဲ"

ဟု ကျွန်တော် ပြန်ပြော၏။

"ဒါနဲ့ နေပါဦး။ မင်းတို့နှစ်ယောက်က ဘယ်နေ့ ဘယ်ရက်က ချစ်သူတွေဖြစ်ကြတာလဲ"

သင်းသင်းသန့် ပြုံးနေ၏။ မင်းလွင်က သူ့ချစ်သူမျက်နှာကို မပြုံးတုံ့ ပြုံးတုံ့ဖြင့် ကြည့်ပြီးမှ ကျွန်တော့်ဘက်လှည့်ကာ မရဲတရဲ ပြောသည်။

"မနေ့က"

ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



၃။

ထိုသို့ဖြင့် ပညာရေးကိစ္စပြီးစီးကြသောအခါ မင်းလွင်က ဝန်ထမ်းအလုပ်ကို ရွေးချယ်ခဲ့ပြီး နယ်ဒေသတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ သင်းသင်းသန့်က ရန်ကုန်တွင် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်၏။ ကျွန်တော်က အပြင်စီးပွားရေးသမား။

သင်းသင်းသန့်ထံသို့ မင်းလွင် စာရေးသည့်အခါ ကျွန်တော့်လိပ်စာဖြင့် ရေးရသည်။ ကျွန်တော်မှတစ်ဆင့် သင်းသင်းသန့်ထံသို့ လက်ဆင့်ကမ်းရ၏။ မင်းလွင်နှင့် သင်းသင်းသန့်တို့ ချစ်သူဖြစ်နေကြသည်ကို အရပ်ထဲတွင် မည်သူမျှ မသိကြ၊ ကျွန်တော်ကလည်း နှုတ်မဖွာခဲ့ချေ။

❀





ခြောက်လခန့်အကြာတွင် မင်းလွင် ရန်ကုန်သို့ ခဏလာသည်။

"ငါ သင်းကိုနိုးပြေးတော့မယ် ကျော်ခေါင်"

"ဟာ… မြန်းစားကြီးပါလား၊ ဘာဖြစ်လို့လဲ"

"ငါ မခွဲနိုင်ဘူး"

"ငါတို့၊ မင်းတို့အရွယ်တွေက ချာတိတ်အရွယ်တွေ မဟုတ်တော့ဘူးလေကွာ။ ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ စဉ်းစားတတ်တဲ့အရွယ်၊ ခေတ်ကာလအခြေအနေကိုလည်း မင်းမသိတာ မဟုတ်ဘူး၊ ကိုယ့်ဝမ်းစာတောင် ကိုယ် မနည်းရှာဖွေနေရတဲ့ကာလ၊ စုကြဆောင်းကြဦးလေကွာ။ ပြီးတော့ နှစ်ဖက်မိဘကို နားဖောက်တာတို့၊ ကြောင်းလမ်းတာတို့လုပ်နိုင်ရင်ပိုကောင်းမယ်။ ဆယ်ကျော်သက် အတွေးမျိုး မင်းမတွေးစမ်းပါနဲ့ မင်းလွင်ရာ"

မင်းလွင် ခေါင်းခါသည်။

"ငါနဲ့သင်းနဲ့အကြောင်း ငါ့အိမ်ကိုလည်း ငါ မပြောထားဘူး၊ သင်းကလည်း သူနဲ့ငါ့အကြောင်း သူ့အိမ်ကို ပြောမထားဘူး၊ အတွင်းသိဆိုလို့ မင်း တစ်ယောက်တည်းရှိတာ"

"အင်းလေ အဲဒါဘာဖြစ်လဲ"

"နှစ်ဖက်မိဘကို အသိပေးဖို့၊ ဆက်စပ်ဖို့၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖို့ဆိုတာတွေက အချိန်လည်းယူဦးမယ်၊ ငွေလည်း လိုဦးမယ်။ ငါက လခစားလေကွာ၊ မင်း စဉ်းစားကြည့်၊ ဘယ်လိုလုပ် ထည့်ထည့်ငါ့ဝါ မင်္ဂလာဆောင်နိုင်မှာလဲ၊ ပြီးတော့ ငါ သင်းနဲ့ ခွဲမနေနိုင်ဘူးကွာ"

"မခွဲနိုင်တာတစ်ခုတည်းနဲ့တော့ အလျှင်စလို မဆုံးဖြတ်စေချင်ဘူး မင်းလွင်၊ တခြားနည်း စဉ်းစား ပါဦး"

ဟု ကျွန်တော်ပြောသည်။

"တခြားနည်းက ဘာလဲ"

ဟု မင်းလွင်မေး၏။ ကျွန်တော်က...

"မင်းက မင်းမိဘကို အသိပေး၊ သင်းသင်း သန့်က သူ့မိဘကို အသိပေး၊ ပြီးရင် မင်္ဂလာဆောင် ပေါ့၊ ကြီးကြီးကျယ်ကျယ်မဟုတ်ပေမဲ့ တစ်ပိုင်တစ်နိုင် မင်္ဂလာဆောင်စရိတ်ကို ငါပေးမယ်လေ"

မင်းလွင်က...

"ငါ သင်းနဲ့ဆွေးနွေးပြီးပြီ၊ သူက တစ်ဦးတည်း သော သမီး၊ ဖြစ်ကတတ်ဆန်း မင်္ဂလာဆောင်ရမယ့် အခြေအနေမျိုးကို သူ့မိဘက လက်ခံမှာ မဟုတ်ဘူး တဲ့"

အဲဒီတော့ မင်းလွင် စကားဆက်သည်။





"သင်းကလည်း ငါ့အစီအစဉ်ကို လက်ခံတယ်"

ကျွန်တော် မျက်ခုံးတွန့်မိသည်။

"ဒါဆို မင်းတို့နှစ်ယောက်က စီစဉ်ပြီးကြပြီပေါ့"

ဟု ကျွန်တော် မနှစ်လိုစွာ မေးလိုက်၏။ မင်းလွင် ခေါင်းညိတ် သည်။

၆

သူ တာဝန်ထမ်းဆောင်ရာ နယ်ဒေသတွင် နေထိုင်စရာ စီစဉ်ပြီးပြီဖြစ်ကြောင်း မင်းလွင်ပြောသည်။

"ဆွေစပ်တာတို့၊ ဘာတို့ ငါ့မိဘတွေ လက်ခံမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမင်းက မကြွယ်ဝ ဘူးလေ၊ လက်မခံမှန်းသိလျက်နဲ့ ပြောပြအသိပေးရင် စိတ်မောရုံပဲရှိမယ်၊ အဲဒါကြောင့် ငါလည်း ကိုမင်း နောက်ကို လိုက်သွားဖို့ဆုံးဖြတ်တာ"

ဟု သင်းသင်းသန့်ပြော၏၊ ကျွန်တော် ဘဝင်မကျ။

"မင်းအိမ်ကိုရော အသိပေးခဲ့လား"

ဟု မင်းလွင်ကို ကျွန်တော်မေး၏။

"အသိမပေးခဲ့တော့ဘူး၊ မင်းပဲ ငါ့မိဘရော၊ သင်းရဲ့မိဘကိုရော နောက်မှ အကြောင်းကြားပေးပေါ့"

"နောက်မှဆိုတာ ဘယ်နေ့ဘယ်ရက်လဲ"

"မင်းပါ ငါတို့နဲ့လိုက်ခဲ့ပေးပါ၊ ဟိုမှာ လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီးတာနဲ့ ငါ့အိမ်ကို ငါစာရေးမယ်၊ သင်းအိမ်ကို သင်း စာရေးမယ်၊ အဲဒီစာတွေကို မင်းယူသွားပေးပေါ့"

"ဟာ... မင်းတို့နှစ်ယောက်စလုံးကွာ၊ မိဘ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာတွေကို ထည့်မတွက် ကြတော့ဘူးလား"

အဖြေမပေးကြ။

✿

ဤသို့ဖြင့် ကျွန်တော်တို့သုံးယောက်စလုံး မင်းလွင် တာဝန် ထမ်းဆောင်ရာဒေသသို့ ခရီးထွက်ခဲ့ကြသည်၊

✿✿✿





၄။

လမ်းခရီးသည် ညအမှောင်ခရီး။ နံနက် ၄ နာရီလောက်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်သည်။ မင်းလွင်အပါအဝင် ခရီးသည်နှစ်ဦး ပွဲချင်းပြီးသေဆုံးသည်။

ကျွန်တော့်လက်ယာ လက်ဖျံရိုးကျိုးသည်။ သင်းသင်းသန့် နဖူးကွဲသည်၊ နီးစပ်ရာမြို့၏ မြို့နယ်ဆေးရုံတွင် တက်ရောက်ကုသကြ ရ၏၊

✿

ကျွန်တော့်လက်ကို ဆေးစည်းပြီး မင်းလွင်၏အိမ်သို့ နီးစပ်ရာ ဖုန်းနံပါတ်ကိုဆက်လျက် အခေါ်ခိုင်းသည်။ မင်းလွင်၏ဖခင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်သည်။ အဖြစ်အပျက်အလုံးစုံကို ကျွန်တော် ပြောပြ ရှင်းပြသည်။

မင်းလွင်၏ဖခင်က သူ့သား ရုတ်တရက်ဆုံးပါးရသည်ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လက်ခံနားထောင်သော်လည်း သင်းသင်းသန့်ကို ခိုးပြေသည့်ကိစ္စအား (လုံးဝ) လက်မခံ။

ထိုကိစ္စကို လက်ခံခြင်း၊ လက်မခံခြင်း၊ယုံကြည်ခြင်း၊ မယုံကြည်ခြင်းအတွက် ကျွန်တော် စကားမဆက်တော့ဘဲ မင်းလွင်၏အလောင်းရှိရာ နေရာဒေသကိုပြောပြပြီး အမြန်လိုက်လာခဲ့ဖို့သာ မှာကြားဖြစ်တော့၏။

❀

မင်းလွင်၏ ရွာပနကို နယ်ဒေသတွင်သာ သင်္ဂြိုဟ်ခဲ့ကြ၏။

❀

ထို့နောက်တွင် ကျွန်တော် ဘာလုပ်ရမှန်းမသိတော့။ သင်းသင်းသန့်ကိုလည်း မည်သို့အကြံပေးရမလဲ မပြောတတ်တော့ချေ။ မင်းလွင်၏ မိဘများက အဖြစ်အပျက်အမှန်ကို သင်းသင်းသန့်ကိုယ်တိုင်ပြောပြသည့်တိုင် လက်မခံ၊ မယုံကြည်၊ ခါးသီးစွာ ငြင်းဆန်၏။

မင်းလွင်၏မိဘများ ရန်ကုန်သို့ပြန်သွားကြသည့်တိုင် ကျွန်တော်နှင့် သင်းသင်းသန့်တို့ ရန်ကုန်ကို မပြန်ဖြစ်သေး။ ရင်လေးစွာ စဉ်းစားနေဖြစ်ကြသည်။

ရန်ကုန်နှင့်အနီးဆုံးမြို့ဖြစ်သော ပဲခူးတွင် တစ်ညအိပ်၏။

"ကဲ... သင်းသင်းသန့်၊ နင် ဘာလုပ်မလဲ၊





ငါ ဘာလုပ်ပေးရမလဲ"

နေ့စဉ်ရက်ဆက် ငိုကြွေးထားရသဖြင့် သင်းသင်းသန့်၏မျက်နှာလေး နီတွေးမို့အစ်နေရှာ၏၊ အပြစ်ဖို့စကား၊ မနှစ်မြို့စကားတွေ ပြောပစ်လိုက်ချင်သော်လည်း ကျွန်တော် ကရုဏာသက်ရသည်။

"ငါ အိမ်မပြန်ရဲတော့ဘူး"

ထိုထို့သာ သူပြောနိုင်ပေတော့သည်။

"မပြန်ရဲလည်း ပြန်ရမှာပဲ သင်းသင်းသန့်၊ အိမ်က မိဘတွေကို အမှန်အတိုင်းပြောပြ၊ ဝန်ချတောင်းပန်၊ အဆူအပြော၊ အရိုက်အနှက်ခံလိုက်ရင် ပြီးသွားမှာပဲ၊ ပြန်မှဖြစ်မယ် သင်းသင်းသန့်"

"ငါ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲဘူး"

ကျွန်တော် အံသွားအချင်းချင်းကြိတ်မိသည်။ 'ဒီလိုမဖြစ်ပျက်ခင် ပတ်ဝန်းကျင်ကို ဘာဖြစ်လို့ထည့်မတွက်ခဲ့ကြတာလဲ' ဟု မေးပြော၊ ပြောဆိုမလိုဖြစ်သည်။ မင်းလွင်၏မျက်နှာကို မြင်ယောင်ရင်း အပြစ်ဖို့ကရုဏာစကားကို မျိုချထားလိုက်ရ၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၅။

"ငါကိုယ်တိုင် နင့်အိမ်ကို လိုက်ပို့ပေးမယ်၊ ငါ့ကို အပြစ်တင်ရင်လည်း ငါခံမယ်၊ နင့်ကို အပြစ်တင်ရင်လည်း နင်ကြိတ်မှိတ်ခံ၊ ဘယ်မိဘမှ သားသမီးကို သတ်မပစ်ပါဘူးဟာ"

ဟု သူနားဝင်အောင် ကျွန်တော်ပြောပြ ဖျောင်းဖျခဲ့သည်။ မျက်ရည်တွေစီးကျပြီး အံတင်းတင်းကြိတ်ကာ သူ ခေါင်းညိတ်ရှာ၏။

"မင်း မျက်နှာပြောင်တိုက်လုချည်လား ကျော်ခေါင်"

ဟု ပြောပြီး သင်းသင်းသန့်အဖေက ကျွန်တော့်ရင်ဘတ်ကို





ဆောင့်တွန်းသည်။ လူ့ယ်ထားသောခရီးသွားအိတ်သည် မြေပေါ်သို့ ဖုန်းခနဲပြုတ်ကျ၏။ သင်းသင်းသန့်၏မိခင်က သင်းသင်းသန့်၏လက် ကို ပြေးဆွဲ၏။

"မင်း အတင့်ရဲလှချည်လား၊ မင်း အတင့်ရဲ လှချည်လား"

သင်းသင်းသန့်၏အဖေက ကျွန်တော့်မျက်နှာကို လက်သီးဖြင့် မသန့်စွမ်းစွာထိုး၏။ ကျွန်တော် ဖယ်ခွာကာကွယ်လျက်...

"ကျွန်တော် ရှင်းပြဦးမယ်၊ ကျွန်တော် ရှင်းပြဦး မယ်"

ဟု အဆက်မပြတ် ခေါ်သံတကြီး အော်ဟစ်မိချေသည်။

ပတ်ဝန်းကျင်တွင် ကျွန်တော်နှင့် သင်းသင်းသန့်တို့ ခိုးရာ လိုက်ပြေးကြကြောင်း၊ မင်းလွင်၏ တာဝန်ထမ်းဆောင်ရာ ဒေသသို့ ခိုးပြေးကြရာ လမ်းတွင် ကားတိမ်းမှောက်မှုဖြစ်ပြီး မင်းလွင် သေဆုံး ရကြောင်း၊ ကျွန်တော်တို့နှမ်ဦးကြောင့် မင်းလွင်သေဆုံးရခြင်းဖြစ် ကြောင်း၊ အုန်းအုန်းကျွက်ကျွက် သတင်းထွက်သည်။

ကျွန်တော့်မိဘ၊ သင်းသင်းသန့်၏မိဘတို့ကို ကျွန်တော်တို့ နှစ်ယောက် ရှင်းပြ ပြောပြသည်။ မရ၊ ပတ်ဝန်းကျင်၏ ထင်မြင်ချက် ထက် လျော့ပေါ့၍ ထင်မြင်မပေးဖြစ်ကြ၊ မင်းလွင်၏ မိဘများကိုမူ ဤအဖြစ်အပျက်ထဲသို့ ဆွဲမထည့်လိုတော့ချေ။ သူတို့၏ပူဆွေးသော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မြွားအစင်းစင်းကြောင့် ဤသတင်းဖြစ်ရသည်ကို ကျွန်တော်နှင့် သင်းသင်းသန့်မှတစ်ပါး အခြားမည်သူမျှ သိရှိသက်ခံနိုင်ကြလိမ့်မည် မဟုတ်ချေ။

၉။

မင်းလွင်ရေးသော စာအဆောင်ဆောင်၊ မင်းလွင်ပေးဝတ္ထုပူးသည့် အမှတ်တရဓာတ်ပုံတွေကို နှစ်ဖက်မိဘတို့၏ရှေ့မှောက်တွင် မရှက်မကြောက် ထုတ်ပြငြင်းဆန်သည့်အခါမှ နှစ်ဖက်မိဘသည် အဖြစ်အပျက်အမှန်ကို လက်ခံယုံကြည်ကြတော့၏။

သို့သော်...

❀❀❀





၆။

"အဲဒါပဲသား၊ မင်းတို့နှစ်ယောက် မငြိစွန်းဘူးဆိုတာကို လက်ခံပါတယ်၊ ယုံကြည်ပါတယ်တဲ့၊ ဒါပေမဲ့ ပတ်ဝန်းကျင်အမြင်မှာ တစ်မျိုးတစ်ဖုံဖြစ်နေလို့ သင်းသင်းသန့်ကို မင်း လက်ထပ်ပေးစေချင်ပါတယ်တဲ့၊ သင်းသင်းသန့် အဖေကပြောတယ်၊ မင်း ဘယ်လိုလုပ်မလဲ"

ဟု ကျွန်တော့်အဖေက မေးပြောပြော၏။ ကျွန်တော် ချက်ချင်း ခေါင်းခါလိုက်သည်။

"နှစ်ဖက်မိဘအစုံရှေ့မှာ သင်းသင်းသန့်ကို ကျွန်တော် စကားပြောချင်တယ် အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် ထောင်းဆိုလိုက်၏။

❀

တစ်ရပ်ကွက်လုံးနီးပါး ကျွန်တော့်ကို ဝိုင်းကြည့်နေသည်ဟု ကျွန်တော်သိသည်။ သို့သော် တစ်ရပ်ကွက်လုံးသည် ကျွန်တော်မဟုတ်။ တစ်ရပ်ကွက်လုံးသည် သင်းသင်းသန့်မဟုတ်။ ထို့ကြောင့် သင်းသင်းသန့်တို့အိမ်သို့ ကျွန်တော်တို့မိသားစု ပေါ့ပါးစွာ လမ်းလျှောက် ဝင်ရောက်ခဲ့လေသည်။

❀

"နင် ငါ့ကို လက်ထပ်ချင်သား သင်းသင်းသန့်"

နှစ်ဖက်မိဘများရှေ့တွင် ကျွန်တော်မေးသည်၊ သင်းသင်းသန့် ခေါင်းခါလေ၏။

"အေး၊ ငါလည်း နင့်လိုပဲ၊ နှစ်ယောက်စလုံးက လက်မထပ်ချင်ဘဲနဲ့ ပတ်ဝန်းကျင်ပါးစပ်တွေကြောင့် လက်ထပ်လိုက်ရတာမျိုး လုံးဝမဖြစ်စေချင်ဘူး၊ ပြီးတော့ ငါ့သူငယ်ချင်း မင်းလွင်အပေါ်မှာလည်း ငါ သိပ်ပြီး သန့်ပြချင်တယ်၊

ပတ်ဝန်းကျင်ပေးစားလို့၊ ညှာသွားရတာမျိုး လုံးဝမဖြစ်သင့်ဘူး ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်း ခုနှစ်ရက်၊ ကဲ့ရဲ့ ခုနှစ်ရက်တဲ့၊ အေး၊ ကဲ့ရဲ့ချင်တဲ့သူက ခုနှစ်ရက်မကဘူး။တစ်သက်လုံးကဲ့ရဲ့ချင် ကဲ့ရဲ့နေမှာပဲ။





ပတ်ဝန်းကျင်ကြောင့် တကယ့်အမှန်တရားကို ဖျောက်ပြီး ပတ်ဝန်းကျင်အလိုကျ နေပြရမယ်ဆိုရင် အမှန်တရား နစ်နာတယ် သင်းသင်းသန့်။ နှမချင်း မစာနာလို့ ငါ ဒီစကားပြောတာ မဟုတ်ဘူးနော်။ နင့်ကို တန်ဖိုးမထားလို့ ဒီစကားပြောတာမဟုတ်ဘူး။ မချစ်မခင် မစုံမက်ဘဲနဲ့ ပတ်ဝန်းကျင် အဝေဖန်လွတ်အောင် ချစ်ခင်စုံမက်သယောင်ဆောင်ရတဲ့အဖြစ်မျိုးကို နင်ရော ပါရော တစ်လောကလုံးကိုရော မကြုံစေချင်ဘူး။ ကိုယ့်အမှန်တရားကို ကိုယ်ဆုပ်ကိုင်ပြီး ကြံ့ကြံ့ ခံစေချင်တယ် သင်းသင်းသန့်၊ ငါပြောချင်တာ အဲဒါပဲ"

"နင် ငါ့ကို ဘာပြောချင်လဲပြော။ ဒီမိဘတွေ ရှေ့မှာပြော"

သင်းသင်းသန့်က မျက်ရည်များ စီးဆင်းလျက် –

"ငါ... ငါ... အဖေနဲ့အမေကိုလည်း အားနာတယ်၊ နင့်မိဘတွေကိုလည်း အားနာတယ်၊ နင့်ကိုလည်း အားနာတယ်၊ ငါ အဲဒါပဲ ပြောတတ်တော့တယ် ကျော်ခေါင်"

ကျွန်တော့်အမေရော၊ သင်းသင်းသန့်၏အမေရော မျက်ရည် ကျကြသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



အချို့သော ပတ်ဝန်းကျင်သည် မျက်တောင် တဖျပ်ဖျပ်ခတ် သကဲ့သို့ ပါးစပ်သေနတ်များ ပစ်တတ်ကြ၏။ ထိုပါးစပ်များကြောင့် အချို့သော လူတွေ ပြိုလဲသွားတတ်ကြသည်။ ယိုင်နဲ့သွားတတ်ကြသည်။ ယိုယွင်းသွားတတ်ကြသည်။

ကျွန်တော်...

အနည်းငယ် ပွန်းပဲ့သွားသည်။ သင်းသင်းသန့်တို့မိသားစု များစွာ ပွန်းပဲ့သွားကြရပေမည်။

✿✿✿





ရှာ

ကျွန်တော်နှင့်သင်းသင်းသန့်သည် အလွန်ချစ်ခင်ရင်းနှီးသော ငယ်သူငယ်ချင်းနှစ်ယောက်ဖြစ်ကြ၏။ သို့သော် ကျွန်တော်တို့နှစ်ယောက် စလုံး တစ်ခုလပ်များ ဖြစ်သွားခဲ့ကြရသည်။ ။

သရဖူရွှေဇင်း

၂၀၀၄ စက်တင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



# တိုက်စစ်

စိန်သူရဲ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။

ကျွန်တော် အသက် (၃၈) နှစ်ပြည့်ပြီးပြီ အမေ။

ရင်ဆိုင်လာခဲ့ရသမျှ ဖြတ်သန်းလာခဲ့ရသမျှ အဖြစ်အပျက်တွေ။ အချိန်ကာလတွေအားလုံး မနေ့တစ်နေ့ကလိုပါပဲ။ လောကဓံအသီးသီးရဲ့ ဒဏ်ရာတွေ သိပ်မကျက်ချင်သေးဘူး။

ပညာရှာရမလား၊ ငွေတွေရှာရမှာလား၊ အသိဉာဏ်တွေ ရှာရမှာလား...ဆိုတဲ့ လားပေါင်းများစွာနဲ့ မရေမရာဖြတ်သန်းလာလိုက်တာ ရေရာသေချာတာဆိုလို့ လူ့လောကမှာ နေထိုင်လာခဲ့တာ နှစ်ပေါင်း ၃၈ နှစ်ပြည့်သွားပါပြီဆိုတဲ့ ကိန်းဂဏန်းတစ်ခုသာ အဖတ်တင်နေပါတော့တယ် အမေ...။

စိန်သရဖူ စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရာရာ မထည်မြဲဘူးတဲ့။

"ထာဝရ" မှာကော၊ နောက်ဆုံးအချိန် ရှိနိုင်သလား။ ထာဝရ ဆိုတဲ့ ဝေါဟာရကိုပါ စိတ်မချတော့ပါ။ 'ထာဝရတွင် နောက်ဆုံးအချိန် ရှိသလော' လို့ ကိုယ့်ဘာသာ မေးခွန်းထုတ်ရင်း ကျွန်တော် သွေးပျက်ခဲ့ပြီ အမေ...။

လူ့ဘဝတွင် နေထိုင်ကုန်ဆုံးခဲ့သောနေ့ရက်= ၃၆၅ × ၃၈
= ၁၃၈၇၀ ရက်

သက်တမ်း ၆၀ ဖြင့်

ခန့်မှန်းကျန်ရှိတော့သော နေ့ရက် = ၃၆၅ × ၂၂
= ၈၀၃၀ ရက်

အပျင်းပြေ သင်္ချာတွက်ကြည့်တာ မဟုတ်ပါဘူး အမေ။

ကြောက်လို့ ရေတွက်ကြည့်မိတာပါ။ (ဒါတောင် လူ့သက်တမ်း ၆၀ ဆိုပေမယ့် ၆၀ မတိုင်ခင်လည်း ဒီနေ့မနက်ဖြန် သေဆုံးသွားနိုင်ပါသေးတယ်။)

တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက်ရှိတယ်ဆိုရင် ကျွန်တော် ဖြတ်သန်းလာခဲ့တဲ့နှစ်ပေါင်း ၃၈ နှစ်နဲ့ တွက်ချက်ကြည့်လိုက်တော့ လူ့ဘဝမှာ ပျှမ်းမျှရက် ၁၃၈၇၀ ရက်တောင် နေထိုင်လာခဲ့ပြီး။ ဘာတွေများ လုပ်ကိုင်ဆောင်ရွက်ခဲ့သလဲ၊ ဘာတွေ လုပ်ပြီးပြီလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်တော့။ တိတိကျကျ မာမာချာချာ အဖြေစကား ထွက်မပေါ်မလာဘူး အမေ။





လူ့သက်တမ်း ၆၀နှစ်နဲ့ တွက်ကြည့်မယ်ဆိုရင်လည်း ၂၂ နှစ်သာ ကျန်တော့မယ်။ ရက်ပေါင်း ၈၀၃၀ ကိုလည်း ကျွန်တော် ဘယ်လိုရင်ဆိုင်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



၂။

အချိန်သိပ်မရှိတော့ဘူး အမေ။
ကျွန်တော် ဘာဆက်လုပ်ရင်ကောင်းမလဲ။

✿

ငွေရဲ့နောက်မှာ
အန္တရာယ်တွေပါလာတတ်တယ်။
အနုပညာရဲ့နောက်မှာ
ဒဏ်ရာတွေ ပါလာတတ်တယ်။
ဘဝရဲ့နောက်မှာ
သံသရာတွေ ပါလာတတ်တယ်။





ရင်ခိုင်ကြီးတွေ ကုန်ဆုံးခဲ့တဲ့အချိန်ကာလတွေကို ဆန်ကာစစ်လိုက်တာ ဒီစာကြောင်း ခုကြောင်းပဲ အဖတ်တင်တယ် အမေ...။

ငွေနောက်ကို သဲသဲမဲမဲ လိုက်ခဲ့မိလို့ ဒုက္ခတွေ့ခဲ့ကြသူတွေ၊ ကျွန်တော့်အနီးအပါးမှာ ဒုနဲ့ဒေး။

အနုပညာမှ အနုပညာပဲလို့ အာရုံထားခဲ့ရတဲ့ ကျွန်တော့်ဘဝမှာ ဒဏ်ရာတွေ ဗရပွ။

ဒါ့အပြင် 'ဘဝ' ကို တည်ဆောက်ရင်း ပြောဆိုပြုမူနေထိုင်တုန့်ပြန်ခဲ့ရတဲ့ ကျွန်တော့်ဘဝရဲ့ နောက်ကွယ်မှာ သံသရာလည်ဦးမယ့် အကုသိုလ်တွေ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခု ပြုမူမိုက်မှားခဲ့သလဲ။ မဖြေရဲတဲ့ မေးခွန်းတွေ ကိုယ့်ကိုယ်ကို မေးရင်း သွေးပျက်ထိတ်လန့်နေပြီ အမေ။

✿

အနုပညာသမားအားလုံးကို ကျွန်တော် ကိုယ်ချင်းစာတတ်ပြီ။ အနုပညာသမားဆိုပြီး 'ဘဝ' လမ်းကို တကယ်ပဲ နုနုညက်ညက်နဲ့ဖြတ်သန်းခဲ့ကြတာမှ ဟုတ်ပါ့မလားလို့ စာနာစိတ်နဲ့ တွေမောတတ်ခဲ့ပြီ။ လှပတဲ့ပန်းချီကားတစ်ချပ်ကို ရေးဆွဲရင်း မလှပတဲ့ဘဝအခြေအနေကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ။

ကျစ်လစ်တဲ့ ကဗျာတစ်ပုဒ်ကို ဖွဲ့နွဲ့ရင်း မကျစ်မလျစ် ကဗျာမဆန်တဲ့ဘဝ အခြေအနေကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ။

ပြေပြစ်တဲ့ စာပါကျတွေကို ရေးဖွဲ့ရင်း မပြေပြစ်တဲ့ လောက



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ။

ပီပြင်တဲ့ သရုပ်ဆောင်မှုတွေကို တင်ဆက်ရင်း မပီပြင်တဲ့ ဘဝနေအပူကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ ။

သွယ်ပျောင်းတဲ့ က,ချိုးကို က,ပြဖျော်ဖြေရင်း မသွယ်မလျ ကြမ်းတမ်းခက်ထန်တဲ့ ပြည်ဖုံးကားနောက်ကွယ်က အနုပညာရှင်တွေ။

သာယာတဲ့ တေးသီချင်းကို သီကျူးရင်း မသာယာတဲ့ ဘဝ အခြေအနေကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ။

ချိုမြိန်တဲ့ ဂီတသံစဉ်တွေကို တီးခတ်ရင်း မချိုမြိန်စရာ ဘဝအခြေအနေကို ရင်ဆိုင်နေရတဲ့ အနုပညာရှင်တွေ။

... အများကြီးရှိနေနိုင်တယ်ဆိုတာ (ရင်ဘတ်ကို ကြိုးတပ်တီးလို့ မြည်ဟည်းတုန်ခါသံကြားမှ) ကျွန်တော် သိခဲ့ရတာပါ အမေ။

အနုပညာတစ်ခုခုရဲ့နောက်က ကပ်ကပ်ပါလာတတ်တဲ့ ငွေကြေးဆိုတာ ဆရာဝန်တစ်ယောက်ကို လူနာတွေ ပေးပေးနေရတဲ့ ငွေကြေးလိုပါပဲ။ မယူရခက်၊ ယူရခက်နဲ့ ရှက်တတ်ရင် ရှက်စရာ။ မရှက်တတ်ရင် မက်စရာ။ နေရထိုင်ရ ရှင်သန်ရတာ စိတ်မသက်သာစရာပါပဲ အမေ။

(အနုပညာသမားစစ်စစ်တို့ရဲ့ လက်ဟာ လက်ဝါးဖြန့်ဖို့ ရှက်တယ် အမေ...။ လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားချင်ကြတာပါ။) မာမာထန်ထန် ဆုပ်ထားနိုင်တဲ့အင်အားများစွာဟာ အစာအိမ်ထဲက လာတာမဟုတ်ဘူး အမေ။ နှလုံးသားထဲကသာ





ရဲရဲရင့်ရင့် ပေါ်ထွက်လာကြတာပါ။

အနုပညာနဲ့ အသက်မွေးရတာ ပီတိဖြာချင်ပေမဲ့ တကယ်တမ်း စဉ်းစားကြည့်ရင် အနုပညာဆိုတာ ငွေကြေးလဲလှယ်မှုပစ္စည်းမဟုတ်ဘူး။

ဒါကို သူ့အသိုင်းအဝိုင်း၊ သူ့ဝန်းကျင်၊ သူရင်ဆိုင်ရာတွေက အဲဒီအနုပညာရှင်ကို ငွေလုပ်တဲ့စက်ရုပ်ကြီးလို့ ထင်မှတ်ပြီး ဝိုင်းဝန်းမောင်းနှင်ကြမယ်ဆိုရင် အနုပညာ အညွှန့်တုံးပြီး ဗုန်းဗုန်းလဲဖို့သာ ရှိပါတော့တယ် အမေ။ (ထိုသူများထဲတွင် ကျွန်တော့်အမေ မပါဝင်တဲ့ အတွက် ရှိသေလေးမြတ်စွာ ကျေးဇူးကမ္ဘာပါ အမေ။)

အနုပညာပစ္စည်းတစ်ခုကို ငွေကြေးပေတံနဲ့ နှိုင်းဆတိုင်းပြ ဂုဏ်ယူတတ်ကြတဲ့ အသိုင်းအဝိုင်းကြားမှာ (သတိလွတ်သူတချို့က လွဲပြီး) တကယ့်အနုပညာသမားစစ်စစ်တွေ ကြာကြာနေမှာ မဟုတ်ဘူး အမေ။

"ပန်းချီကားတစ်ကားဆွဲရင် ဘယ်လောက်ရ
သလဲ"

ဆိုတဲ့ မေးခွန်းမျိုး။

"ကဗျာတစ်ပုဒ်ကို စာမူခ ဘယ်လောက်ရ
သလဲ"

ဆိုတဲ့ စပ်စုမှုမျိုး။

"စာမူတစ်ပုဒ်ကို ပိုက်ဆံဘယ်လောက်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စွက်ဖက်မှုမျိုး။

"ဖာတ်ကားတစ်ကားကို သရုပ်ဆောင်ကြေး ဘယ်လောက်ရသလဲ"

ဆိုတဲ့ တွက်ချက်မှုမျိုး။

"အငြိမ့်ခွင်တစ်ခွင်ကို ညကြေး ဘယ်လောက်ရသလဲ"

ဆိုတဲ့ မျှော်မှန်းစကားမျိုး။

"သီချင်းတစ်ပုဒ်ဆိုရင် ဘယ်လောက်ရသလဲ"

ဆိုတဲ့ ခွက်ခေါက်သံမျိုး။

"တီးဝိုင်းတစ်ခါလိုက်ရင် ဘယ်လောက်ရသလဲ"

ဆိုတဲ့ စည်းကျော်မှုမျိုး...။ အဲဒီလို အမေးစကားတွေကို အမေးခံရရင် အနုပညာသမားစစ်စစ်တွေ အသည်းခတ်ဆတ်ခါအောင် နာတတ်တယ် အမေ။ အနုပညာ သမားစစ်စစ်တွေဟာ သူတို့ရဲ့ဘဝကို ငွေကြေးနဲ့တည်ဆောက်ထားကြတာ မဟုတ်တဲ့အတွက် အဲဒီလို တစ်ခါ အမေးခံရတိုင်း တံတွေး တစ်ခါထွေးမိချင်ကြတယ်၊ (အနည်းငယ်သော တချို့တွေကတော့ အဲဒီမေးခွန်းတိုတွေအပေါ် ဘယ်ရွေ့ ဘယ်မျှဆိုပြီး သတိလက်လွတ် ဂုဏ်ယူဝံ့ကြွားပြီး ထောင်လွှားမြှောက်ပွဲ(?)ဆိုမိကြတယ်။)

အနုပညာသမားစစ်စစ်တွေဟာ သူတို့ သူတို့ရဲ့ အနုပညာ ဖန်တီးမှုတိုင်းအပေါ် ရင်နှစ်သည်းခြာ ရတနာလို သဘောပိုက်ထား တဲ့အတွက် အဲဒီဖန်တီးမှုတွေရဲ့ တန်ဖိုးကို ငွေနယား မထုမပါးတွေနဲ့





ဘယ်တော့ မှ တိုင်းတာပြမှာမဟုတ်ဘူး။

လူနေမှု စုတ်ပြတ်နွမ်းပါးနေတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ ကဗျာ တစ်ပုဒ်ကို ငွေစက္ကူနဲ့ တိုင်းတာတန်ဖိုးဖြတ်သူရှိရင် အဲဒီလူဟာ ကျွန်တော့်ရဲ့ရန်သူပဲ အမေ။ (ကဗျာတစ်ပုဒ်ရဲ့စာမူခဟာ အဲဒီကဗျာရဲ့ တန်ဖိုးမဟုတ်ဘူး)။ ...........................................။ ....... ..................... ။

လူသားအားလုံးကို ကျွန်တော် ကိုယ်ချင်းစာတတ်ပြီ။ ကြီးကြီး ငယ်ငယ်၊ နွယ်နွယ်လတ်လတ်၊ သူဖြစ်သင့်ရာ သူ့ဘဝအတွေ့အကြုံ နဲ့ သူ့ယုံကြည်ချက်ကို သူကိုင်ဆွဲပြီး လောကခံကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နေ ကြတယ်။

ဆင်းရဲသားလည်း ဆင်းရဲသားအလျောက်။ ပညာတတ်လည်း ပညာတတ်အလျောက်။ ချမ်းသာသူလည်း ချမ်းသာသူအလျောက်။ ကိုယ့်တွက်ပေါက်အတွက် ကိုယ့်တံခါးကို ကိုယ်ခေါက်နေကြတယ်။

အသိဉာဏ်ရှိတဲ့လူမှန်သမျှ သဘာဝပဋ္ဌာန်တရား မပွားများတတ် လျှင်တောင်မှ ပကတိအမှန်တရားနဲ့ အနီးကပ်ဆုံးနေရာဆီကို တရွေ့ ရွေ့နဲ့ ရုန်းကန်လှုပ်ရှား၊ ချဉ်းကပ်သွားလာနေကြတယ်။

သူ့ဘဝနဲ့သူ၊ သူ့အသိနဲ့သူ၊ သူ့အလုပ်နဲ့သူ၊ ရှုပ်ယှက်ခတ်ပြီး လူးလာကူးသန်းနေကြသူတွေအပေါ် ဘာတစ်ခုမျှ မလုပ်ဘဲ ဘေးထိုင် ဘုပြော ဝေဖန်ရေးတရားဟောနေတဲ့သူရှိရင် အဲဒီလူ ကျွန်တော့်ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ အမေ။

"ဆန်ကုန်မြေလေး" ဆိုတဲ့ ဝါကျလေးကို ငှားရမ်းအသုံးပြုမယ်ဆိုရင် ဆန်ကုန်တာ ကံစွမ်ရှိဘူး၊ မြေလေးနေတာ ပြဿနာ။

ဏ ဏ ဏ





၃။

ကျွန်တော် ပုထုဇဉ် (လူသား)ပါ အမေ၊

ပဋိပက္ခတွေ၊ ဝိရောဓိတွေနဲ့ ရှင်သန်လာခဲ့ရသူမို့ လောကကို အလိုမကျတဲ့ မျက်လုံးရဲကြီးနဲ့ စူးစိုက်ကြည့်လိုက်တိုင်း ဆန့်ကျင်ဘက် ရန်သူတွေ အများကြီးပေါ့ အမေ။ ဒါပေမယ့်...

ဒါပေမဲ့... အမေ ကျွန်တော့်မှာ အချိန်သိပ်မရှိတော့ဘူး။

လူအချင်းချင်း စစ်မခင်းချင်တော့ဘူး။

ဒီအသက်ဒီအရွယ်မှာ ရန်သူစစ်စစ်ကို ကျွန်တော် တွေ့နေပြီ။

ကိုယ့်စိတ်နဲ့ အခန့်မသင့်တိုင်း ရန်သူအဖြစ်သတ်မှတ် မယ်ဆိုရင် နိစ္စဓူဝ ရန်သူတွေ ဗရပွပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လောကဓံအဖိအစီးတွေကို 'ခံစစ်' နဲ့ တိုက်ကြည့်ခဲ့တာ၊ ခံရတာပဲ အဖတ်တင်တယ်။ (ခံနိုင်ရည် နည်းနည်းတော့ရှိခဲ့တာပေါ့ အမေ။)

'တိုက်စစ်' နဲ့ တိုက်ဖို့ပြင်ဆင်လိုက်တဲ့အခါ လူတွေထဲမှာ ကျွန်တော့်ရဲ့ရန်သူ (စစ်စစ်) မတွေ့ဘူး အမေ။ တွေ့ခဲ့ရင်တောင် ရန်သူအဖြစ် မသတ်မှတ်ချင်တော့ဘူး။

လောကဓံမြင်းရိုင်း ၈ကောင်ကို ဂုတ်က ခွစီးခဲ့တာ မြင်းရိုင်းတွေ ခါခါချလို့ လွင့်ကျတဲ့အခါကျ ကိုယ့်ကိုယ်ကို ထူမပြီး ပြန်ထ,တဲ့အခါ ထ,နဲ့။ အဲဒီမြင်းရိုင်း ၈ ကောင်၊ ကျွန်တော့်ရဲ့လျောင်အိမ်ထဲကို ရောက်နေပြီ။

ကျွန်တော့်တစ်ကိုယ်တည်းရဲ့ အဘိဓာန်ကို ပြောရရင် (တကယ်တော့) လောကဓံဆိုတာ လောကရဲ့ ဒဏ်ရာဒဏ်ချက်တွေပါ အမေ။ အဲဒီ ဒဏ်ရာဒဏ်ချက်တွေကို အခံခက်စဉ်အခါက 'မျက်ရည်ဝဲမလား'၊ 'သွေးရဲမလား' လို့ ကိုယ်ကိုယ်ကို မေးခဲ့တာ သွေးရဲရဲတွေကိုသာ ရွေးချယ်မိခဲ့သူပါ အမေ။

ဒါတောင် နှလုံးသွေးကို အနီရဲခုံး ရဲဆေးတင်ထားပါလျက် အရောင်အဆင်းမရှိတဲ့မျက်ရည်စက်တွေ ပေကျံခဲ့ဖူးသေးတယ် အမေ။ နှလုံးသွေးရဲရဲနဲ့ လောကထဲကို ရင်ခွဲပြီးလျှောက်ခဲ့တာ၊ အခုတော့ ကျွန်တော့်နှလုံးသွေးတွေ အေးခဲကုန်ပြီ။

သွေးကျဲလို့ အေးခဲသွားတာလား။





သွေးနည်းလို့ အေးခဲသွားတာလား။

ကွဲကွဲပြားပြားသေခြင်း ကျွန်တော့်ရဲ့ရှေ့တည့်တည့်မှာ ကျွန်တော့်ရန်သူတွေကို ကျွန်တော် မြင်နေရပြီ အမေ။ အဲဒီရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်ဖို့ သွေးပျက်နေမိတာကတော့ အမှန်ပါပဲ။ သွေးပျက်ပေမယ့် သေးထွက်ရှောင်ပုန်းဖို့တော့ အစီအစဉ်မရှိဘူး အမေ။

❀

"ဥစ္စာ ကံစောင့်၊ အသက် ဉာဏ်စောင့်" တဲ့။

ဖြတ်သွားဖြတ်လာ ကြားဖူးခဲ့တဲ့စကား။ ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုရမလဲ။

ဟိုစဉ်တုန်းကတော့

"ငါ" "ကံ"ကောင်းတဲ့အခါ ဥစ္စာပစ္စည်းတိုးပွားမှာပါပဲ။ (သို့မဟုတ်) ဥစ္စာပစ္စည်းဆိုတာ 'ကံ' ပါမှ တည်မြဲမှာပါ။ 'ကံ' ဆိုးရင် ကုန်ဆုံး သွားမှာပါပဲလို့ ပြီးစလွယ်လေး တွေးကြည့်ခဲ့ဖူးတယ်။ အခုတော့

ကံ = အလုပ်။

(ဥစ္စာ၊ ကံစောင့် ဆိုတော့)

ဥစ္စာပစ္စည်းကို အလုပ်ကသာ စောင့်ရှောက်တာပဲ။

အလုပ်လုပ်နေသမျှ အဲဒီအလုပ်နဲ့ညီမျှတဲ့ ဥစ္စာပစ္စည်း (သို့မဟုတ်) အကျိုးတစ်ခုခုဖြစ်လာမှာပဲလို့ တိတိကျကျ တွေးမှတ်ဖြစ် တော့တယ်။

ထို့အတူပဲ...



www.burmeseclassic.com

www.burmeseclassic.com



"အသက်၊ ဉာဏ်စောင့်" ဆိုတဲ့ စကားအပေါ်။

ဒီရာသီဥတုလေးမှာ ဒီရောဂါလေးဖြစ်နေရင် ဒီအစာလေးကို မျှမျှတတစားပြီး၊ ဒီဆေးဝါးလေးကို မှီဝဲလိုက်ရင် 'ငါ' အသက်ရှည်မှာပဲ၊ ဉာဏ်ရှိရှိလေးနဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီမျှအောင် ချင့်ချိန်နေထိုင်စားသောက်ရင် အသက်ရှည်မှာပဲလို့ တွေးမိခဲ့ဖူးတယ်။

ဒါပေမယ့်...

အခုတော့ အဲဒီလို မတွေးချင်တော့ဘူး အမေ၊

"အသက်၊ ဉာဏ်စောင့်" ဆိုတာ ဒီအသက်၊ ဒီခန္ဓာဟာ အစဉ်ထာဝရ မတည်မြဲနိုင်ပါလား။ အချိန်နဲ့အမျှ ယိုယွင်းပြောင်းလဲ ပျက်စီးနေတာပါလားဆိုတဲ့ ဘာဝနာဉာဏ်နဲ့ စောင့်ရှောက်နေရင် ပိုပြီးကောင်းမယ် ထင်တယ်လို့ မရဲတရဲ သွေးကဲ့ကဲ့နဲ့ အေးအေးခဲခဲ တွေးရဲချင်တယ် အမေ။

အဲဒီအတွေး၊ အဲဒီအသိနဲ့ ရန်သူ ရှာလိုက်တာ "ရန်သူ" ၃ ဦး တွေ့တယ် အမေ။

❀

အိုခြင်း။

နာခြင်း။

သေခြင်း။ ဆိုတဲ့ အဲဒီရန်သူ ၃ယောက်သာ ကျွန်တော့်ရဲ့ ရန်သူစစ်စစ်တွေပါ အမေ။ အဲဒီရန်သူတွေကိုတော့ 'ခံစစ်' နဲ့ တိုက်လို့မဖြစ်ဘူး ထင်ပါရဲ့။





"သွေးပူကပ်ပေမယ့် အားထွက်ရှောင်ပုန်းဖို့တော့ အစီအစဉ် မရှိဘူး" ဆိုတာ သတ္တိရှိလွန်းလို့ မဟုတ်ပါဘူး။ (ပြေးလို့မှမလွတ်ဘဲ အမေရယ်)၊

အဲဒီရန်သူ ၃ ယောက်ကို 'တိုက်စစ်' ဆင်ဖို့ ရဲဘော်ရဲဘက် ရှာလိုက်တာ ကျွန်တော့်မှာ ရဲဘော် ၃ ဦးတွေ့တယ် အမေ။

ကံ

ဉာဏ်

ဝီရိယ... ဆိုတဲ့ ရဲဘော် (၃) ဦးပေါ့။

ကျွန်တော့်ရဲ့ကံ။ ကျွန်တော့်ရဲ့ဉာဏ်။ ကျွန်တော့်ရဲ့ ဝီရိယ စွမ်းအားတွေနဲ့ အဲဒီ "အို"၊ "နာ"၊ "သေ" ဆိုတဲ့ ရန်သူစစ်စစ်တွေကို တိုက်စစ်ဆင်ဖို့ (တကယ်) ဖြစ်နိုင်ပါ့မလား။ ကျွန်တော် နိုင်,နိုင်ပါ့ မလား၊ စဉ်းစားရင်း သွေးပျက်တုန်လှုပ်နေပြီ အမေ။

တိုက်ကိုတိုက်ရမယ်။ တိုက်မှဖြစ်မယ်။ နိုင်အောင်တိုက်ရမယ် ဆိုတဲ့ "အသိ" ကျွန်တော့်မှာရှိပါတယ်။ ဒါပေမဲ့ နိုင်အောင်တိုက်နိုင်တဲ့ တရား ကျွန်တော့်မှာ ရှားပါးနေတယ်၊

'အသိ' ရှိရုံနဲ့ မပြီးဘူး၊ 'တရား' ပါ ရှိမှဖြစ်မယ်။ အသိနဲ့ တရား ပူးပေါင်းရင်း 'အသိတရား' အပြည့်နဲ့ တိုက်စစ်ဆင်မှ နိုင်ပါလိမ့်မယ်။

❀

လူ(ပုထုဇဉ်)တွေထဲမှာ ကျွန်တော့်ရန်သူမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် 'တိုက်စစ်' ဆင်ရမယ့် ရန်သူစစ်စစ်တွေကို အနိုင်ယူဖို့ 'အသိတရား' အများကြီးလိုတယ်။ လိုအပ်နေတဲ့ 'တရား' ဘယ်မှာများလဲ အမေ။

"တရားရှာ ကိုယ်မှာတွေ့"တဲ့။

ကျွန်တော့်ခန္ဓာကိုယ် ရှင့်၊ အို့၊ ပြို့၊ လဲ၊ သွေးကျွဲကျွဲတွေ အေးခဲပြီး တုန်လှုပ်နေဆဲပါ အမေ။

ရန်သူကို တွေ့မြင်နေပါလျက် နိုင်အောင်မတိုက်နိုင်ခဲ့ရင် ကျွန်တော့်ကို လူညံ့လို့ ပြောရက်မှာလား အမေ။

❀

သိသာသိပြီး မရှိတဲ့ 'တရား'...

ကျွန်တော့်အား ပေးသနားပါ ချစ်သော မေမေ...။

July, 2005

(ကလျာ မဂ္ဂဇင်း)





# ထိုင်ချက်



www.burmeseclassic.com

www.burmeseclassic.com



၁။

မေ…

သား ငယ်ငယ်တုန်းက ရန်တွေဖြစ်ခဲ့ဖူးတယ်။ ရန်ဖြစ်လို့ ခေါင်းပေါက်သွားရင်တောင် အဲဒီခေါင်းပေါက်တဲ့ဒဏ်ရာအတိုင်း သွေးတစိုစိုနဲ့ အိမ်ပြန်ရခဲ့တယ်။ ဘာဖြစ်လာတာလဲလို့ ဖေဖေကမေးရင် ရန်ဖြစ်လာတာပါလို့လည်း သားမပြောဘူး။ ဘယ်သူဘယ်ဝါက ခဲနဲ့ပေါက်လိုက်တာပါလို့လည်း သား တိုင်မပြောဘူး။ စစ်တိုက်တမ်းကစားရင်း ချော်လဲပြီး ခေါင်းပေါက်သွားတာပါလို့ပဲ သားဖြေခဲ့ဖူးပါတယ်။

ဒါပေမဲ့ တချို့ကောင်တွေကာ အဲဒီလိုမဟုတ်ဘူး ဖေဖေကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ကိုယ် ရန်ဖြစ်ပြီး သူတို့ကွဲပြတဲ့အခါ အိမ်ကို လာလာတိုင်ကြတယ်။ မိဘလက်ကိုဆွဲပြီး ငိုကြီးချက်မနဲ့ အတိုင်အတောထူကြတယ်။ (အဲဒီကောင်တွေ ယောက်ျားကောင်းမဟုတ်ဘူး ဖေဖေ။)

နောက်ပိုင်းတွေမှာ ရန်ဖြစ်ကြတော့မယ့်အခါတိုင်း ကျောင်းစင်းတစ်ခုမှာချိန်းတယ်။ 'အိမ်မတိုင်ကြေး' လို့ သဘောတူညီချက်ယူပြီးမှ ထိုးကြကြိတ်ကြတယ်။ ဒါပေမယ့် ဖေဖေရယ်... သူတို့ခံရတဲ့အခါတိုင်း အိမ့်ကို လာတိုင်ကြတာပါပဲ။

အတိုင်အတောထူတဲ့သူတိုင်းကို အဲဒီအချိန်၊ အဲဒီအရွယ်ကတည်းက သား ရွံမုန်းခဲ့သူပါ ဖေဖေ။ 'ဆရာမနဲ့တိုင်ပြောမှာနော်' ဆိုတဲ့ ကန္တကယ စကားမျိုး၊ 'ငါတို့အဖေနဲ့တိုင်ပြောမှာနော်' ဆိုတဲ့ မိန်းမလျာလေသံမျိုးတွေ သား တစ်ခါမှမပြောဖူးခဲ့ဘူး။

တစ်စုံတစ်ဦးကို အားကိုးတကြီး တိုင်တာတောတာထက် ကိုယ်တိုင်အရေးယူ ထိုးကြိတ်ပစ်လိုက်ရတာကို ကျွန်တော် ပိုပြီး အားရတယ်။ (တိုင်တောတယ်ဆိုတာ မိန်းမဆန်တဲ့ ကောင်တွေရဲ့ အလုပ်လို့ သား လုံးဝစွပ်စွဲပစ်လိုက်ပါတယ် ဖေဖေ...။)

❀

လူတွေဟာ ဘယ်လောက်အထိ အတိုင်အတောထူတတ်ကြသလဲဆိုရင် လမ်းဘေးမှာ လူငယ်တွေ ဂစ်တာတီးပြီး သီချင်းဆိုရင်လည်း တိုင်တယ်။ ရပ်ကွက်ထဲမှာ ဘောလုံးသေးသေးလေးနဲ့ ဘောလုံးကစားရင်လည်း တိုင်တယ်။ လမ်းမပေါ်မှာ ဈေးရောင်းတာတောင်





အိမ်မျက်နှာစာမှာ ရှုပ်လို့ဆိုပြီး တိုင်တယ်။

ကိုယ့်ထက်သာ မနာလိုစိတ်တွေနဲ့...။

တစ်ယောက်အပြစ် တစ်ယောက်ရှာပြီး တိုင်လိုက်တောလိုက်ကြတာတွေ ကြား၊ သိ၊ မြင်၊ တွေ့ရဖန်များလာတော့ တိုင်တတ်တောတတ်တဲ့လူတွေကို သား ရွံရှာမိခဲ့ပါတယ် ဖေဖေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၂။

ဖေဖေ...။

ဖေဖေကွယ်လွန်သွားတဲ့အထိ ဖေဖေ့ဘဝတစ်သက်မှာ ဖေဖေနဲ့ သားနဲ့ နှစ်နာရီပြည့်အောင်တောင် စကားမပြောဖြစ်ခဲ့ကြပါဘူး။

"ငါ့သားကို ငါ အရမ်းချစ်တယ်ကွာ" ဆိုတဲ့စကားမျိုးလည်း ဖေဖေ သားကို တစ်ခါမှမပြောဖူးခဲ့ပါဘူး။ "ဖေဖေ့ကို သား အရမ်းချစ်တယ်" လို့ သားလည်း မပြောခဲ့ပါဘူး ဖေဖေ။ ဒါပေမယ့် သားကို အရမ်းချစ်တယ်ဆိုတာ သားသိပါတယ်။ ဖေဖေ့ကို သား အရမ်းချစ်တယ်ဆိုတာလည်း အားလုံးသိကြပါတယ်။

သား ဘယ်နေရာကို ဘယ်လိုရောက်ရောက်၊ မိသားစုနဲ့ဝေး





ရာကို ဘယ်လိုထွက်သွားသွား။ (တစ်မျိုးလုံး၊ တစ်ဆွေလုံး၊ တစ်မိသားစုလုံးမှာ) သားရှိတဲ့နေရာတိုင်းကို ချွေးတရွှဲရွှဲနဲ့ ရောက်ရောက်လာတာက တော့ ဖေဖေတစ်ယောက်တည်းပါ။

2004. Jan 27 ရက်၊ 00:35 နာရီအချိန်မှာ... ၂လဲ

ဖေဖေ လူ့လောကထဲက ထွက်ခွာသွားပြီ။ ရှိနိ၊

ဖေဖေရှိတုန်းက ဖေဖေနဲ့ စကားအကြာကြီး မပြောဖြစ်တဲ့ကောင်၊ အတိုင်အဖောမထူတတ်တဲ့ကောင်၊ အခု ဖေဖေမရှိတော့တဲ့ အချိန်ကျမှ ဖေဖေနဲ့ စကားတွေ (အများကြီး) ပြောချင်လာတယ်။ ပြီးတော့ လောက လူ့ရှာရဲ့ အပိအစီးတွေအောက်က လူတစ်ယောက်ရဲ့ ရင်ထဲက စကားလုံးတွေနဲ့ မကျေနပ်သမျှ ခံစားရသမျှတွေ ဖေဖေကို တိုင်တည်ပြီး ဖေဖေနဲ့ တိုင်ပြောချင်လာတယ်။

သူတစ်ပါး အတိုင်အဖောထူရင်တောင် နှာခေါင်းရှုံ့တတ်တဲ့ သား၊ အခု ဖေဖေ့ကို တိုင်ပြောရင်ဖွင့်ပါရစေလား ဖေဖေရယ်။

❀

အသက်ခုဝယ့်လေးငါးနှစ်မှာ သားတို့ရပ်ကွက်ထဲ သူခိုးပူတယ်။ တစ်ညမှာ (ည ၁၂ နာရီလောက်) သား ပုတီးစိပ်နေတယ်။ အမှောင်ထဲမှာ စိပ်နေတာဆိုတော့ ပုတီးလုံးနဲ့ ကြမ်းပြင်ထိတဲ့အသံဟာ အိပ်ပျော်နေတဲ့ ဖေဖေ့ကို နိုးသွားစေတယ် ထင်ပါရဲ့။

"ဘယ်သူလဲ" တဲ့ ဖေဖေမေးတယ်။ "သားပါ" လို့ ကျွန်တော် ပြန်မဖြေဖြစ်ဘူး။ မေးတာကိုမဖြေတော့ တချောက်ချောက် အသံရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖေဖေ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။

ဘုရားကျောင်းဆောင်ရှေ့ အမှောင်ထဲမှာ တင်ပလ္လင်ခွေထိုင်ပြီး ကိုတင်အပြည့်နဲ့ ပုတီးစိပ်နေတဲ့ ကျွန်တော့်ကိုတွေ့တော့ ဖေဖေ နှိပ်ဓာတ်မီး ပိတ်ပစ်လိုက်တယ်။ ပြီးတော့ ဖေဖေ မအိပ်တော့ဘူး။ ကျွန်တော့်အနားမှာ လာထိုင်ပြီး ယပ်တောင်ခတ်ပေးနေတယ်။ အဲဒီနေ့ရဲ့ နောက်တစ်နေ့ညကစပြီး (ဖေဖေဟာ အိပ်ရာထဲ ဗုန်းဗုန်း မလဲခင်အထိ) အိမ်နဲ့ခပ်ဝေးဝေးမှာရှိတဲ့ ကိုးထပ်ကြီးဘုရားမှာ ညတိုင်း ညစဉ် တရားအားထုတ်တဲ့အလုပ်ကို လုပ်ပါတော့တယ်။

❀

ဘုရားရင်ပြင်တော်မှာ သားအဖနှစ်ယောက်တွေ့ရင်တောင် ရယ်ပြုံး ပြုံးပြတာမျိုးမရှိဘူး။

"ဖေဖေ ဆိုက္ကားနဲ့ပြန်မှာလား"

"နေပါစေ၊ လမ်းလျှောက်ပြီးပြန်မယ်"

"သား စောင့်နေရဦးမလား"

"မစောင့်နဲ့၊ မင်းဘာသာပြန်"

"ဖေဖေ တရားထိုင်ရင် အခင်းမပါဘဲ မထိုင်သင့်ဘူး"

"မလိုပါဘူးကွာ၊ အဓိက,က စိတ်ပါပဲ"

သားအဖနှစ်ယောက် စိတ်ချင်း နှလုံးသားချင်းသာ တူတာပါ။ စကားအပြောအဆို ချွဲချွဲပျစ်ပျစ် တရင်းတနှီး မရှိခဲ့ကြပါဘူး။ ဖေဖေ





ကလည်း စကားနည်းတယ်၊ သားကလည်း မိသားစု၊ ဆွေမျိုးသားချင်းတွေနဲ့ စကားများများ မပြောချင်တဲ့ကောင်။

❀

ဘယ်လောက်တောင် သား ကိုယ့်ကိုယ်ကို အထင်ကြီးမိခဲ့သလဲ ဆိုရင် ဖေဖေ(ကင်ဆာ) ရောဂါနဲ့ အိပ်ရာပေါ်မှာ စစ်ခင်းနေတဲ့အချိန်၊ ဖေဖေ သတိလက်လွတ်ဖြစ်ပြီး အာရုံများမှာစိုးလို့ သတိကြီးဖို့၊ ဝီရိယ စိုက်ပြီး နှလုံးသွင်းဖို့၊ သမာဓိတည်ဖို့၊ ခန္ဓာကိုယ်ရဲ့ ဝေဒနာ (ဖြစ်ပျက်) တိုင်းကို ပွဲကြည့်သလိုကြည့်ဖို့ သား ဆရာလုပ်ခဲ့မိပါတယ် ဖေဖေ။

ဒါပေမယ့် ဖေဖေရယ်...

ဖေဖေဆုံးပြီးတဲ့နောက် ဖေဖေ့ ဒိုင်ယာရီစာအုပ်ကို ဖွင့်မိတော့မှ သား(တစ်ယောက်တည်း) ရှက်သွားရတော့တယ်။

"မဝေးသောနိဗ္ဗာန်ကို အသွားရခက်သည်။

အခိုးမထွက်သော ရာဂမီးသည် အငြိမ်းရခက်သည်။"

ဖေဖေ့လက်ရေးနဲ့ရေးထားတဲ့ အဲဒီစာကြောင်းတွေကိုဖတ်ပြီး သား တကယ်ရှက်သွားတာပါ ဖေဖေ၊ တစ်ခုခု သိပြီးသား ဖေဖေ့ကို သိမသွားမှာစိုးလို့ အနားကနေ ဘတွတ်တွတ် သတိပေးခဲ့မိတာ မိကျောင်းမင်း ရေခင်းပြသလို ဖြစ်ခဲ့ရပါတယ်။

ဖေဖေ့ရဲ့ နောက်ဆုံးအာရုံအတွက် ပြောမှားဆိုမှားရှိခဲ့ရင် သားကို အရမ်းခွင့်လွှတ်ပေးပါ ဖေဖေ...။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



၃။

ဖေဖေ...

သား တိုင်ပြောတော့မယ်နော်။

အိမ်မှာ ဖေဖေရှိတုန်းကလိုပဲ စကားတွေအကျယ်ကြီးပြောပြီး ရန်ဖြစ်လိုက်၊ အော်လိုက်ဟစ်လိုက်ကြတွေ ဖြစ်နေကြသေးတယ်။ (ဖေဖေ သေသွားတယ်၊ လူ့လောကကြီးထဲမှာ ပျောက်ပျောက်သွားပါရဲ့ လား၊ ကိုယ့်ဘဝကိုယ် စိတ်တိုင်းကျသွားပါရဲ့လားလို့ သား မမေးဖြစ် လိုက်မိဘူး။)

ဖေဖေ... သားတစ်ယောက်တည်းရဲ့ ခံစားချက်ကို ပြောပါရ စေ။





ဖေဖေရှိနေတုန်း 'မရှိရင်' လို့ မတွေးဖြစ်ခဲ့ပေမယ့်...

ဖေဖေမရှိတော့တဲ့အခါကျမှ "ဖေဖေသာရှိရင်ကွာ" လို့ သား ရင်နင့်နင့်နဲ့ တွေးမိတတ်ပြီ ဖေဖေ၊

ရှိနေတုန်းက ဘာမှမထူးခြားပေမယ့် မရှိတော့တဲ့အခါကျမှ ဘာမှမရှိတော့သလို ခံစား ရတဲ့ ဒါကြောင့် သားမိုက်တွေရဲ့ နောင်တ များလား ဖေဖေ။

❀

သားဘဝရဲ့ လောကဓံတွေ၊ သားဘဝရဲ့ မကျေနပ်ချက်တွေ၊ သားဘဝရဲ့ ပေးဆပ်မှုတွေအကြောင်းကို ဖေဖေသိအောင် သား မပြောပြဖြစ်ခဲ့ဘူး။

ကျွန်တော်ရင်ဆိုင်ခဲ့ရတဲ့ နေ့ဆိုးတွေအကြောင်း၊ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ခရောင်းလမ်းတွေအကြောင်း၊ ကျွန်တော် ပတ်သက် ခဲ့မိတဲ့ မိတ်ဆွေတုတွေအကြောင်း၊ ဖေဖေ့ကို ပြောမပြဖြစ်ခဲ့ဘူး။ ကျွန်တော်ကသာ လူတွေအတွက် အသက်ပေးပြီး စတေးခဲ့ရတာတွေ တော်တော်များများရှိခဲ့ပေမယ့် ကျွန်တော့်အတွက် အနစ်နာခံပေးတဲ့သူ တစ်ယောက်မှမရှိခဲ့ဘူး ဖေဖေ၊

ဒါတွေကို တွေးတွေးပြီး ခံစားရလွန်းလို့ ဖေဖေ့ကို သား ရင်ဖွင့်တာ မဟုတ်ပါဘူး။ ဖေဖေရှိစဉ်က ပြောမပြဖြစ်ခဲ့လို့ ကိုယ့်ကိုယ် ကို ကလေးတစ်ယောက်လို သဘောထားပြီး ဖေဖေ့ကို တိုင်ပြောတာပါ။

❀



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ဒုက္ခတွေက
ကြီးမားသော ရည်မှန်းချက်တွေကို
မွေးဖွားပေးပါတယ်။

ယက်(ဗ)တူရှင်ကို
(ရုရှားကဗျာဆရာ)

ဒုက္ခပေါင်းစုံနဲ့တွေ့တိုင်း အဲဒီဒုက္ခတွေကို ဒုက္ခလို့ မတွေးတော့ဘဲ ငါ့ရည်မှန်းချက်ကိုရောက်ဖို့ အရည်အချင်းစစ်ပေးနေတဲ့ (အရည်အချင်းစစ်) စာမေးပွဲတွေလို့ သား ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းဖြစ်ပါတယ်။

ငယ်ငယ်တုန်းကတော့ ရန်ဖြစ်ရင်ပဲဖြစ်ဖြစ်၊ တခြားပြဿနာတွေကိုပဲဖြစ်ဖြစ် ရင်ဆိုင်ရတဲ့အခါ 'အနိုင်–အရှုံး' ကိုပဲ ဦးစားပေးပြီး စဉ်းစားပြီး မနိုင်၊ နိုင်အောင် ပြုမူခဲ့ပါတယ်။ (အခုတော့ 'အနိုင်–အရှုံးထက် 'အမှန်–အမှား' ကိုပဲ စိတ်ဝင်စားတော့တယ်။)

တချို့ကိစ္စ တွေမှာ ဘယ်ဟာအမှန် ဘယ်ဟာအမှားဆိုတာကို ကွဲကွဲပြားပြား လက်ခံသိရှိဖို့ ဉာဏ်ပညာတွေ အများကြီးလိုတယ်ဆိုတာ တွေးဖြစ်ပြီး သားရှုံးနေရင်တောင် ရှုံးနေတယ်လို့ မယူဆဘဲ အမှန်တရားကို ခေါက်သိမ်းပြီး ငြိမ်ငြိမ်သက်သက်နေတတ်ခဲ့ပြီ ဖေဖေ...။

❀❀❀





၄။

သားနဲ့နီးစပ်ရာ အသိုင်းအဝိုင်းတချို့မှာ မိဘပိုင်ပစ္စည်းတွေကို သားသမီးတွေက အလုအယက် ခေစုခွဲနေကြတယ်။ တချို့ဆို အမေ ငုတ်တုတ်ရှိလျက်နဲ့ အမေအသေရင် အမေမတည့်မှာစိုးလို့ဆိုပြီး ကြိုတင် အမွေလုနေကြတယ်။

အမွေပစ္စည်းဆိုတာ လုယက်ခွဲဝေဖို့ မဟုတ်ဘူး။
မပျောက်ပျက်အောင် ထိန်းသိမ်းရမယ့်အရာဆိုတာ...
မေ့လျော့နေတတ်ကြတယ်။

❀



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချွေး၊ ကိုယ့်သွေး၊ ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်ဉာဏ်စွမ်းအား တစ်ပြားသားမျှမပါဘဲ ဘယ်ပစ္စည်း၊ ဘယ်အခွင့်အရေးကိုမှ မမက်သင့်ဘူးဆိုတာ သားပြောပြခုင်ပါတယ် ဖေဖေ။

❀

ဖေဖေမသေခင်က ပေးခဲ့တဲ့ ရွှေရည်သုတ်မြေအိုးလေးထဲမှာ သား သပြေညွန့်တွေ ထိုးစိုက်ထားတယ်။ မေမေပေးထားတဲ့ ငွေရည်သုတ် မြေအိုးလေးထဲမှာလည်း သပြေညွန့်တွေ ထိုးစိုက်ထားတယ်။

အဲဒီမြေအိုးလေးနှစ်လုံးရယ်၊ ဖေဖေ့ ဒိုင်ယာရီစာအုပ်လေးရယ်၊ ဖေဖေ့ခါတ်ပုံရယ်...

အဲဒါတွေဟာ တစ်ဆွေလုံး တစ်မျိုးလုံးကို အသိပေးပြီး သား ရယူထားတဲ့ အမွေပစ္စည်းတွေပါ ဖေဖေ။ မြေအိုးလေးနှစ်အိုးကိုတောင် ကျမကွဲအောင် မနည်းထိန်းသိမ်းရမှာမို့လို့ ကျန်တဲ့ရုပ်ဝတ္ထုပစ္စည်း တွေကို သား (လုံး၀) (လုံး၀) စိတ်မဝင်စားပါဘူး။ ဒါကို ဖေဖေလည်း သိတန်သလောက်သိသွားပါလိမ့်မယ်။

❀

တချို့က ဘဝနောင်ရေးအတွက်ဆိုပြီး ဥစ္စာပစ္စည်းတိုင်းကို ကိုယ်နဲ့ တန်မတန် မတွက်ဆဘဲ မရမက အလုအယက် အရယူကြတယ်။

တကယ်တော့...





အိုခြင်း... နာခြင်း... သေခြင်းကို ဘယ်လိုအရည်အချင်း၊ ဘယ်လို 'စိတ်' စွမ်းအားနဲ့ နှလုံးသွင်းရင်ဆိုင်မလဲဆိုတဲ့ကိစ္စသာလျှင် နောင်ရေး (စစ်စစ်) ပါ။

အခုအချိန်ထိ သား အိမ်ကျကျ မအိပ်ဘူးသေးပါဘူး ဖေဖေ။ ဖြစ်သလိုနေတယ်၊ ဖြစ်သလိုစားတယ်။ ဖြစ်သလိုအိပ်တယ်။ မွေ့ရာထူထူကြီးပေါ်မှာ အိမ်ကျကျအိပ်ဖို့၊ သေသေအေးစက်တွေ၊ ပန်ကာတွေ၊ တခြား စက္ကူပသာဒဖြစ်စေမယ့် နောက်ဆုံးပေါ်ပစ္စည်းတွေ၊ ဆက်သွယ်ရေး ကိရိယာတွေ ကို ဟန်ပန်အပြည့်နဲ့ သုံးစွဲဖို့ သား ရှက်နေပါတယ် ဖေဖေ။ (ပြီးတော့ ဘဝတူသင်းရဲ့ပသားတွေကိုလည်း အားနာလို့ပါ)

ဘာမှမရှိရင် ဘာမှမပူပင်ရဘူးဆိုတဲ့ ချမ်းသာမှုကို...

အခုအချိန်အထိ သား လက်ကိုင်ထားဆဲပါ။

❀

သားရဲ့စိတ်ကို သားရဲ့အနီးအနားက လူတွေမြင်ဖို့,သိဖို့အတွက် ရင်ခွဲပြဖို့ အစီအစဉ်မရှိသေးဘူး ဖေဖေ။ (ရင်ခွဲပြရင်လည်း ရင်ဘတ်ကြီး ဟက်တက်ကွဲသွားရုံပဲ အဖတ်တင်မယ်။)

ဘယ်သူမြင်မြင်၊ မမြင်မြင်၊ ဘယ်သူသိသိ၊ မသိသိ၊ ကိုယ့်ကိုယ်ကို သိနေဖို့သာ ပိုအရေးကြီးပါတယ်။

❀

သားသုံးဆောင်နေတဲ့ အသုံးအဆောင်တွေအားလုံးဟာ ထိုချွင်လွန်းလို့ ရှာဖွေထားတာ မဟုတ်ပါဘူး ဖေဖေ။ လိုအပ်လို့သာ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ အရာတွေပါ။ နောက်ဆုံး သားစားနေတဲ့ထမင်းကအစ၊ သား မမြင်ဖူးတဲ့ ခုနှစ်ရက်သားသမီး (ပရိသတ်)တွေ ကျွေးနေတဲ့ ထမင်းလို့ သား လက်ခံယုံကြည်ထားတာပါ။

မမြင်ရတဲ့ ခုနှစ်ရက်သားသမီးတွေကျွေးတဲ့ထမင်းကို သားနဲ့ အတူစားမယ့်သူဟာ လိပ်ပြာသန့်ဖို့လိုတယ် မေမေ။ ထမင်းတစ်လုပ်ကို ပဲဖြစ်ဖြစ်၊ တခြား ရုပ်ဝတ္ထုပစ္စည်းတွေအပေါ်ကိုပဲဖြစ်ဖြစ် မက်မက် မောမော (တပ်မက်) သုံးစွဲမိရင် အဆိပ်သင့်လိမ့်မယ်။

ဖဖဖ





၅။

မင်းအောင်မြင်နေပြီလို့ပြောရင် သား လက်ခါပြတတ်တယ်။ ဒါမှမဟုတ် ပြုံးရုံသာ ပြုံးနေလိုက်တယ်။ နာမည်ရှိတုန်း ငွေကို ရသလောက်ရှာထားသို့ အကြံပေးတဲ့သူကို သား အရမ်းစိတ်ဆိုးတယ်။

သား အရှုံရှာဆုံးမေးခွန်းကတော့

"အနုပညာကြေး ဘယ်လောက်ရသလဲ"

ဆိုတဲ့ အမေးစကားပါပဲ မေမေ။

"ချစ်သူအပေါ်ထားတဲ့ တန်ဖိုးရယ်၊ အနုပညာ အပေါ်ထားတဲ့ တန်ဖိုးရယ်ကို ကျွန်တော် ဘယ်တော့မှ ကြေးနဲ့မှ မသတ်မှတ်ထားဘူး၊ တန်ဖိုးဖြတ်မထားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုခင်ရင် မမေးပါနဲ့"

လို့ ပြုံးပြုံးရယ်ရယ် ခြေပြောဖြစ်ပေမယ့် ရင်ထဲမှာတော့ ဆတ်ဆတ်ခါအောင် အရမ်းနာတယ် ဖေဖေ။

❀

တချို့လူကုံထံအသိုင်းအဝိုင်းတွေရဲ့ သမီးတောင်းပွဲ (စေ့စပ်ပွဲ) တွေမှာ သတို့သမီးကို သတို့သားက စိန်၊ ပတ္တမြား နီလာ...၊ ရတနာကိုးပါး တစ်ဆင်စာ၊ နှစ်ဆင်စာ၊ သုံးဆင်စာ စသဖြင့် ထိုက်ဘယ်နှလုံး၊ ကားဘယ်နှစီး၊ ရွှေငွေ ဘယ်၍ဘယ်မျှ တင်တောင်းတတ်ကြသတဲ့။

ဒါဆို အဲဒီသတို့သမီး (အဲဒီမိန်းကလေး)ရဲ့ တန်ဖိုးဟာ အဲဒီလောက်နဲ့ ပြီးသွားပြီလား။ အဲဒီလောက်ပဲ တန်သလား။

သားကတော့ သားရဲ့ချစ်သူကို ဘယ်ရတနာ၊ ဘယ်ရွှေငွေနဲ့မှ တင်တောင်းဖြစ်မှာမဟုတ်ဘူး။ သူ့ကိုချစ်တဲ့ 'စိတ်' တစ်ခုတည်းနဲ့ တင်တောင်းပစ်လိုက်ချင်တယ်။ (သဘောတူကြပါ့မလား။ လူ့အသိုင်းအဝိုင်းက လက်ခံကြပါ့မလား။)

ကျွန်တော့်ချစ်သူကို ကျွန်တော်...

အခုအချိန်အထိ တန်ဖိုးဖြတ်မထားဘူး၊ သူ့အတွက် သားမှာ ပေးဆပ်နိုင်တာ၊ ပေးဆပ်ရဲတာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ သားရဲ့ 'စိတ်'၊ ဒါမှမဟုတ် 'အသက်'။

အဲဒီလိုပဲ သားရဲ့အနုပညာကိုလည်း သား ဘာတန်ဖိုးမှ





ဖြတ်မထားဘူး။ အနုပညာအတွက် ပေးဆပ်ဖို့ အဲဒီ 'စိတ်'၊ အဲဒီ 'အသက်' အဆင်သင့်ရှိနေတယ် ဖေဖေ။

အနုပညာကြောင့်ရရှိလာတဲ့ဂုဏ်ပုဒ်စွည်းတိုင်းအပေါ် သား (လုံးဝ) မမက်မောဘူး။ အဲဒီသစ္စာစကား မှန်ကန်ရင် သားချစ်တဲ့ဖေဖေ သံသရာခရီးက ပြီးဆုံးပါစေ၊ သားကိုယ်တိုင်လည်း (သံသရာမှာ ကျင်လည်နိုင်သေးတာမို့) ဖြစ်လေရာ ဘဝတိုင်း 'ချစ်သူနဲ့ကွေကွင်းရခြင်း ဒုက္ခ၊ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းနေထိုင်ရခြင်း ဒုက္ခ' တို့မှ ကင်းလွတ်ပြီး ဝိပဿနာတရားအပေါင်းမှ ကင်းဝေးရပါလို၏။

❀❀❀



www.burmeseclassic.com

၆။

ဟိုး ငယ်ငယ်တုန်းက ဘယ်သူ့အပေါ်မှာမှ ကျွန်တော် မကောင်းခဲ့ဘူး။ ပါးရိုက်ရင် နားကိုက်ချင်တဲ့စိတ်နဲ့ အပြိုင်အဆိုင်တိုင်းကို အနိုင်ပိုင်းပစ်ခဲ့တယ်။

အရွယ်ရောက်လာတော့ အားလုံးအပေါ် ကောင်းအောင် ကျွန်တော် ကြိုးပမ်းခဲ့တယ်၊ အတူးကြိုးပမ်းခဲ့ရပါတယ်။

ဒါပေမယ့် အရာမထင်ခဲ့ဘူး။ ချီးကျူးခြင်းထက် ကဲ့ရဲ့ခြင်းက ပိုပိုများလာတယ်။ မနာလိုစိတ်နဲ့ အတိုက်အခိုက်တွေ ပိုပိုတိုးလာတယ်။ မက်မောစိတ်နဲ့ အလုအယက်တွေ လှိုင်လှိုင်ပေါ်လာတယ်။

ဒါပေမယ့်...





သား မတွန့်လှုပ်ခဲ့ပါဘူး ဖေဖေ။ ထပ်ပြီး ကြိုးစားကြည့်ချင်ပါသေးတယ်။ (လူတွေကို ကူညီခဲ့ရလွန်းလို့ ကိုယ်ကိုယ်တိုင် ပြဿနာပေါင်းများစွာနဲ့ ရင်ဆိုင်ခဲ့ရတာတွေ အများကြီးပဲ ဖေဖေ။)

ဟိုး...တလောက အမျိုးသမီးတစ်ယောက် သူ့ခင်ပွန်း ဆေးရုံတင်ရမှာမို့ သားဆီမှာ ငွေအကူအညီလာတောင်းတယ်။ သားမှာ ငွေမရှိဘူး။ အဲဒါနဲ့ သားရဲ့ရွှေလက်ပတ်ကြိုး ဖြုတ်ပေးလိုက်တယ်။

ချစ်သူ၊ ညီအစ်ကိုမောင်နှမ၊ ခင်ရာမင်ကြောင်းတွေက သားကို အပြစ်တင်ကြတယ်။ မေမေကလည်း အပြစ်တင်ဖို့ ပါးစပ်ဟာသေးတယ်။

"မေမေ အဲဒီလူနာက ဖေဖေ့လို့ အသည်းကင်ဆာဖြစ်နေတာ"

လို့ သားကပြောလိုက်တော့မှ မေမေ ဘာမှမပြောတော့တာပါ။

ချစ်သူကတော့ အဲဒီကိစ္စအပါအဝင် တခြားကိစ္စတွေအားလုံးအတွက် အိမ်က သင်ပုန်းဖြူပေါ်မှာ စာကြောင်းတွေရေးသွားတယ်။

"ကိုကို

ဒုက္ခရောက်နေတဲ့သူတွေကိုကူညီရင်း လောကကြီးမှာ ကိုယ်ကိုယ်တိုင် ဒုက္ခရောက်သွားကြရတဲ့သူတွေ အများကြီးပဲ"

စိန်သရဖူ စာပေ

www.burmeseclassic.com



ဖေဖေ…။

သူတစ်ပါးကို ကူညီမိလို့ သားကိုယ်တိုင် ပြဿနာတက်ခဲ့ရတာ တွေ အများကြီးပါ။

"နှင့်အလှည့်ကျတော့ ဘယ်သူကူညီလို့လဲ"

ဆိုတဲ့ မေးခွန်းတွေကို သား ပြန်မဖြေဖြစ်ခဲ့ဘူး။

ဘာတုံ့ပြန်မှုမှ မမျှော်လင့်ဘဲ ကူညီမိတဲ့ကိစ္စအပေါ်မှာ ဘာ ပြဿနာဖြစ်ဖြစ် သား ရင်ဆိုင်ရဲပါတယ် ဖေဖေ၊ ဘယ်သူ ဘာပြောပြော ဖေဖေ သာစုခေါ်ရင် သားကျေနပ်ပါတယ်။

✿

လူတွေကလည်း လူတွေပါပဲ ဖေဖေ။

မြေကမှ ဘယ်မြေအဆိပ်ရှိတယ်၊ ဘယ်မြေ အဆိပ်မရှိဘူး ခွဲခြားလို့ရတယ်။ လူတွေကို ဘယ်သူအဆိပ်ရှိတယ်။ ဘယ်သူ အဆိပ် မရှိဘူးဆိုတာ ခွဲခြားဖို့ ခက်လွန်းတယ်။

တိရစ္ဆာန်တိုင်း၊ ဘယ်တိရစ္ဆာန်က ကိုက်ဘတ်တယ်၊ ဘယ် တိရစ္ဆာန်က မကိုက်တတ်ဘူးဆိုတာ ခွဲခြားဖို့လွယ်ကူပေမယ့် လူ (ဘယ်လိုလူ) ဘယ်သူဟာ ထမင်းကျွေးတဲ့လက်ကို ကိုက်တတ်, ခဲ တတ်တယ်ဆိုတာ ခန့်မှန်းရခက်လွန်းပါတယ်။

✿

ဒီကြားထဲ 'ကတိဆိုတာလေ၊ စာချုပ်ဆိုတာစက္ကူ' လို့ သုံးနှုန်းခံယူ ယူ,ဆပြီး မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်





အချင်းချင်း မလိမ့်တပတ် ပြုမူရက်တဲ့သူတွေလည်း… လောကကြီး ထဲမှာ ရှိနေပြန်သေးတယ်။

ဖေဖေ…

သား လူတွေကို ဆက်ချစ်ရမလား။ ဆက်ပြီးခွင့်လွှတ်ရမလား။ တစ်ယောက်တည်းပဲ သီးသန့်နေလိုက်ရမလား။ မစဉ်းစားတော့ဘူး။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို တိုင်တည်ရင်ဖွင့်လိုက်ရလို့ ရင်ထဲမှာ နည်းနည်း တော့ ပေါ့သွားပါတယ် ဖေဖေ…။

✿

အတိုင်းအတောတရှင် ရှုံမှန်းတတ်တဲ့ ဖေဖေ့သား (ကျွန်တော်) အခု ဖေဖေ့ကို နည်းနည်း တိုင်ပြောမိပြီ။ ဖေဖေရော သား တိုင်ပြော တာကို ရှုံမှန်းသလားဟင်။ ခွင့်လွှတ်ပါ ဖေဖေရယ်…။ သား… ဘယ်မှာ တိုင်ပြောရမှန်းမသိလို့ပါ။

✿

(ဖေဖေ… သို့)

ကလျာမဂ္ဂဇင်း

၂၀၀၄ – စက်တင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး (ချင်းချောင်းခြံ)

# မာယာလေးဆယ့်တစ်

နှင့်

ရင်တွင်းဖွဲ့ ဝေဒနာများ

ဝတ္ထုတိုပေါင်းချုပ်



www.burmeseclassic.com